# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၇)၊ အမှတ်(၀၀၉)




ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအပေါ် ထောက်ခံကြိုဆိုသည့်အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကား ရေးဆွဲထားသည်ကို တွေ့ရစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်နေမှုအပေါ် ထောက်ခံကြိုဆိုသည့်အနေဖြင့် ပန်းချီ၊ ပန်းပုပညာရှင်များ အမှတ်တရ ပန်းချီရေးဆွဲ

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)**

**ရန်ကုန် အောက်တိုဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအပေါ် ထောက်ခံကြိုဆိုသည့်အနေဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး (ဗဟို)ပြခန်း၌ ပန်းချီ၊ ပန်းပုပညာရှင်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပုံတူပန်းချီကားများကို အမှတ်တရ ရေးဆွဲကြသည်။

"အမေ ဒေါ်အောင်ဆန်းစုကြည် လျှောက်လှမ်းနေတဲ့ ငြိမ်းချမ်းရေးခရီးစဉ်ကို ကြိုဆိုထောက်ခံတယ်။ နောက်တစ်ချက်ကတော့ အောက်စဖို့ဒ်တက္ကသိုလ်မှာရှိတဲ့ အမေ့ရဲ့ပန်းချီကားကို ဖယ်ရှားခံရတယ်။ အဲဒီလို ဖယ်ရှားခံရတာဟာ ကျွန်တော်တို့လို ပန်းချီအနုပညာရှင်တွေအနေနဲ့ တိုက်ရိုက်ပတ်သက်တယ်လို့ ယူဆတယ်။ ကျွန်တော်တို့ရင်ထဲမှာရှိတဲ့ အမေ့အပေါ်ယုံကြည်မှုကိုတော့ ဖယ်ရှားလို့မရပါဘူး။ အမေ ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီး တစ်ပြည်လုံးမှာလည်း ထောက်ခံပွဲတွေ လုပ်နေကြတယ်။ ဒါ့ကြောင့် ကျွန်တော်တို့တွေကလည်း အမေ့ကိုထောက်ခံတဲ့အနေနဲ့ အမေနဲ့ အတူရှိနေတယ်ဆိုတာကို ပြသချင်လို့ အခုလို လုပ်ဖြစ်ခဲ့တာပါ"ဟု မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး (ဗဟို)မှ ဘဏ္ဍာရေးမှူး ဦးနေအောင်ရှူက ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ☆

**ယနေ့ မာတိကာ**


ကယားပြည်နယ် ပန်ပက် ပဒေါင်ရွာသို့ လာရောက်လေ့လာသူများပြား စာ » ၈

ခုံတိုင်(မြို့)ရွာမီးရှို့ အကြမ်းဖက်သတ်ဖြတ်ခံရမှု ကမ္ဘာကိုသိစေချင် စာ » ၉

ရန်ကုန်မြို့နေပြည်သူများ စိတ်ဝင်စားမှုမြင့်တက်နေသည့် Yangon Water Bus ရေလမ်းကြောင်းခရီးစဉ်သစ် စာ » ၁၁


## ပထမဆုံးသော မြန်မာ့ရိုးရာလက်ဝှေ့အဆင့်မြင့်နည်းပြဆရာသင်တန်းဆင်း

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် အောက်တိုဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူးပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကာ မြန်မာ့ရိုးရာလက်ဝှေ့ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော မြန်မာ့ရိုးရာလက်ဝှေ့အဆင့်မြင့် နည်းပြသင်တန်းပြီးဆုံး၍ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ရာတွင် ရွှေငါးမူးသားပါရှိသော ရိုးရာလက်ဝှေ့အမှတ်အသားပါ ရွှေတံဆိပ်မှတ်တမ်းလွှာအား သင်တန်းသားများထံသို့ ပေးအပ်ချီးမြှင့်ခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၄* ✻



လက်ဝှေ့အမှတ်အသားပါ ရွှေတံဆိပ်


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

မြန်မာ့အလင်း

# နိုင်ငံတစ်ခွင် ဓာတ်အားဖြင့်အလှဆင်

အာဆီယံနိုင်ငံတစ်ခုဖြစ်သည့် ဗီယက်နမ်တွင် နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်း၊ မိမိတို့၏ အိမ်နီးချင်းဖြစ်သည့် ဘင်္ဂလားဒေ့ရှ်တွင် နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းတို့ ဓာတ်အားသုံးစွဲနိုင်နေသည့်အခြေအနေတွင် မိမိတို့နိုင်ငံတွင်မူ လူဦးရေ၏ သုံးပုံတစ်ပုံကျော်ကျော်ခန့်သာ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရနေသေးသည့် အခြေအနေဖြစ်သည်။ လျှပ်စစ်ဓာတ်သည် မိမိနိုင်ငံ ပြည်သူများသုံးစွဲရေးအတွက် လိုအပ်ချက်ရှိနေသေးသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများဝင်ရောက်လာရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့အတွက် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုလည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဓာတ်အားသုံးစွဲမှုမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး လာမည့်နှစ်အနည်းငယ်အတွင်း တိုးတက်လာမည့် ဓာတ်အားလိုအပ်ချက်အရ လက်ရှိထုတ်လုပ်နေသည့် ပမာဏထက် တစ်ဆခွဲခန့် ပိုမိုထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားထားသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နောက်ထပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ နေရောင်ခြည်သုံးဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်လျက်ရှိကြောင်းလည်း သိရသည်။ ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးရန်အတွက် ဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံများတည်ဆောက်ခြင်း စသည်တို့အတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏများစွာလိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်မရသေးသည့် ၆၀ ရာခိုင်နှုန်းကျော်သော နိုင်ငံ့လူဦးရေအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်မှာ အရှုံးပေါ်နေသည့် လက်ရှိအခြေအနေတွင် အခက်အခဲများစွာရှိကြောင်း၊ သို့အတွက် လျှပ်စစ်ဓာတ်အား တစ်ယူနစ်အတွက် နှုန်းထားကို ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်အရ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ဓာတ်အားမီတာခတိုး၍ ကောက်ခံမည်ဆိုသည့် သတင်းမျိုးမှာ ဓာတ်အားသုံးစွဲသူအများစုက ကြိုဆိုမည့်သတင်းမျိုး မဟုတ်သည်မှာ သေချာသည်။ နိုင်ငံရေးအရဆိုလျှင်လည်း လက်ရှိအစိုးရကို အပြစ်တင်ရန်၊ ထိုးနှက်ရန် လွယ်ကူသော အချက်တစ်ရပ်ဖြစ်လာစေသည်။ အခြားရှုထောင့်မှ ကြည့်လျှင်မူ နိုင်ငံလူဦးရေ၏ ထက်ဝက်မကသော ပြည်သူများ အမှောင်ထဲမှာပင် တစ်သက်တာနေခဲ့ရသည့်ဘဝမှ လွတ်မြောက်ရန်၊ စက်မှုလက်မှုလုပ်ငန်းများ ထူထောင်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာမှုတို့ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်အတွက် လုပ်သင့်လုပ်ထိုက်သည့် အလုပ်ကို လုပ်ရန်မှာ မလွဲမသွေလိုအပ်ချက်ဖြစ်သည်။ အထူးသတိမူသင့်သောအချက်မှာ “ယူနစ်အနည်းငယ်သာသုံးစွဲသည့် ပြည်သူများကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေသည့် ဈေးနှုန်း **(Affordable Price)** ဖြင့် ကောက်ခံရန်” စီစဉ်ထားသည်ဆိုသည့်အချက်အလက်ဖြစ်သည်။ ဤသည်မှာ “ပေါပေါရ၊ ပေါပေါသုံး” နေသည့်အနေအထားမှ “လိုအပ်သလောက်ကိုသာ စည်းကမ်းတကျသုံး” စေရန် ဦးတည်သွားလိမ့်မည်ဖြစ်သည်။ ဓာတ်အားကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခဝန်ပိသည့် အခြေအနေမျိုးမှ ရှောင်လွှဲနိုင်လိမ့်မည် ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး၊ ဖြန့်ဖြူးနိုင်ရေး၊ အကြောင်းကြောင်းကြောင့် ဓာတ်အားများ လေလွင့်ပျောက်ဆုံးမှု လျော့နည်းပပျောက်စေရေး၊ ဓာတ်အားပြတ်တောက်ခြင်း၊ ဗို့အားကျဆင်းခြင်း၊ မီးအားမနိုင်ခြင်း စသည့်ဖြစ်စဉ်များ မဖြစ်ပွားစေရေး၊ မီတာခဝန်ဆောင်မှုများ ခေတ်မီလာအောင် ပြုပြင်ပြောင်းလဲရေး စသည်တို့ကို သက်ဆိုင်ရာက ဆောင်ရွက်လျက်ရှိရာ ပြည်သူပါမှ အောင်မြင်မည်ဖြစ်သည့် အလျောက် နိုင်ငံတစ်ဝန်း ဓာတ်အားရရှိရေးကို မိမိတို့အရေးအဖြစ် နှလုံးသွင်းကာ ဝိုင်းဝန်းပါဝင်ကြရေး တိုက်တွန်းအပ်ပါကြောင်း။ ။




## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် အောက်တိုဘာ ၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၄ ဒသမ ၈၀ လက်မ၊ နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ၄ ဒသမ ၃၃ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၃ ဒသမ ၆၂ လက်မ၊ ပျဉ်းမနားမြို့(ဝဲကြီး)တွင် ၃ ဒသမ ၂၇ လက်မ၊ ဟဲဟိုးမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ တပ်ကုန်းမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် လှိုင်းဘွဲမြို့တွင် ၁ ဒသမ ၅၂ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ကလေးမြို့၏ ဒေသလက်ရွေးစင်ရွေးချယ်ပွဲ ကျင်းပ

**ကလေး အောက်တိုဘာ ၈**

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ Level-2 သို့ ယှဉ်ပြိုင်ရန် ကလေးမြို့၏ ဒေသလက်ရွေးစင် ရွေးချယ်ပွဲ ပထမအဆင့် (Level-1) ပြိုင်ပွဲကို အောက်တိုဘာ ၈ ရက် ည ၈ နာရီခွဲက ကလေးမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ **(ယာပုံ)**



အဆိုပါ သီချင်းဆိုပြိုင်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၊ ကလေးတပ်နယ်မှ နယ်မြေခံတပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ ငြိမ်းချမ်းရေးတေးဂီတဝါသနာရှင်ပြည်သူများ တက်ရောက်အားပေးကြသည်။

Level-1 အဆင့် ဒေသလက်ရွေးစင် ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်ပွဲစဉ်(၁)၊ ရန်ကုန်ပွဲစဉ်(၂)၊ နေပြည်တော်၊ မန္တလေး ၊ စစ်တွေ၊ ဘားအံမြို့တို့၌ ကျင်းပခဲ့ပြီး ယင်းမြို့များမှ ဒေသလက်ရွေးစင်သုံးဦးစီကို ရွေးချယ်ခဲ့ပြီးဖြစ်သကဲ့သို့ ကလေးမြို့၏ Level-1 အဆင့် ဒေသလက်ရွေးစင် ရွေးချယ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ၁၀ ဦး (Top-10)ထဲမှ ပထမ N. Naung၊ ဒုတိယ မကြူကြူခိုင်၊ တတိယ မရှန်းနေတို့ကို ရွေးချယ်ခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများသည် ငြိမ်းချမ်းရေး ဂီတပွဲတော် အဖွဲ့သားများ၊ စေတနာရှင် အလှူရှင်များနှင့်အတူ ကလေးမြို့နယ်ရှိ ပရဟိတလုပ်ငန်းဖြစ်သော သာစည်ကျေးရွာမိဘမဲ့ကျောင်းနှင့် အေးရိပ်မွန်မိဘမဲ့အမျိုးသမီးဂေဟာတို့သို့ သွားရောက်ကာ အာဟာရဖြည့်နံနက်စာ တည်ခင်းကျွေးမွေးခြင်းအပြင် ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းတို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဂျူနိုင်း**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၈-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၀၀/၇၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၅၀/၇၉၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ ・ ၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・ ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ ・ ၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ ・ ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အဆင့်မြင့်ပညာရေး ဆက်လက်သင်ယူနိုင်ရန် ပြည်သူနှင့်အတူ ကြိုးပမ်းဆောင်ရွက်နေ

**ရန်ကုန် အောက်တိုဘာ ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကနိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့တက်ရောက်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ကျင်းပသည့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုရကျောင်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးသင် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကနိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူတတ်မြောက်မှု အခွင့်အလမ်းမြင့်မားရေးအတွက် ကျောင်းအသစ်များ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း ၄၁၃၆၁ ကျောင်းရှိပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း ၄၆၄၉၃ ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ တိုးတက်လာသည့် ကျောင်းသား ကျောင်းသူများကို သင်ကြားနိုင်ရန် ဆရာ ဆရာမ အသစ်များကိုလည်း ခန့်အပ်ပေးခဲ့သည့်အတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဆရာ ဆရာမဦးရေ ၂၇၇၅၈၄ ဦးရှိရာမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဆရာ ဆရာမဦးရေ ၃၆၉၆၆၁ ဦးအထိ တိုးမြှင့်ခန့်ထားပြီး ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်လက်ခံခြင်း၊ အခက်အခဲအကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်ဆုံးရှုံးနေသူများကို ပညာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ မည်သည့်ငွေကြေး၊ လက်ဆောင်ပစ္စည်းကိုမျှ လက်မခံဘဲ စေတနာ၊ ဝါသနာ စိတ်ဓာတ်အပြည့်ဖြင့် အနစ်နာခံသင်ကြားလေ့ကျင့်ပေးသည့်အတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ရှစ်သန်းရှိသော်လည်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉ ဒသမ ၁ သန်းထိ တိုးတက်လာခဲ့ပါကြောင်း။

### ကြိုးပမ်းဆောင်ရွက်

ယခင်က ၁၁ တန်း အခြေခံပညာရေးစနစ်ကို နိုင်ငံတကာတွင် ကျင့်သုံးနေသည့် KG+12 အခြေခံပညာရေးစနစ်ကို စတင်ကူးပြောင်းနေပြီဖြစ်ပါကြောင်း၊ သူငယ်တန်းနှင့် မူလတန်း သင်ရိုးညွှန်းတမ်းများနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များကို ဂျပန်နိုင်ငံ JICA နှင့် ပူးပေါင်းရေးဆွဲလျက်ရှိပြီး အလယ်တန်း၊ အထက်တန်းသင်ရိုးညွှန်းတမ်းများကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ဥရောပသမဂ္ဂ(EU) တို့နှင့် ပူးပေါင်းရေးဆွဲလျက်ရှိပါကြောင်း၊ သူငယ်တန်းသင်ရိုးသစ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် Grade-1 သင်ရိုးအသစ်ကို စတင်သင်ကြားနေပြီဖြစ်ပါကြောင်း၊ Grade-12 အထိ သင်ရိုးညွှန်းတမ်းအသစ်များကို ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ရေးဆွဲပြီးစီးမည် ဖြစ်ပါကြောင်း၊ ယင်းသင်ရိုးညွှန်းတမ်းအသစ်များတွင် ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်ကို ဦးတည်ရေးဆွဲထားပြီး ကျောင်းသား ကျောင်းသူများ၏ စဉ်းစားဝေဖန်ပိုင်းခြားနိုင်သည့် စွမ်းရည်၊ တီထွင်ဖန်တီးနိုင်သည့် စွမ်းရည်၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်သည့် စွမ်းရည် အစရှိသည့် စွမ်းရည်များကို အသုံးချပြီး လေ့လာသင်ယူနိုင်ရန် ရေးဆွဲလျက်ရှိပါကြောင်း၊ အလွတ်ကျက်မှတ်သင်ကြားနည်းမှ စဉ်းစားတွေးခေါ်မှုများကို ပိုမိုအားကောင်းလာစေရေးအတွက် ဆရာ ဆရာမအားလုံး စနစ်သစ်သင်ရိုးညွှန်းတမ်းအသစ်များ၏ သင်ကြားနည်းစနစ်များကို သိရှိနားလည်နိုင်ရန် သင်တန်းများပို့ချလျက်ရှိပါကြောင်း၊ အရည်အသွေးပြည့်ဝသောပညာရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ချက်၊ အခက်အခဲ၊ စိန်ခေါ်မှုများဖြစ်သည့် ဆရာ၊ ကျောင်းဆောင်၊ စာသင်ခန်း၊ စာသင်ခုံ၊ သန့်စင်ခန်း၊ သန့်ရှင်းသောရေ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်၊ သိပ္ပံခန်း၊ အားကစား၊ ပန်းချီ၊ ဂီတ၊ အနုပညာ စသည်တို့ကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် အတွက်လည်း အရေးကြီးပါကြောင်း၊ သို့သော် နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေဖြင့် ဖြည့်ဆည်းပေးရခြင်းဖြစ်သည့်အတွက် ညီတူမျှတလိုအပ်ချက်များသည့် ဒေသများကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ပြည်သူနှင့်အတူ ဦးတည်ကြိုးပမ်း

ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများသည် ပညာရေးနှင့်ဆက်စပ်နေ၍ မူလတန်းပညာသင်ယူနေသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်၍ အလယ်တန်း၊ အထက်တန်းဆင့်များကို ဆက်လက်သင်ယူ ပြီးမြောက်ရေးနှင့် ကျောင်းသား ကျောင်းသူများ၏ ဝါသနာ၊ အရည်အချင်းများအရ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အဆင့်မြင့်ပညာရေးတို့ကို ဆက်လက်သင်ယူနိုင်ရန် ပြည်သူနှင့်အတူ ဦးတည်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေမြဲရေးနှင့် ကျောင်းထွက်သူပပျောက်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံပြီး တီထွင်ကြံဆနိုင်သော လူသားကောင်းများ ဖြစ်လာစေရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေး အထောက်အကူပြု ဖော်ဆောင်ရွက်နိုင်မည့် လူငယ်မောင်မယ်များဖြစ်အောင် ပြုစုပျိုးထောင်သင်ကြားသင်ယူလေ့ကျင့်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် ကနိအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မေငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးကြိုင်တို့က ကျေးဇူးတင်စကားပြောကြားကြပြီး ဖျာပုံမြို့မှ အလှူရှင်များက ကနိအခြေခံပညာအထက်တန်းကျောင်းသို့ အလှူငွေများပေးအပ်ကြရာ ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဖျာပုံမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး စာသင်ခန်းများ၊ ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုသည်။

### တွေ့ဆုံ

ညနေပိုင်းတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ကျင်းပသည့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုရ ကျောင်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးသင် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့တက်ရောက်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ရှိ ဘိုကလေးပညာရေးကောလိပ်မှ မူလတန်းဆရာအတတ် စာပေးစာယူ တစ်နှစ်သင်တန်း သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံခဲ့သည်။

အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် သဲကုန်းကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ လေးအိမ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းများသို့ ရောက်ရှိပြီး စာသင်ခန်းများ၊ ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေးဒရဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကော့မှူးမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူတို့၏အသံ၊ ပြည်သူများ၏လိုအပ်ချက်များကိုသိရှိနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းဆွေးနွေး

**ကျောက်ကြီး အောက်တိုဘာ ၈**



ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်သည် ယခင်က တည်ငြိမ်အေးချမ်းမှု နည်းခဲ့သောကြောင့် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များစွာရှိခဲ့ပြီး ယခုအခါ ဒေသတွင်း တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူတို့၏ အသံ၊ လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များသည် အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက မုန်းမြို့ ဝိပဿနာဓမ္မရိပ်သာ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ကျေးရွာအုပ်စု ၁၃ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ လွှတ်တော် ရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီဝင်များ တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲ၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြသောင်းက အမှာစကားပြောကြားခဲ့ပြီး ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးလှိုင်က အမှာစကားပြောကြားသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြသောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးတင်ဆန်းဦးနှင့် ဦးစည်သူလွင်တို့က အမျိုးသမီးနှင့်ကလေးသူငယ်အကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## တဂေါင်းမဟာစေတီတော် ဗုဒ္ဓပမုခသံဃိကဆွမ်းလောင်းပွဲကျင်းပ

**ပုသိမ် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော ပုသိမ်မြို့ အမှတ် (၈)နယ်မြေ သမိုင်းဝင် တဂေါင်းမဟာစေတီတော်ကြီး၏ (၁၂၄)ကြိမ်မြောက် ဗုဒ္ဓပမုခသံဃိက ဆွမ်းလောင်းပွဲကို အောက်တိုဘာ ၈ ရက် နံနက်က ကျင်းပရာ နိုင်ငံတော် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဝိလာသ (ကုန်းသာဆရာတော်) အမှူးပြုသော ဆရာတော် ၁၀၈ ပါးတို့အား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်နှင့် ဇနီး၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရဲမြင့်နှင့် ဇနီး၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူများက ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။ **ပုသိမ်-လှကြည်**

# မောင်တောဒေသလုံခြုံတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းခရီးစဉ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**မောင်တော အောက်တိုဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများအဖွဲ့သည် မောင်တောဒေသ၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုခံရပြီးနောက် ဆောင်ရွက်လျက်ရှိသည့် မောင်တောဒေသလုံခြုံတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းခရီးစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက ရှေ့လုပ်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မှားရှိမရကြောင်း၊ လတ်တလောတွေ့ရှိချက်များနှင့် ဆွေးနွေးတိုင်ပင်ထားသည်များပေါင်းစပ်ညှိနှိုင်းကာ အကောင်းဆုံးဖြစ်အောင် ပြည်နယ်အစိုးရအဖွဲ့အသီးသီးအနေဖြင့် ညီညီညွတ်ညွတ်ဖြင့် စေတနာထားကာ ရေရှည်ဖွံ့ဖြိုးရေးကို လုပ်ဆောင်စေလိုကြောင်း၊ ပြည်နယ်အရေး၊ နိုင်ငံအရေး၊ အမျိုးသားရေးကို ဦးတည်ကာ ဆောင်ရွက်စေလိုကြောင်း၊ ရှေ့လုပ်ဆောင်မည့်လုပ်ငန်းများ မှာ ပိုပြီးအရေးကြီးကြောင်းနှင့် မှန်မှန်ကန်ကန်လုပ်ဆောင်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက လုံခြုံတည်ငြိမ်အေးချမ်းရေး၊ ပြန်လည်တည်ဆောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းတံတား၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ အိမ်ရာတည်ဆောက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အပါအဝင် ကဏ္ဍအလိုက် လတ်တလော ဆောင်ရွက်ချက်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာအသီးသီး၏ တင်ပြချက်များအပေါ် ရေတိုနှင့်ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လုပ်ဆောင်ရသည့်နေရာတွင် အခက်အခဲအများ ရှိနိုင်သော်လည်း တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပေါင်းစပ်ကာ လုပ်ဆောင်စေလိုကြောင်း၊ ပြည်သူအတွက် အလုပ်လုပ်ခြင်းဟု ခံယူစေလိုကြောင်း၊ စပါးရိတ်သိမ်းရေး၊ စာရင်းဇယားကောက်ယူရေး၊ မောင်တောဖြစ်စဉ်နှင့် ပတ်သက်၍ ပြန်လည်နေရာချထားရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားလုံးပူးပေါင်းလုပ်ဆောင်စေလိုကြောင်း၊ ဒေသတစ်ခုလုံးအတွက် လုပ်ဆောင်သင့်သည်များနှင့် ပတ်သက်၍ အားလုံးစဉ်းစားလုပ်ဆောင်သင့်ကြောင်း၊ ပြည်ထောင်စုအဆင့် ပြည်နယ်အဆင့် လုပ်ငန်းစဉ်များလည်းရှိကြောင်း ပြောကြားခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မောင်တောဒေသ ဘက်စုံဖွံ့ဖြိုးရေး၊ စီးပွားရေးအခွင့်အလမ်းများနှင့် ပတ်သက်၍ ယနေ့တွင် တောင်ဘဇာနှင့် ခမောင်းဆိပ်ကျေးရွာများမှ ဒေသခံများအား တွေ့ဆုံ အားပေးစကားပြောကြားရာ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မောင်တောဒေသရှိ တိုင်းရင်းသားများက လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများအား တင်ပြရာ လတ်တလော လိုအပ်ချက်များကို ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးရေးအတွက် ကော်မတီများဖြင့် ရေတို၊ ရေရှည်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လျှပ်စစ်မီးရရှိရေး၊ လမ်း၊ တံတား၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးအခြေအနေမှာ စိုးရိမ်စရာမရှိတော့ကြောင်း၊ တောင်ယာနှစ်ရှည်သီးနှံပင်များစိုက်ပျိုး ရေးနှင့် ဒေသခံများအနေဖြင့်လည်း ကြိုးစားလုပ်ဆောင်စေလိုကြောင်း၊ အခက်အခဲရှိပါက ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြစေလိုကြောင်းနှင့် ပြန်လည် တည်ဆောက်ရေးအပိုင်းတွင် ဒေသခံများ၏ လိုအပ်ချက်များကို မေးမြန်းပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့တွင် တောင်ဘဇာနှင့် ခမောင်းဆိပ်ကျေးရွာတို့ရှိ စုရပ်များသို့ သွားရောက်ကာ ကွင်းဆင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုခံခဲ့ရသော်လည်း နေရပ်မစွန့်ခွာဘဲ မိမိရပ်ရွာတွင် နေထိုင် လျက်ရှိ သည့် အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ မောင်တောဒေသဘက်စုံဖွံ့ဖြိုးရေး ကွင်းဆင်းခရီးစဉ်အတွင်း ကျေးရွာများမှ မိသားစုဝင်များကို တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၉၃၃၀၀၀၀ ကို ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

## ARSA အစွန်းရောက်အကြမ်းဖက်သမားများကြောင့် သေဆုံးမှုများအတွက် ဝမ်းနည်းကြေကွဲခြင်းအစီအစဉ်နှင့် ဆုတောင်းခြင်းအခမ်းအနားကျင်းပ

**ကျောက်တံခါး အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့နှင့်မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ခွဲတို့က ပူးပေါင်းကျင်းပသော ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက်က စတင်ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဒေသခံတိုင်းရင်းသားများ၊ ပြည်သူ့ဝန်ထမ်းများနှင့် ဟိန္ဒူလူမျိုးများကို ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးမှုများအတွက် ဝမ်းနည်းကြေကွဲခြင်း အစီအစဉ်နှင့် ဟိန္ဒူဓလေ့နှင့်အညီ ဆုတောင်းခြင်းအခမ်းအနားကိုအောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီက ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် ဒဂုံရွှေမန်းလမ်းရှိ သနန္တနဓမ္မရိပ်သာကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ဂါယာတြိမာန်ဒရမ်သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး အကြမ်းဖက်ခံသေဆုံးသူများ၏ အာသ်ရှန်တီ ဖြစ်စေရန်အတွက်နှင့် ကျန်ရစ်သူမိသားစုများကလည်း အေးချမ်းမှုကိုရရှိနိုင်ရန် ငြိမ်သက်စွာဆုတောင်းခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဟိန္ဒူဘာသာရေးအဖွဲ့ခေါင်းဆောင်များက ယခုဖြစ်စဉ်များနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်ရှိ ဟိန္ဒူလူမျိုးများခံစားခဲ့ရသော အကြမ်းဖက်မှုတွင် သေဆုံးခဲ့မှုများ၊ ဒုက္ခသည်များကို ကူညီကယ်ဆယ်ထောက်ပံ့ရေး ပြုလုပ်နေမှုအခြေအနေများကို တင်ပြခြင်းနှင့် ကျောက်တံခါးမြို့နယ်မှ အလှူငွေများကောက်ခံပြီး ကယ်ဆယ်ထောက်ပံ့ရေးရန်ကုန်ဗဟိုအဖွဲ့သို့လွှဲပြောင်း ပေးအပ်ခြင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ ကြေညာချက်အမှတ် (၁/၂၀၁၇) သဘောထားကြေညာခြင်းနှင့် သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ ရာမေဆွာရ်ပရ်ဆပ် လူမှုကူညီရေးအသင်းမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒီပါဝလီအကြိုနေ့ ရှရီလက်ချ်မီးမယ်တော်ရုပ်ပွားတော်ကြီးအား ဒေသစာရီ လှည့်လည်အပူဇော်ခံမည့်အစီအစဉ် အကြောင်း သဘောထားကြေညာချက်တို့ကို ဆောင်ရွက်ခဲ့ပြီး ဂေါပကအဖွဲ့ဝင် ဦးဆန်းကူမာက ကျေးဇူးတင်စကားပြောကြားကာ ဆုတောင်းပွဲကို အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ရခိုင်ပြည်နယ်လုံးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ အစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်များရွေးချယ်

**စစ်တွေ အောက်တိုဘာ ၈**

ရခိုင်ပြည်နယ်လုံးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ အစည်းအဝေးသို့ တက်ရောက်ရန် စစ်တွေမြို့နယ်ကိုယ်စားပြု ကိုယ်စားလှယ်များ ရွေးချယ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ရွေးချယ်ခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။**(အောက်ပုံ)**

အခမ်းအနားတွင် သဘာပတိ ဦးမောင်ဗသိန်းက အမှာစကားပြောကြားပြီး စစ်တွေမြို့နယ် လူမှုအသင်းအဖွဲ့များ ကိုယ်စားပြုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ကော်မတီဝင်များက ရှင်းလင်းတင်ပြကြ၍ ကော်မတီသို့ လှူဒါန်းထောက်ပံ့ခဲ့သည့် စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်လုံးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ အစည်းအဝေးသို့ တက်ရောက်ရန် စစ်တွေမြို့နယ် လူမှုအဖွဲ့အစည်းများမှ တတ်သိပညာရှင် နှစ်ဦးအပါအဝင် ကိုယ်စားလှယ် ခုနစ်ဦး ရွေးချယ်တာဝန်ပေးကြသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**



# မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော် သံဃာ့ဒါနဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၈**

မန္တလေး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ သမိုင်းဝင် မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၏ (၁၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာ့ဒါနဆွမ်းသပိတ်လောင်းလှူပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီခွဲက အဆိုပါ ဘုရားပရိဝုဏ်အတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ဆွမ်းသပိတ်လောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်တော်ကြီးမြတ်စွာဘုရားဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ ပါဝင်လောင်းလှူကြပြီး ဆွမ်းသိမ်းအောင်ပွဲအဖြစ် ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝိဇယက ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ခဲ့သည်။

"မင်းတုန်းမင်းတရားကြီး လက်ထက်ကတည်းက မဟာသကျ မာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၊ ကုသိုလ်တော်ဘုရားနဲ့ စန္ဒာမုနိဘုရားတို့မှာ ဘုရားပွဲတော်ကြီးကို တစ်ပြိုင်တည်း စည်စည်ကားကားကျင်းပခဲ့ပါတယ်။ မင်းတုန်းမင်းတရားကြီး နတ်ရွာစံပြီးနောက်ပိုင်းမှာလည်း သီပေါမင်းက ဆက်လက်လုပ်ဆောင်ခဲ့တယ်။ ၁၈၈၅ ခုနှစ် နောက်ပိုင်း အင်္ဂလိပ်တွေ သိမ်းပိုက်ပြီး ကိုးနှစ်လောက်နေမှ ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ဒီနှစ်နဲ့ဆို (၁၂၉)ကြိမ်မြောက်ရှိခဲ့ပါပြီ" ဟု မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ သီရိသုဓမ္မဇောတိဓဇဘဒ္ဒန္တဝိဇယက ဒေါက်တာသုမ္မော ဦးကျော်ဝင်းက ပြောကြားသည်။

မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော် သံဃာ့ဒါနဆွမ်းသပိတ် လောင်းလှူပွဲကို နှစ်စဉ်မပျက် ကျင်းပလာခဲ့ရာ ယခုနှစ်(၁၂၉)ကြိမ်မြောက်တွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ ဆရာတော် သံဃာတော် ၂၁၆၀ အား သပိတ်နှင့် လှူဖွယ်ပစ္စည်းအစုစုကို လောင်းလှူခဲ့ကြသည်။

"ဒီပွဲတော်ကြီးမှာ ဆွမ်းသပိတ် ၁၅၀ ကို ပါဝင်လှူဒါန်းခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ မန္တလေးမြို့မှာ နေပေမယ့် အခုလိုတစ်ခါမှ မလှူဖြစ်ခဲ့ဘူး။ ဒီနေ့ လှူဒါန်းရတဲ့ မြင်ကွင်းကြောင့်လည်း အလွန်ကိုပီတိဖြစ်မိတယ်။ နောက်နှစ်တွေမှာလည်း အခုထက်ပိုမိုလှူဒါန်းသွားပါမယ်"ဟု မန္တလေးမြို့မှ အလှူရှင် ဒေါ်ကြည်ကြည်မြင့်က ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံပွဲ မကွေးမြို့၌ ကျင်းပ

**မကွေး အောက်တိုဘာ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထောက်ခံပွဲ တစ်ရပ်အား မကွေးမြို့ ကန်သာရပ်ကွက် အေးစေတီဘုရားဝင်းအတွင်း၌ အောက်တိုဘာ ၇ ရက် ညနေပိုင်းက ကျင်းပခဲ့ပြီး ယင်းထောက်ခံပွဲကို နိုင်ငံရေးပါတီ၏ အရောင် လွှမ်းမိုးမှုများမပါဘဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**



"ထောက်ခံပွဲပြုလုပ်ဖို့ လူမှုရေးအဖွဲ့အစည်းတွေ ၊ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ချစ်မြတ်နိုးတဲ့ပြည်သူတွေ စုဝေးပြီး အစည်းအဝေးတွေ ထိုင်ခဲ့ကြတယ်။ နိုင်ငံရေးအားပြိုင်ပွဲ မဟုတ်တာက တစ်ကြောင်း၊ ငြိမ်းချမ်းရေးကို ဦးတည်ဖော်ဆောင်နေတဲ့အချိန် ဖြစ်တာက တစ်ကြောင်း၊ အပြာရောင်အင်္ကျီတွေ အထည် ၃၅၀ လောက် တံဆိပ်ရိုက်ပြီး ဝတ်ခဲ့ကြတယ်။ ပါတီရောင်တွေ၊ ပါတီလွှမ်းမိုးမှုတွေမပါဘူး"ဟု ထောက်ခံပွဲတွင် တက်ရောက် ဆွေးနွေးဟောပြောခဲ့သူ ဦးဌေးလင်း(သဒ္ဓါရှင်)က ပြောသည်။

စက်တင်ဘာ၁၉ ရက် နိုင်ငံတော်အခြေပြု မိန့်ခွန်းအပေါ် နိုင်ငံတကာမှ ဖိအားပေးနေသည့်အချိန်တွင် အမေနှင့်အတူ ပြည်သူတစ်ရပ်လုံးရှိသည်ဆိုသော အဓိပ္ပာယ်မျိုးကို ဖော်ဆောင်ချင်သည့်အတွက် ပါတီတစ်ခု၊ အဖွဲ့အစည်းတစ်ခုကို ကိုယ်စားပြုလုပ်ဆောင်သည့် ပုံရိပ်မျိုးမဟုတ်ဘဲ ပြည်သူ့အားဖြင့် ဝိုင်းဝန်းထောက်ခံသည့် ပွဲဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေး ဦးဆောင်ခဲ့သူ ဒေါ်စီစီမိုးက ဆိုသည်။

ထောက်ခံပွဲတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း ၊ ဒီမိုကရေစီတိုက်ပွဲတွင် ကျဆုံးသွားသော ရဟန်းသံဃာနှင့် ပြည်သူများကို တစ်မိနစ်ငြိမ်သက်၍ အရိုအသေပေးခြင်း၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ မကြူကြူခိုင်နှင့် ဦးကိုကိုနိုင်၊ စားသောက်ဆိုင် လုပ်ငန်းရှင်များနှင့် သဒ္ဓါရှင် ရှင်သန်မှုကူညီရေးအဖွဲ့မှ ဦးဌေးလင်း၊ စာရေးဆရာ ထင်လင်းဦးတို့က ထောက်ခံဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

"ထောက်ခံပွဲလုပ်တာနဲ့ ပတ်သက်ပြီး တချို့ ဝေဖန်တာတွေရှိတယ်။ ကျွန်တော့်ရဲ့ပုဂ္ဂိုလ်ရေးအမြင်အရ ပြောရရင် ပြည်တွင်း၊ ပြည်ပ ဖိအားတွေဝင်နေတဲ့ အချိန်မှာ ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့အတူ တစ်သဘောတည်း ရှိနေတယ်ဆိုတာ နိုင်ငံတကာကလည်း သိဖို့လိုပါတယ်။ လိုလို့ လုပ်ရတဲ့ ထောက်ခံပွဲဆိုတာ သိစေချင်ပါတယ်"ဟု ပွဲတက်ရောက်လာသူ ကိုနေမိုးဆွေကျော်က ပြောသည်။

ထောက်ခံပွဲတွင် စည်ဖြိုးသူအဖွဲ့က တေးဂီတဝိုင်းဖြင့်ဖျော်ဖြေခြင်း၊ ဗီနိုင်းပေါ်တွင် အမှတ်တရစာစုများ ရေးသားခြင်း၊ အခမဲ့တံဆိပ်ရိုက်အလှူရှင် ကိုနိုင်က အင်္ကျီမရလိုက်သူများ၏ အင်္ကျီများကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မျက်နှာပုံပါတံဆိပ်များ ရိုက်ပေးခြင်း၊ လူမှုရေး အဖွဲ့အစည်း(၂၈)ဖွဲ့မှ ထောက်ခံပွဲအပြီး အမှိုက်သိမ်းခြင်းများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

★ ရှေ့ဖုံးမှ

အဆိုပါပွဲကို မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး (ဗဟို)က ကြီးမှူး၍ အနုပညာလှုပ်ရှားမှုအနေဖြင့် ကျင်းပခြင်းဖြစ်သည်။

**ပုံတူပန်းချီကား**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကားများကို ပန်းချီ၊ ပန်းပုပညာရှင် ၁၀၀ ခန့်က နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ ပါဝင်ရေးဆွဲခဲ့ကြသည်။ ထိုသို့ ရေးဆွဲရာတွင် အောက်စဖို့ဒ်တက္ကသိုလ်၌ ဖယ်ရှားခံခဲ့ရသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီကားကဲ့သို့ ပုံစံတူပန်းချီကားများလည်း ပါဝင်ကြောင်း သိရသည်။

"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ဘဝတစ်ခုလုံးကို နိုင်ငံအတွက် ပေးဆပ်ထားတယ်။ ကျွန်တော်တို့နိုင်ငံအပေါ်မှာထားတဲ့ သူ့ရဲ့ မေတ္တာ၊ စေတနာတွေကို လေးစားတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူရှိနေတယ်။ လုပ်ဆောင်ချက်တွေအပေါ်ကိုလည်း ထောက်ခံတယ်။ လေးစားဂုဏ်ပြုတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နှလုံးသားထဲမှာ ရှိနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထုတ်ပြတဲ့အနေနဲ့ အခုလိုပွဲမှာ ပါဝင်ရေးဆွဲခဲ့တာပါ" ဟု မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို)၏ အတိုင်ပင်ခံအကြံပေး ပုဂ္ဂိုလ်ဖြစ်သူ ဦးအောင်လင်းက ဆိုသည်။

အဆိုပါပွဲသို့ ပန်းချီ၊ ပန်းပု ပညာရှင်များနှင့်အတူ ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တက်ရောက်လာကြသူများအား လက်တွေ့ရေးဆွဲထားသော ပန်းချီကားများကို အမှတ်တရလက်ဆောင်ပေးအပ်ကြသည့်အပြင် ပန်းချီဆရာများ အနေဖြင့်လည်း မိမိတို့ကိုယ်တိုင်ရေးဆွဲထားသော ပန်းချီကားများကို အချင်းချင်း အမှတ်တရ လဲလှယ်ခဲ့ကြကြောင်း သိရသည်။

# စစ်ကိုင်းမြို့၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံသည့်အနေဖြင့် ပြည်သူများ စုပေါင်းလမ်းလျှောက်

**စစ်ကိုင်း အောက်တိုဘာ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံဂုဏ်ပြုသည့်အနေဖြင့် အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် စစ်ကိုင်းမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ပြည်သူများ စုပေါင်းလမ်းလျှောက်ပွဲကို စစ်ကိုင်းမြို့၌ ပြုလုပ်သည်။ **(ယာပုံ)**




စစ်ကိုင်းမြို့ တကောင်းရပ်ရှိ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းရုံးရှေ့တွင် ပြည်သူများ စတင်စုဝေးကာ နံနက် ၈ နာရီတွင် ရုံးရှေ့မှ မြို့မဈေးလမ်းအတိုင်း ချင်းစုမီးပွိုင့် မြောက်ဘက်ရှိ ဗိုလ်ချုပ်ကြေးရုပ်တုမှ တစ်ဆင့် အသခ်ရာစောယွန်းရုပ်တုရှေ့သို့ စီတန်းလမ်းလျှောက်ကြပြီး လာလမ်းကြောင်းအတိုင်း ပြန်ကြသည်။

ထိုသို့ လမ်းလျှောက်ပွဲပြုလုပ်ရာတွင် ပြည်သူများက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုထောက်ခံသောအားဖြင့် ဓာတ်ပုံ(ဗီနိုင်း)များ ကိုင်ဆောင်ကာ ဂုဏ်ပြုထောက်ခံသည့် ကြွေးကြော်သံများဖြင့် စီတန်းလမ်းလျှောက်ကြခြင်း ဖြစ်သည်။

အဆိုပါထောက်ခံပွဲတွင် ပြည်သူများနှင့်အတူ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များပါဝင်ကြပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာက ယာဉ်လမ်းကြောင်း ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မြန်မာ့စာတိုက်လုပ်ငန်းအကြောင်း တစေ့တစောင်း




ခမ်း (စိန်လုံကဘား)

**မြန်မာ့စာတိုက်လုပ်ငန်းသမိုင်းကြောင်းနှင့်စတင်ဖြစ်ပေါ်မှု**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စာတိုက်လုပ်ငန်းကို သမိုင်းများအရ စစ်တွေစာတိုက်ကို ၁၈၂၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ စာတိုက်လုပ်ငန်းကို စတင်ခဲ့သည်ဟု သိရှိခဲ့ရပါသည်။

**စစ်မဖြစ်မီကာလမှစစ်ပြီးကာလအထိ**

မြန်မာမင်းများလက်ထက်တွင် မြင်းလျင်တော်၊ ခြေလျင်တော်၊ လှေလျင်တော်တို့သည် ဘုရင့်စာချွန်တော်များကို လက်ဆင့်ကမ်းစနစ်ဖြင့် လည်းကောင်း၊ တောက်လျှောက်သယ်ယူ၍ လည်းကောင်း ပို့ဆောင်ရသည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်များ စတင်ဝင်ရောက်ပြီးနောက် မှတ်တမ်းများအရ ၁၈၂၇ ခုနှစ်တွင် စစ်တွေစာတိုက်ကို လည်းကောင်း၊ ၁၈၅၂ ခုနှစ်တွင် ပဲခူးစာတိုက်ကို လည်းကောင်း၊ ၁၈၅၄ ခုနှစ်တွင် ရန်ကုန်စာတိုက်ကြီးကို လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်များ မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းယူပြီးနောက် စာတိုက်နှင့်ကြေးနန်းလုပ်ငန်းနှစ်ခုကို ပူးတွဲ၍ အုပ်ချုပ်ခဲ့ပါသည်။ ၁၈၈၅ ခုနှစ် မှ ၁၉၃၇ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံ စာတိုက်နှင့်ကြေးနန်းဌာနကို အိန္ဒိယစာတိုက်နှင့် ကြေးနန်း လက်အောက်တွင် ထားရှိခဲ့ပါသည်။

**စစ်ပြီးကာလမှ ၁၉၆၂ ခုနှစ် မတ်လအထိ**

မြန်မာပြည်စစ်ပြေးအစိုးရသည် ဆင်းမလား စီမံကိန်းရေးဆွဲစဉ်ကပင် စာတိုက်နှင့်ကြေးနန်းဌာနကိုခွဲခြားပြီး ဌာနကြီးမှူးတစ်ဦးစီ၏ လက်အောက်တွင် ထားရှိရန် စီစဉ်ခဲ့ကြောင်း သိရပါသည်။ အဆိုပါ ဌာနကြီးမှူး နှစ်ဦးသည် အရည်အချင်းပြည့် မြန်မာဌာနအကြီးအကဲများ ဖြစ်ရမည်ဟု သတ်မှတ်ထားရှိကြောင်း သိရပါသည်။ ထိုသို့ စီစဉ်ထားရှိသည့်အတိုင်း ၁၉၄၅ ခုနှစ် ဇွန်လ ၈ ရက်နေ့မှစ၍ စာတိုက်ဌာနကို စာတိုက်လုပ်ငန်းများ အုပ်ချုပ်ရေးအရာရှိ လက်အောက်တွင် လည်းကောင်း၊ ကြေးနန်းဌာနကို ဆက်သွယ်ရေးညွှန်ကြားရေးမှူး လက်အောက်တွင် လည်းကောင်း ထားရှိခဲ့ပါသည်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍စာတိုက်မင်းကြီးရာထူးကို စာတိုက်ဌာနတွင် လည်းကောင်း၊ အင်ဂျင်နီယာချုပ်ကို ကြေးနန်းဌာနတွင် လည်းကောင်း တီထွင်ထားရှိခဲ့ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၄-၁-၁၉၄၈ ရက်နေ့မှစ၍ စာတိုက်မင်းကြီးကို စာတိုက်ညွှန်ကြားရေးဝန်၊ အင်ဂျင်နီယာချုပ်အထိ ကြေးနန်းညွှန်ကြားရေးဝန်အဖြစ် ပြောင်းလဲခေါ်တွင်ခဲ့ပါသည်။ ၄-၁၀-၁၉၄၉ ရက်နေ့တွင် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ UPU(Universal Postal Union) အဖွဲ့ဝင်ဖြစ်ခဲ့ပါသည်။ ၅-၅-၁၉၅၆ တွင် နိုင်ငံခြားစာပို့တိုက်ဌာနကို စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၅၉ ခုနှစ်မှစ၍ ကျေးရွာအရောက် စာပို့ဆက်သွယ်ရေး၊ စာဆက်သွယ်ရေးမှန်မှန်နှင့် မြန်မြန်ရောက်ရှိရေး၊ တိုးတက်ဖွံ့ဖြိုးရေး စသည့်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ခဲ့ကြောင်း သိရပါသည်။ ၂၀-၁-၁၉၆၀ ရက်နေ့တွင် စာတိုက်နှင့်ကြေးနန်းဌာနတို့ကို ပြန်လည်ပေါင်းစည်းပြီး ညွှန်ကြားရေးမှူးချုပ်၏ လက်အောက်တွင် ထားရှိအုပ်ချုပ် စေခဲ့ပါသည်။ စစ်မဖြစ်မီက မြန်မာပြည်အနှံ့အပြားတွင် စာတိုက်ကြီး/ ငယ်ပေါင်း ၆၂၅ခု ရှိခဲ့ရာ ၁၉၅၉-၁၉၆၀ ပြည့်နှစ်တွင် စာတိုက်ကြီး/ငယ်ပေါင်း ၆၀၁ ခု ထိရှိခဲ့ကြောင်း သိရှိရပါသည်။

**၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ**

၁၉၇၆ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဆက်သွယ်ရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ရာ စာတိုက်လုပ်ငန်းကိုလည်း ယင်းအချိန်မှစ၍ စီးပွားရေးဆန်ဆန် ဆောင်ရွက်ခဲ့ပါသည်။ စာတိုက်စုစုပေါင်း အရေအတွက်မှာ ၁၉၆၂ ခုနှစ် မတ်လတွင် ၆၈၆ ရုံးရှိခဲ့ရာမှ ၁၉၇၅ ခုနှစ် မတ်လတွင် ၁၀၉၄ ရုံးသို့လည်းကောင်း၊ ၁၉၈၇ ခုနှစ် မတ်လတွင် ၁၁၁၃ ရုံးသို့လည်းကောင်း တိုးတက်ခဲ့ပါသည်။ အမြန်ငွေပို့လွှာလုပ်ငန်းကိုလည်း ၁၉၈၅ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရန်ကုန်မြို့နှင့် မန္တလေးမြို့အပါအဝင် မြို့ပေါင်း ၄၁၀ သို့ ကျေးလက်နေ ပြည်သူများအတွက် အဓိကထား၍ တိုးချဲ့ဖွင့်လှစ်ထားပါသည်။

**၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ**

၁၉၈၈-၁၉၈၉ ခုနှစ်တွင် စာတိုက်စုစုပေါင်း အရေအတွက်မှာ ၁၁၁၅ ရုံးရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ၁၃၈၁ ရုံးသို့လည်းကောင်း တိုးတက်ခဲ့ပါသည်။ အမြန်ချောပို့လုပ်ငန်း ကို ၁၉၉၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိတွင် ပြည်တွင်းအမြန်ချောပို့ မြို့ပေါင်းစုစုပေါင်း ၂၅၅ မြို့ဖြင့် ပိတ်ရက်မရှိ ၃၆၅ ရက်စလုံး ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း (EMS International) ကို ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှ စ၍ စင်ကာပူနိုင်ငံနှင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်း (EMS International) ကို နိုင်ငံတကာရှိ စာတိုက် Mail Network များနှင့် ချိတ်ဆက်၍ နိုင်ငံပေါင်း ၁၀၂ နိုင်ငံအထိ တိုးချဲ့၍ အပြန်အလှန် ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့စာတိုက်လုပ်ငန်းမှ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း၊ DHL Worldwide Express B.V မှ ၄၉ ရာခိုင်နှုန်းထည့်ဝင်သည့် Myanmar DHL Limited အပြည်ပြည်ဆိုင်ရာအမြန်ချောပို့ ဖက်စပ်ကုမ္ပဏီ (Joint Venture)ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁ ရက် နေ့မှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံပေါင်း ၂၂၀ ကျော်သို့ ပြည်ပအမြန်ချောပို့လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။



သတင်းအချက်အလက်နည်းပညာကို အသုံးပြု၍စာတိုက်လုပ်ငန်းများကို အဆင့်မြှင့်တင်လျက်ရှိရာ DEMS (Domestic Express Mail Service) ပြည်တွင်းအမြန်ချောခြေရာခံထောက်လှမ်းစနစ် Track & Trace System ဖြင့် ပြည်တွင်း အမြန်ချောပို့လုပ်ငန်း ဆောင်ရွက်လျက်ရှိသော မြို့များနှင့် ၁.၄.၂၀၀၉ ရက်နေ့မှစ၍ ဆောင်ရွက်ခဲ့ပြီး ယခုအခါ DEMS System အား Delivery Monitoring System အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့၏ ချောစာ၊ ချောပစ္စည်းများကို www.myanmarepost.com တွင် စာပေးဝေမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှု သိရှိနိုင်ပါသည်။ ၁.၄.၂၀၁၀ ရက်နေ့မှစ၍ Postal Data Information System Project ဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စာတိုက်တစ်ခုချင်းစီ၏ အချက်အလက်များနှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို Online မှတစ်ဆင့် နေ့စဉ်ချိတ်ဆက်တင်သွင်းဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး/ ပြည်နယ်မန်နေဂျာများနှင့် ရုံးချုပ်တာဝန်ရှိသူများမှ သုံးသပ်ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

**၂၀၁၁ ခုနှစ်မှ ယနေ့ အထိ**

ယခုအချိန်တွင် လုပ်ငန်းပြည့်စာတိုက်ရုံး စုစုပေါင်း ၁၃၈၂ ရုံးဖြင့် ပြည်သူများကို စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများ ပေးလျက်ရှိရာ အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

နှစ်ပေါင်းများစွာ တစ်ဦးတည်း မူပိုင်ဆောင်ရွက်လာသော မြန်မာ့စာတိုက်လုပ်ငန်းအား လွတ်လပ်သောယှဉ်ပြိုင်မှုဖြင့် တိုးတက်ဆောင်ရွက်နိုင်စေရန်နှင့် ပြည်သူလူထုအား ကောင်းမွန်ပြည့်ဝသော ဝန်ဆောင်မှုများ ရွေးချယ်အသုံးပြုနိုင်စေရန် ရည်ရွယ်၍ Public Private Partnership အသွင်ဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ရာ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို ပြည်တွင်းကုမ္ပဏီများသို့ ၁.၆.၂၀၁၂ မှစ၍ မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) စနစ်ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်စေခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း (International Express Service) ကို ပြည်တွင်း/ ပြည်ပ ကုမ္ပဏီများဖြင့် ၈.၈.၂၀၁၄ မှစ၍ မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) စနစ်ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်စေခဲ့ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၁.၄.၂၀၁၄ ရက်နေ့တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အကြား ဂျပန်နိုင်ငံမှ နည်းပညာနှင့် နည်းစနစ်ကူညီပံ့ပိုးရေးဆိုင်ရာ သဘောတူစာချုပ် (Memorandum on Cooperation) ကို ဂျပန်နိုင်ငံတွင် ချုပ်ဆိုခဲ့ပြီး စာတိုက်လုပ်ငန်း အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ JICA မှ Technical Assistance ODA ဖြင့် စာတိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Postal Service Capacity Improvement) အား ၂၇.၁၁.၂၀၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Shinzo Abe နှင့် အဖွဲ့တို့သည်လည်း မြန်မာ့စာတိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတိုက်လုပ်ငန်း ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအား ၁၃.၁၁.၂၀၁၄ ရက်နေ့တွင် ရန်ကုန်စာတိုက်ကြီးသို့ လာရောက်၍ ကြည့်ရှုလေ့လာခဲ့ပြီး စာတိုက်ဝန်ထမ်းများအား အားပေးခဲ့ပါသည်။

သုံးစွဲသူများသို့ ဖြေလျှော့သည့်အနေဖြင့် ၁.၉.၂၀၁၄ မှ စတင်၍ မြန်မာ့စာတိုက်လုပ်ငန်း၊ ငွေပို့လွှာလုပ်ငန်း၏ ငွေပို့ခနှုန်းထားများကို ယခင်ပို့ငွေကျပ် ၁၀၀လျှင် ပို့ခ ငါးကျပ်နှုန်း ကောက်ခံနေရာမှ ၅၀ ပြားဖြင့် လျှော့ချကောက်ခံခဲ့ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်းအသစ်မွေးဖွားခွင့်ရခြင်း**

၁၅.၁.၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၁၅)အရ မြန်မာ့စာတိုက်လုပ်ငန်းအား အရာထမ်း ၁၀၂ ဦး၊ အမှုထမ်း ၅၈၁၈ ဦး စုစုပေါင်း ၅၉၂၀ ဦးဖြင့် ၁.၄.၂၀၁၅ မှစတင်၍ မြန်မာ့စာတိုက်လုပ်ငန်း ဖွဲ့စည်းပုံအသစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။

**ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်**

မြန်မာ့စာတိုက်လုပ်ငန်းမှ ပြည်သူ့ဗဟိုပြုစာတိုက်ဝန်ဆောင်မှုများကို ယခုထက်ပိုမို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များအား ၂၆.၈.၂၀၁၆ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာမှ ဖိတ်ခေါ်ခဲ့ပါသည် -

(က) ပြည်တွင်း/အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်း

(ခ) ကိုယ်စားငွေကောက်ခံခြင်းလုပ်ငန်းများ (မိုဘိုင်းဖုန်းငွေဖြည့်ပေးခြင်း၊ လေယာဉ်/ကားလက်မှတ်/အမြတ်ခွန်/အာမခံလုပ်ငန်း/အရစ်ကျရောင်းချခြင်းများအတွက် ငွေကောက်ခံပေးခြင်း)

(ဂ) Online Shopping လုပ်ငန်းများအတွက် ပေးဝေခြင်းနှင့် ငွေကောက်ခံပေးခြင်း

(ဃ) ဘဏ်လုပ်ငန်းကိုယ်စားလှယ်ဆောင်ရွက်ပေးခြင်း

(င) Mobile Money လုပ်ငန်းများဆောင်ရွက်ခြင်း

(စ) စာတိုက်လုပ်ငန်းမှ ဝန်ဆောင်မှုပေးနိုင်မည့် မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပေးခြင်း လုပ်ငန်းများအား ဖိတ်ခေါ်ခဲ့ပြီးနောက် လက်ရှိတွင် ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်း၍ နှစ်ဦးနှစ်ဖက် အကျိုးတူ Win-Win အနေအထားဖြင့် စတင်ဝန်ဆောင်မှုပေးလျက်ရှိပြီ ဖြစ်ပါသည်။

**စာတိုက်တံဆိပ်ခေါင်းများ**

မြန်မာ့စာတိုက်တံဆိပ်ခေါင်းများကို ကြည့်ပါက နိုင်ငံ၏ သမိုင်းကို ထင်ဟပ်စေပြီး ကိုလိုနီနိုင်ငံများ၏ တံဆိပ်ခေါင်းများပေါ်တွင် BURMA တံဆိပ်ရိုက်နှိပ်ကာ စတင်အသုံးပြုခဲ့ပြီး ၄.၁.၁၉၄၈ မှ ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် မြန်မာ့စာပို့တံဆိပ်ခေါင်းစစ်စစ်အား စတင်ထုတ်ဝေနိုင်ခဲ့ပါသည်။ ခေတ်အဆက်ဆက်ထုတ်ဝေလာခဲ့ရာ ၃၁.၈.၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ အထိမ်း အမှတ် အထူးထုတ်ကျပ် ၁၀၀ တန်၊ ကျပ် ၂၀၀ တန်နှင့် ကျပ် ၅၀၀ တန် စာပို့တံဆိပ်ခေါင်း ထုတ်ဝေခဲ့ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက် လုပ်ငန်းမှ (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ စာတိုက်လုပ်ငန်းဆိုင်ရာအစည်းအဝေး (23rd ASEAN Postal Business Meeting) ကို ၂၁.၁၁.၂၀၁၆ ရက်နေ့မှ ၂၃.၁၁.၂၀၁၆ ရက်နေ့အထိအား မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အထိမ်းအမှတ်အဖြစ် အထူးထုတ် ကျပ်၁၀၀ တန်နှင့် ကျပ်၅၀၀ တန် စာပို့တံဆိပ်ခေါင်းများကိုလည်း ၂၁.၁၁.၂၀၁၆ ရက်နေ့တွင် ထုတ်ဝေရောင်းချခဲ့ပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် **နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပထမဆုံး ဝန်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ ပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်း** ကျပ် ၅၀၀ တန်နှင့် နှစ်အတန်ကြာမထုတ်ဝေ ခဲ့သော တံဆိပ်ခေါင်းပါစာအိတ်ကျပ်၅၀၀ တန်အား ၁၇.၃.၂၀၁၇ ရက်နေ့တွင် ထုတ်ဝေနိုင်ခဲ့ပါသည်။

၂၇.၇.၂၀၁၇ ရက်မှစ၍ ပြောင်းလဲကောက်ခံခဲ့သောစာပို့ခများနှင့် လိုက်လျောညီထွေဖြစ်မည့် မြန်မာ့တူရိယာများမှ ရခိုင်စည်တော်နှင့် ရှမ်းအိုးစည်ပုံဖြင့် ကျပ်၂၀၀ တန်တံဆိပ်ခေါင်းအား လည်းကောင်း၊

*စာမျက်နှာ ၇ သို့*

# သီတဂူအထောက်အကူပြု ဗိုလ်ဗထူးလမ်းမိသားစုမှ သီလရှင်အပါး ၃၆၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၈**

သီတဂူဆရာတော်ကြီး၏ ဩဝါဒဖြင့် ရန်ကုန်မြို့ ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်းမိသားစု သီတဂူအထောက်အကူပြုအဖွဲ့မှ ဦးဆောင်ကျင်းပသော (၉)ကြိမ်မြောက် ဝါတွင်းအရုဏ်ဆွမ်းလောင်းလှူအောင်ပွဲ အထိမ်းအမှတ်ကို အောက်တိုဘာ ၈ ရက် ညနေ ၃ နာရီက အဆိုပါဗိုလ်ဗထူးလမ်းအတွင်းမှ စေတနာရှင်များက သီလရှင်အပါး ၃၆၀ ကျော်အား ဆွမ်းဆန်စိမ်းနှင့် လှူဒါန်းငွေများ လောင်းလှူကြသည်။

"ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျွန်တော်တို့ ဗိုလ်ဗထူးလမ်း မိသားစုအနေနဲ့ သီတဂူဆရာတော်ကြီး၏ ဩဝါဒနဲ့ အကောင်အထည်ဖော် လုပ်ဆောင်ဖြစ်ခဲ့တာပါ။ ဒီနှစ်ဆိုရင် (၉) ကြိမ်မြောက် ရှိပါပြီ။ ဆွမ်းဆန်စိမ်းလောင်းလှူတယ်ဆိုပေမယ့်လည်း သီလရှင်ဝတ်စုံကအစ ပစ္စည်းပေါင်း ၆၀၊ ၇၀ လောက်ရှိပါမယ်။ ငွေလှူဒါန်းတဲ့သူတွေလည်း ရှိပါတယ်။ အရင်နှစ်တွေကတော့ သီလရှင်အပါးအရေအတွက် ပိုများပါတယ်။ ဒီနှစ်တော့ အရင်နှစ်တွေကလောက် သီလရှင်အရေအတွက် မများပါဘူး။ အခုနောက်ပိုင်း ရန်ကုန်မြို့ကျောင်းတိုက်တွေမှာလည်း သီလရှင်အရေအတွက်က တဖြည်းဖြည်း နည်းလာတာကို တွေ့ရတယ်။ ကျွန်တော်တို့ ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်း သီတဂူအထောက်အကူပြုအဖွဲ့အနေနဲ့ကတော့ အတတ်နိုင်ဆုံး နှစ်စဉ် အခုလို အဆက်မပြတ် လှူဒါန်းသွားမှာပါ"ဟု အဆိုပါ ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖြစ်မြောက်ရေးတွင် ဦးဆောင်ပါဝင်သူ ဦးမြင့်အောင်က ပြောသည်။

ယနေ့ (၉)ကြိမ်မြောက်ကျင်းပသော ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်းမိသားစု သီတဂူအထောက်အကူပြုအဖွဲ့မှ လှူဒါန်းသော ဆွမ်းဆန်စိမ်းလောင်းလှူဒါန်းပွဲကြီးတွင် ရန်ကုန်မြို့ သီလရှင်ကျောင်း ၁၂ ကျောင်းမှ သီလရှင်အပါး ၃၆၅ ပါး ကြွရောက်ခဲ့ရာ သီလရှင်ဝတ်စုံ၊ ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာ စသည်ဖြင့် ငွေကျပ် သိန်း ၁၈၀ ကျော်ဖိုး လောင်းလှူဒါန်းခဲ့ကြသည်။ ဗိုလ်ဗထူးလမ်းမိသားစုအနေဖြင့် ဝါတွင်းကာလပတ်လုံး အပတ်စဉ် အင်္ဂါနေ့တိုင်းတွင်လည်း သံဃာတော်များအား ဝါတွင်းအရုဏ်ဆွမ်းလောင်းလှူဒါန်းမှုကို နှစ်စဉ် အောင်မြင်စွာ လောင်းလှူနိုင်ခဲ့သည်မှာ ဆယ်စုနှစ်ဝန်းကျင်တစ်ခုသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့ မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

(မိုး/ဇလ)

*✻ ရှေ့ဖုံးမှ*

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ အဆင့်မြင့်နည်းပြဆရာ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်(၃) လမ်းဆုံအနီးရှိ မြန်မာ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ လီမိတက်ရုံးချုပ် ရိုးရာလက်ဝှေ့သင်တန်း ခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဦးနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် နာယကဦးစိုးထွန်းရှိန်၊ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာတွင် "သင်တန်းကို မြန်မာချန်ပီယံ၊ ရွှေခါးပတ်ချန်ပီယံ၊ ဒင်္ဂုံရွှေအောင်လံဆုရရှိပြီးသူများနဲ့ လက်ရှိနိုင်ငံကိုယ်စားပြု ပြည်ပနိုင်ငံများသို့ သွားရောက်ထိုးသတ်နေသော ရိုးရာလက်ဝှေ့သမားတွေကို လေ့ကျင့်ပေးနေသော ကလပ်များမှ နည်းပြဆရာများကို အခုလို စာတွေ့၊ လက်တွေ့ သင်ကြားပေးနိုင်ခဲ့လို့ ဦးဆောင်ခဲ့သော အဖွဲ့ချုပ်၊ သင်ပြပေးခဲ့သော ဝါရင့်နည်းပြဆရာကြီးတွေနဲ့ သင်တန်းပြီးဆုံးအောင် တက်ရောက်ခဲ့သော သင်တန်းသားတွေကို ဝမ်းမြောက်ကြောင်း ပြောလိုပါတယ်။ သင်တန်းမှာ အစဉ်အလာရှိခဲ့တဲ့ လက်ဝှေ့ကျော်ကြီးတွေရဲ့ နည်းစနစ်၊ ထိုးလုံးသတ်ကွက်တွေကို လက်ဆင့်ကမ်းပေးဝေခဲ့သလို အားကစားမူဝါဒ၊ ခေါင်းဆောင်မှုဘာသာရပ်၊ အဖွဲ့ချုပ် စည်းမျဉ်းစည်းကမ်း၊ တားမြစ်ဆေးဝါး၊ အားကစားစိတ်ပညာနဲ့ အာဟာရပညာရပ်၊ လေ့ကျင့်ရေးသဘောတရား စတဲ့ဘာသာရပ်တွေကို အခုလိုကျွမ်းကျင် ပညာရှင်ကြီးတွေက လက်ဆင့်ကမ်းပေးဝေတာ ရိုးရာလက်ဝှေ့လောကအတွက် အနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ လမ်းကြောင်းပေါ်ကို အမှန်တကယ်ရောက်လာမှာ ဖြစ်ပါတယ်။ နောင်မှာလည်း ဒီထက်ကောင်းမွန်ပြည့်စုံတဲ့ အလားတူသင်တန်းမျိုး ထပ်မံဖွင့်ဖို့ တိုက်တွန်းအားပေးပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်မှုတွေကို တတ်နိုင်တဲ့ဘက်ကနေ အမြဲအားပေးကူညီထောက်ပံ့ပေးနေမှာပါ"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်သော အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့နည်းပြဆရာအဆင့်မြင့်သင်တန်းကို စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရိုးရာလက်ဝှေ့ ဝါရင့်ဆရာကြီးများဖြစ်သော ဆရာကြီး ဦးဒေါင်းနီ၊ ဦးရိုးရိုးလေး၊ ဦးရန်ကုန်အောင်ဒင်၊ ဦးရွှေဝါထွန်းနှင့် ဦးနောင်လုံဖျံတို့က စာတွေ့နှင့်လက်တွေ့ပညာရပ်များ သင်ကြားပြသပေးခဲ့သည်။ ရိုးရာလက်ဝှေ့ ပြည်တွင်းနည်းပြဆရာ ၃၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင်ထူးချွန်



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ထူးချွန်(ဒုတိယ)ဆုရရှိသော သင်တန်းသားအား ရွှေငါးမူးသားပါ မှတ်တမ်းလွှာပေးအပ်နေစဉ်**

(ပထမ)၊ (ဒုတိယ)၊ (တတိယ)နှင့် (စတုတ္ထ) လေးဦးကို ရွေးချယ်ကာ ငွေသားနှင့် ရွှေငါးမူးသားပါ အောင်လက်မှတ်မှတ်တမ်းလွှာတို့ကို ပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းမှ စည်းကမ်းပိုင်းဆိုင်ရာလိုက်နာမှု၊ ကြိုးစားအားထုတ်မှုရလဒ်များပေါ် မူတည်၍ သာမန်အထက် ၁၀ ဦးနှင့် သာမန်အဆင့် ၁၇ ဦးတို့ကိုလည်း ရွှေငါးမူးသားဖြင့် ပြုလုပ်ထားသော ရိုးရာလက်ဝှေ့အမှတ်အသားပါ အသိအမှတ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

"မြန်မာ့ရိုးရာလက်ဝှေ့ကို တိုးတက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ အခုလို အဆင့်မြင့်သင်တန်းကို လုပ်ဖြစ်ခဲ့တာပါ။ မြန်မာ့ရိုးရာလက်ဝှေ့လောကမှာ ပထမဆုံးအကြိမ်ဖွင့်တဲ့ သင်တန်းဖြစ်ပါတယ်။ နည်းစနစ်ပိုင်းဆိုင်ရာ၊ သက်လုံနဲ့ စားသောက်၊ နေထိုင်၊ ကုသမှုပိုင်းကအစ ဆရာတွေက ဘက်ပေါင်းစုံကနေ သင်တန်းပေးခဲ့ပါတယ်။ နိုင်ငံခြားသားတွေကလည်း စိတ်ဝင်စားလာပြီဖြစ်တဲ့အတွက် ဝါးလုံးခေါင်းထဲ လသာနေလို့ မရဘူးဆိုတာကို လောကသားတစ်ခုလုံး သိစေချင်တာပါ။ ရိုးရာလက်ဝှေ့ကို နှစ်နှစ်အတွင်း မွေထိုင်းလို ကမ္ဘာက သိအောင် ကျွန်တော်တို့အနေနဲ့ ကြိုးစားသွားမှာပါ။ ပထမဆုံးအကြိမ် အောင်အောင်မြင်မြင်နဲ့ သင်တန်းဆင်းလက်မှတ်ကိုပါ ရွှေအစစ်နဲ့ ကမ္ဘာ့အဆင့်မီ ဝန်ကြီးကိုယ်တိုင် လာရောက်ချီးမြှင့်ပေးတာဖြစ်ပါတယ်။ ပထမဆုံးအကြိမ်ဖြစ်လို့ အားနည်းချက်တွေကို ပြင်ဆင်ပြီးတော့ နောက်အကြိမ်တွေမှာ ဒီထက်ကောင်းမွန်အောင် လုပ်ဆောင်ပေးသွားမယ်လို့ စီစဉ်နေပါတယ်"ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် နာယက ဦးစိုးထွန်းရှိန်က ပြောသည်။

# နိုင်ငံခြားသားဧည့်သည်များ၏ မေ့ကျန်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သူအား သုံးနှစ်ဆက်တိုက်ဂုဏ်ပြု



**မန္တလေး အောက်တိုဘာ ၈**

နိုင်ငံခြားသားဧည့်သည်များ၏ မေ့ကျန်ပစ္စည်းများအား ပြန်လည်ပေးအပ်ခဲ့သည့် ဒေါ်တင်တင်ရီအား နေပြည်တော် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့ရုံးမှ သုံးနှစ်ဆက်တိုက် ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဦးပိန်တံတားရှိ ပါးချိုင့်လေး စားသောက်ဆိုင်တွင် ယခုနှစ် ခရီးသွားရာသီဖြစ်သည့် ဇန်နဝါရီ ၁ ရက်တွင် ပြင်သစ်နိုင်ငံသား မေ့ကျန်ခဲ့သည့် အစိမ်းရင့်ရောင် လွယ်အိတ်တစ်လုံးတွင် လက်တော့တစ်လုံးနှင့် ငွေကျပ်ခုနစ်သိန်း၊ ပတ်စပို့တစ်အုပ်ကို ဦးပိန်တံတား တာဝန်ကျ ကမ္ဘာလှည့်ရဲတပ်ဖွဲ့ဝင်များနှင့် ချိတ်ဆက်ပြီး ပိုင်ရှင်နိုင်ငံခြားသားထံ ပြန်လည်ပေးအပ်ခဲ့သည့်အတွက် နေပြည်တော် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ရုံး၌ အောက်တိုဘာ ၁ ရက်၌ ကျင်းပသည့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်ပတ်လည်နေ့ အခမ်းအနားတွင် တပ်ဖွဲ့မှူး ရဲမှူးကြီး နေထွန်းက ဂုဏ်ပြုလက်မှတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

"ဦးပိန်တံတားရှိ ပါးချိုင့်လေး စားသောက်ဆိုင်က ပိုင်ရှင်ဖြစ်ပါတယ်။ သူက နှစ်တိုင်းလိုလို နိုင်ငံခြားသား မေ့ကျန်ပစ္စည်းတွေကို ပြန်လည်ပေးအပ်ခဲ့လို့ အခုလို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါတယ်။ ဒီလို မြန်မာ့အသိ၊ မြန်မာစိတ်ဓာတ်နဲ့ ရိုးသားစွာ ပြန်အပ်တဲ့သူတွေကို ကျွန်တော်တို့ ရဲတပ်ဖွဲ့က ဂုဏ်ပြုလေ့ရှိပါတယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ မန္တလေးတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးလှမြင့်က ပြောသည်။

အဆိုပါ ဆိုင်ပိုင်ရှင်မှာ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်တို့တွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ၏ မေ့ကျန်ခဲ့သော ပစ္စည်းများအား ရိုးသားစွာ ပြန်လည်ပေးအပ်ခဲ့သဖြင့် သုံးနှစ်ဆက်တိုက် ဂုဏ်ပြုခြင်းခံရသူဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

*စာမျက်နှာ ၆ မှ အဆက်*

ကချင် မောင်းနှင့် မွန် မောင်းပုံဖြင့် ကျပ် ၅၀၀ တန် တံဆိပ်ခေါင်းအား လည်းကောင်း၊ မြန်မာ့ပတ္တလားပုံဖြင့် ကျပ် ၁၀၀၀ တန် တံဆိပ်ခေါင်းအား လည်းကောင်း၊ မြန်မာ့ စောင်းပုံဖြင့် ကျပ် ၂၅၀၀ တန် တံဆိပ်ခေါင်းအားလည်းကောင်း ထပ်မံထုတ်ဝေခဲ့ပါသည်။

ပြည်တွင်းပို့စာအတွက် ရိုးရိုးစာ တစ်စောင်လျှင် အခြေခံစာပို့ခ ကျပ် ၂၀၀၊ မှတ်ပုံတင်စာတစ်စောင်လျှင် ကျပ် ၅၀၀၊ ပြည်ပပို့စာအတွက် ရိုးရိုးစာတစ်စောင်လျှင် အခြေခံစာပို့ခ ကျပ် ၁၀၀၀၊ မှတ်ပုံတင်စာတစ်စောင်လျှင် ကျပ် ၂၅၀၀ သို့ ၂၅.၅.၂၀၁၇ ရက်နေ့မှစ၍ တိုးမြှင့်ကောက်ခံခဲ့သော်လည်း အများပြည်သူအကျိုးအတွက် **ပြည်သူ့အကျိုးပြုစာပေ ဖြန့်ချိခြင်း၊ သတင်းစာ၊ စာစောင်၊ မဂ္ဂဇင်း၊ ပုံနှိပ်စာရွက်စာတမ်းများ ပေးပို့ခြင်းများအတွက် စာပို့ခများ တိုးမြှင့်ကောက်ခံခဲ့ခြင်းမရှိခဲ့ပါ။ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ပြန်လည်ရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိ**

မူလတန်းဖတ်စာအုပ်၏ "တို့တာဝန်"ဆိုသော ကဗျာလေးထဲမှ "**စာဖြန့်ဖြူးရေး မောင်သိန်းတန် စာပို့ရာတွင် အချိန်မှန်**"ဆိုသည့် စာစုလေးကို လူတိုင်းအမှတ်ရလိမ့်မည် ထင်ပါသည်။ အမှန်အတိုင်း ရိုးသားစွာ တင်ပြဝန်ခံရလျှင် နှစ်ပေါင်းများစွာ ထိုစာစုလေးနှင့်ဝေးကွာခဲ့ပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ကင်းမဲ့ခဲ့ရသော မြန်မာ့စာတိုက်လုပ်ငန်းသည် ၁.၄.၂၀၁၅ ရက်နေ့မှစ၍ မြန်မာ့စာတိုက်လုပ်ငန်း ဖွဲ့စည်းပုံအသစ်ဖြင့် အသစ်တစ်ဖန် မွေးဖွားကာ **ယခုမြန်မာ့စာတိုက်လုပ်ငန်း၏ Vission ဖြစ်သော Myanmar Post For Everyone (လူတိုင်းအတွက် မြန်မာ့စာတိုက်)** ဖြစ်စေရန် အရည်အသွေးကို အခြေခံသော စာတိုက်ဝန်ဆောင်မှုအား ပြည်သူလူထုတစ်ရပ်လုံးသို့ ပြန်လည်ပေးဆပ်နိုင်ရေးအတွက် မြန်မာ့စာတိုက်လုပ်ငန်း အရာထမ်း၊ အမှုထမ်းများမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း၏ ပြောင်းလဲဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ လည်းကောင်း၊ ဝန်ထမ်းများနှင့်ပတ်သက်၍လည်းကောင်း အကြံပြု၊ မေးမြန်း၊ တိုင်ကြားလိုပါက ရုံးချိန်အတွင်း သုံးစွဲသူဝန်ဆောင်မှုဌာန၊ ဖုန်းအမှတ် ၀၆၇ - ၃၄၂၀၈၈၈ သို့ လည်းကောင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စာတိုက်လုပ်ငန်း၊ နေပြည်တော်စာတိုက်ကြီး (စာပို့ သင်္ကေတ - ၁၅၀၁၁)၊ နေပြည်တော်သို့ စာဖြင့်သော် လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် အကြံပြု၊ မေးမြန်း၊ တိုင်ကြားမှုကိုလည်း မိမိတို့၏ အမှားများကို ထောက်ပြပေး၊ တည့်မတ်ပေးသည်ဟု မှတ်ယူ၍ အလေးထားကာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း **( ၁၄၃ )နှစ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂနေ့ (Universal Postal Union Day) ကို ဂုဏ်ပြုဆောင်းပါးအဖြစ်** တင်ပြလိုက်ရပါသည်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပြန်လည်ကယ်ဆယ်ခဲ့သည့် ဟိန္ဒူမိသားစုဝင်များအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု အလှူငွေများထောက်ပံ့ပေးအပ်

**မောင်တော အောက်တိုဘာ ၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ကယ်ဆယ် ရောက်ရှိလာခဲ့သည့် ဟိန္ဒူဘာသာဝင်မိသားစုများအား အောက်တိုဘာ ၇ ရက် ညပိုင်းက မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံ နှစ်သိမ့်အားပေးပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ခမောင်းဆိပ်ကျေးရွာတွင်နေထိုင်သည့် ဟိန္ဒူမိသားစုဝင်များအား ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားကာ ရဲဘော်ကျရွာ အနီးတွင် အမျိုးသားများအား သတ်ဖြတ်ပြီး အမျိုးသမီးရှစ်ဦးနှင့် ကလေးငယ် ရှစ်ဦး စုစုပေါင်း ၁၆ ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ခြင်းကြောင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည့် အဆိုပါဟိန္ဒူဘာသာဝင် မိသားစုများအတွက် ငွေကျပ် သိန်း ၆၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာနဝန်ထမ်းမိသားစုများအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် ဌာနတွင်တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများက ကူညီထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကူညီထောက်ပံ့ငွေကျပ် ၁၇၁၈၄၀၀၀ အား လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ပြည်နယ်ဦးစီးဌာနမှူး ဦးကျော်ငြိမ်းက ပေးအပ်ရာ မောင်တောဒေသရှိ လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများကိုယ်စား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများက လက်ခံယူသည်။

**သန့်ဇင်ဝင်း၊ နိုင်လင်းကြည်**

# သီတင်းကျွတ်ပိတ်ရက်ရှည်ခရီးသွားလာသူများနေသဖြင့် ယာဉ်စီးလက်မှတ်များ မှောင်ခိုဈေးကစားမှုများရှိနေ

**ပြည် အောက်တိုဘာ ၈**

သီတင်းကျွတ် အလုပ်ပိတ်ရက်များတွင် ခရီးသွားလာမှုများ များပြားနေသဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အဝေးပြေးကားဂိတ်တွင် ယာဉ်စီးလက်မှတ်များ ခက်ခဲမှုများရှိနေကြောင်း စုံစမ်းသိရှိရသည်။

သီတင်းကျွတ်ပိတ်ရက်နှင့် စနေ၊ တနင်္ဂနွေပိတ်ရက်များ ဆက်နေသည့်အတွက် ရုံးပိတ်ရက်ရှည်ဖြစ်နေပြီး မိဘနေရပ်ထံကန်တော့ရန်နှင့် မိသားစုများနှင့်တွေ့ဆုံရန် သွားလာမှုများ များပြားနေသည့်အတွက် မော်တော်ယာဉ်လက်မှတ်များ ဝယ်ယူရန် ခက်ခဲနေပြီး မှောင်ခိုရောင်းချမှုများလည်း ရှိနေသည့်အတွက် ဈေးနှုန်းများ မြင့်တက်နေကြောင်း ခရီးသွားပြည်သူများက ပြောသည်။

"ရန်ကုန်ကနေ အလာတုန်းက တစ်သောင်းပေးစီးခဲ့ရတယ်။ မနေ့ကလည်း တနင်္ဂနွေနေ့ပြန်ဖို့အတွက် လက်မှတ်ကြိုတင်သွားဝယ်တာ ဘေးခုံမရတော့ဘဲ အလယ်ခုံပဲရမယ်တဲ့။ ရထားနဲ့ပြန်ဖို့လုပ်နေတယ်"ဟု ရန်ကုန်ပြန်မည့် ခရီးသွားတစ်ဦးက ပြောသည်။ ပြည်မှရန်ကုန်သို့ ယာဉ်စီးခပုံမှန်ဈေးနှုန်းမှာ ငွေကျပ်ငါးထောင်ဖြစ်ပြီး လက်ရှိအချိန်တွင် ဂိတ်မှဈေးတင်ရောင်းချခြင်းမရှိသော်လည်း မှောင်ခိုဝယ်ထားသူများက ဈေးနှုန်းမြှင့်ရောင်းချနေခြင်းရှိနေကာ ခရီးသွားများအတွက် ဝယ်ယူသည့်အခါ ထိုင်ခုံအခက်အခဲများရှိနေကြောင်း သိရသည်။

"အခုက က ပြည်-ရန်ကုန်ဈေးပဲ တက်တာပါ။ ကျွန်တော်တို့သွားဝယ်တော့ ငါးထောင်နဲ့ ရပါတယ်။ ပွဲစားနဲ့ဝယ်တဲ့သူတွေသာ ဈေးကြီးတာနဲ့ မရတာနဲ့ကြုံရတာပါ။ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးကြည့်ပါတယ်။ ဂိတ်ကငါးထောင်နဲ့ပဲရောင်းပေးတာပါ။ ကြိုတော့ဝယ်ရတာပေါ့"ဟု ပြည်မြို့ ယာဉ်ကြီးကြပ်ရေးကော်မတီရုံးမှ အဖွဲ့မှူး ဦးဖုန်းမြင့်ကပြောသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ပြည်-ရန်ကုန် အာရှယာဉ်လိုင်းမှ ပြည်မြို့ဂိတ်တာဝန်ခံ ဦးမိုးကြီးက လက်မှတ်များမှာ အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ ကုန်နေပြီဖြစ်ကြောင်း၊ ကြိုတင်ရောင်းချပေးခြင်းဖြစ်ပေမယ့် တကယ်စီးမည့်လူများကိုသာ ဂရုစိုက်ပြီး ရောင်းချပေးခြင်းဖြစ်ကြောင်း ပြောသည်။ ပြည်မြို့ အဝေးပြေးကားဝင်းအတွင်း၌ ရန်ကုန်-ပြည်ယာဉ်လိုင်းရှစ်လိုင်းခန့်၊ ရခိုင်ဘက်မှ ပြည်-ရန်ကုန်သို့သွားသောယာဉ်လိုင်းများ၊ ပြည်-နေပြည်တော်သို့သွားသည့် ယာဉ်လိုင်းများ၏ လက်မှတ်များရောင်းချရန် မကျန်တော့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကယားပြည်နယ် ပန်ပက် ပဒေါင်ရွာသို့ လာရောက်လေ့လာသူ များပြား

**လွိုင်ကော် အောက်တိုဘာ ၈**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ပဒေါင်(ခေါ်) ကယန်းတိုင်းရင်းသားများ နေထိုင်လျက်ရှိရာ ၎င်းတို့အများဆုံး နေထိုင်လျက်ရှိသည့် ပန်ပက်ကျေးရွာသို့ ပြည်တွင်းပြည်ပမှ လာရောက်လေ့လာ လည်ပတ်သူများပြားလျက်ရှိနေကြောင်း သိရသည်။

ပန်ပက်ကျေးရွာသည် တောင်ငူ-လိပ်သို-ရာဒို-လွိုင်ကော်လမ်းပေါ်တွင် တည်ရှိပြီး လွိုင်ကော်မြို့၏ အနောက်တောင်ဘက် ၁၈ မိုင်ဝန်းကျင်သာဝေးကွာသည်။ သို့သော်လည်း ပန်ပက်ရွာသည် လွိုင်ကော်မြို့နယ်အတွင်းမှ ကျေးရွာမဟုတ်ဘဲ ဒီမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာဖြစ်လျက် ဒီမော့ဆိုမြို့နှင့် ခြောက်မိုင်ကျော်သာဝေးကွာနေသည်။

ပန်ပက်ရွာတွင် ဒေသခံ ပဒေါင်လူမျိုးတို့နေထိုင်လျက်ရှိပြီး မိရိုးဖလာအဖြစ် ရှေးဘိုးစဉ်ဘောင်ဆက်နေထိုင်အသုံးပြုခဲ့ကြသော ရိုးရာအဝတ်အစားများနှင့် အသုံးအဆောင်ပစ္စည်းများကို ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်ကြ၍ အသုံးပြုနေကြဆဲဖြစ်ကြောင်း တွေ့ရှိနေရသည်။ ထို့အပြင် အမျိုးသမီးတို့တွင် ငယ်စဉ်ကတည်းက ဝတ်ဆင်အသုံးပြုလျက်ရှိသည့် လည်ပင်းတွင် တပ်ဆင်သည့် ကြေးကွင်းများကိုလည်း ဝတ်ဆင်နေထိုင်လျက်ရှိနေသောကြောင့် ပဒေါင်တိုင်းရင်းသားတို့၏ လူနေမှု ဓလေ့စရိုက်တို့ကို လေ့လာကြည့်ရှုကြရန် ပြည်တွင်းပြည်ပမှ ဧည့်သည်များဖြင့် နေ့စဉ်စည်ကားလျက်ရှိနေကြောင်း သိရသည်။ **(အောက်ပုံ)**

ပဒေါင်တိုင်းရင်းသူတစ်ဦး ရိုးရာအထည်ရက်လုပ်နေမှုကို တွေ့ရစဉ်



အဆိုပါ ပဒေါင်များနေထိုင်သည့် ရွာထိပ်တွင် ပဒေါင်တိုင်းရင်းသားများ အသုံးပြုသည့်ပစ္စည်းများ၊ အဝတ်အထည်များ၊ ရိုးရာပစ္စည်းများ၊ အမှတ်တရပစ္စည်းများကို ဝယ်ယူ၍ရသည့်အပြင် ပဒေါင်တိုင်းရင်းသူများ မိရိုးဖလာပြုလုပ်နေသည့် ဂျပ်ခုတ်အထည်လုပ်ငန်းနှင့် ပဒေါင်တိုင်းရင်းသူတို့နှင့်အတူ ဓာတ်ပုံယှဉ်တွဲရိုက်ကူးနိုင်သောကြောင့် ရွာထိပ်ဈေးတွင်လည်း အထူးစည်ကားလျက်ရှိနေကြောင်း တွေ့ရှိနေရသည်။



ဒီမော့ဆိုမြို့နယ် ပန်ပက်ရွာတွင် ပဒေါင်(ခေါ်) ကယန်းတိုင်းရင်းသားတို့၏ နေထိုင်စားသောက်ပုံ၊ ရိုးရာဓလေ့များ၊ တိုင်းရင်းသူစစ်စစ်တို့ကို မျက်မြင်ကိုယ်တိုင်ကျ တွေ့မြင်နိုင်ခြင်းတို့ကြောင့် လာရောက် လည်ပတ်သူများ များပြားလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာ ကျဲကျဲ။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ် (မြောက် ပိုင်းနှင့် တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်။

တနင်္သာရီတိုင်း ဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**

**လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်း ဆန့်ကျင်ကြ**

## ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေသည်။

**(မိုး/ဇလ)**

# ခုံတိုင်(မြို)ရွာမီးရှို့ အကြမ်းဖက်သတ်ဖြတ်ခံရမှု ကမ္ဘာကိုသိစေချင်

**သတင်းဆောင်းပါး-သီသီမင်း၊ မင်းသစ် (MNA)၊ ဓာတ်ပုံ-နေလင်း**

**နိုင်ငံခြားသံတမန်တွေကို အဖြစ်မှန်ရှင်းပြဖို့ ခုံတိုင်ကျေးရွာ ခေါင်းဆောင် ဦးမောင်လှနဲ့အတူ ရောက်ရှိနေတဲ့ ခုံတိုင် ရွာသူရွာသားတွေဟာ သူတို့(မြို) မျိုးနွယ်စုတွေ စုဝေးနေထိုင်ခဲ့ရာ ခုံတိုင်(မြို) ရွာဟောင်းနေရာကို ဝမ်းနည်းပူဆွေးမှုတွေအပြည့်နဲ့ ငေးကြည့်နေကြပါတယ်။**

“ဒီနေရာကို မလာချင်ဘူး၊ ဒီနေရာရောက်ရင် စိတ်ထိခိုက်ရတယ်”လို့ မြို့တိုင်းရင်းသား တစ်ဦးဖြစ်သူ ခုံတိုင်ကျေးရွာခေါင်းဆောင် ဦးမောင်လှက ပြောပါတယ်။

တောင်များပတ်လည်ဝိုင်းရံထားတဲ့ တောင်တန်းတွေကြားထဲမှာ အေးချမ်းစွာနဲ့ ရွှေ့ပြောင်း တောင်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်နေထိုင်ကြတဲ့ မြို့တိုင်းရင်းသားတွေရဲ့ ခုံတိုင်ရွာလေးဟာ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေကြောင့် အခုအခါမှာတော့ မီးလောင်ပြင်ဖြစ်နေပြီး လူသူကင်းမဲ့နေတဲ့ ရွာပျက်တစ်ခုဖြစ်နေပါပြီ။

ယောကျ်ား၊ မိန်းမနဲ့ ကလေးများအပါအဝင် လူဦးရေ ၂၄၇ ဦး နေထိုင်တဲ့ အိမ်ထောင်စု ၃၀ သာရှိတဲ့ ခုံတိုင်(မြို) ရွာလေးဟာ (ဩဂုတ်လ ၂၅ ရက်၊ မောင်တောဒေသတွင် ARSA အစွန်းရောက်အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်စဉ်ဖြစ်ပွားပြီး လေးရက်မြောက်နေ့) မွန်းတည့် ၁၂ နာရီခန့်မှာ တုတ်၊ ဓား၊ သေနတ်များ ကိုင်ဆောင်ထားတဲ့ အကြမ်းဖက်သမား ၅၀၀ ခန့်က ရွာကိုမီးရှို့ကာ ရွာသူ၊ ရွာသားတွေကိုသတ်ဖြတ်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်ခြင်းကို ခံခဲ့ရပါတယ်။

“ရွာမှာရှိတဲ့ကင်းသမားက အချိန်မီအချက်ပေးလို့ တချို့ထွက်ပြေးကြတယ်။ ထွက်မပြေးနိုင်တဲ့သူတွေကိုတော့ အကြမ်းဖက်သမားတွေက သတ်ပစ်လိုက်ကြတယ်” လို့ ခုံတိုင်ကျေးရွာ ခေါင်းဆောင် မြို့တိုင်းရင်းသား ဦးမောင်လှက စကားသံခပ်ဝဲဝဲတွင် မချိတင်ကဲ နာကျင်ခံစားမှုများ ရောစွက်ကာ စကားဆိုပါတယ်။

အစွန်းရောက် အကြမ်းဖက်သမားများက ၎င်းတို့ရဲ့ ဘာသာစကားနဲ့ “ရွာကို မီးရှို့ အသေသတ်”ဆိုတဲ့ ကြိမ်းမောင်း အော်ဟစ်သံတွေ၊ ရွာရဲ့ နှစ်လမ်းတည်းသာရှိတဲ့ အရှေ့ဘက်သွားတဲ့လမ်း၊ အနောက်ဘက်သွားတဲ့လမ်း နှစ်လမ်းစလုံးကို အင်အားအလုံးအရင်းနဲ့ပိတ်ဆို့ကာ ရွာကိုဝိုင်းပြီး ထွက်မပြေးနိုင်တဲ့သူတွေကို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခဲ့တဲ့ပုံရိပ်တွေက ဦးမောင်လှအတွက် စိတ်ထဲမှာ တစ်သက်မမေ့နိုင်စရာ ပုံရိပ်ဆိုးတွေဖြစ်ခဲ့ပါပြီ။

ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် ခုံတိုင်(မြို)ရွာက အသက်(၇၅)နှစ်၊ အသက် (၆၅)နှစ်အရွယ် အမျိုးသမီးနှစ်ဦး၊ အသက်(၆၅)နှစ်၊ အသက် (၂၇)နှစ်၊ အသက် (၁၆)နှစ်အရွယ် ယောကျ်ားသုံးဦးနှင့် အသက် (၅)နှစ်အရွယ် ယောကျ်ားလေး ကလေးငယ်တစ်ဦးတို့ သေဆုံးခဲ့ရပြီး အမျိုးသား၊ အမျိုးသမီးနဲ့ ကလေးငယ်ခုနစ်ဦး ဓားခုတ်ဒဏ်ရာများ ရရှိခဲ့ပါတယ်။

အခုလို အကြမ်းဖက်သမားတွေလက်က လွတ်မြောက်ဖို့ အသက်လုထွက်ပြေးရတဲ့အခါမှာ ခုံတိုင်ရွာ အရှေ့ဘက် မေယုတောင်တန်းဘက်ကို တောလမ်းကနေထွက်ပြေးခဲ့ပြီး ည ၈ နာရီခန့်မှာ ဘူးသီးတောင်မြို့နယ်ထဲမှာရှိတဲ့ တောင်ပေါ် မြို့တိုင်းရင်းသားတွေနေတဲ့ ပန်စေရွာကို ရောက်ခဲ့ကြတယ်လို့ ကျေးရွာသားတွေထံမှ သိရပါတယ်။

ပန်စေ(မြို)ရွာမှာ ရက်ပေါင်း ၂၀ ခန့် ပုန်းခိုနေထိုင်ခဲ့ရပြီး စက်တင်ဘာ ၁၇ ရက်တွင်မှ မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာအုပ်စု လောင်းဒုံကျေးရွာကို ရောက်ရှိကာ ၎င်းတို့ရဲ့ မျိုးနွယ် မြို့တိုင်းရင်းသားတွေနဲ့အတူ သွားရောက်ပြီး စုပေါင်းနေထိုင်ကြတယ်လို့ ကျေးရွာသားတွေထံမှ သိရပါတယ်။

“ပစ္စည်းတွေလည်း သယ်ချိန်မရဘူး။ အသက်လုပြီး ထွက်ပြေးခဲ့ရတယ်။ အိမ်မှာမွေးထားတဲ့ ကြက်တွေ၊ ဝက်တွေလည်း ကျန်ခဲ့တယ်။ တောင်ယာမှာ စိုက်ပျိုးထားတဲ့ စပါးတွေလည်း အခုချိန် ဘယ်လိုဖြစ်နေတယ်ဆိုတာ မသိတော့ဘူး” လို့ ဦးမောင်လှက ပြောပါတယ်။

မောင်တော၊ ဘူးသီးတောင်ဒေသမှာ နေထိုင်ကြတဲ့ မြို့တိုင်းရင်းသားတွေဟာ တောတောင်နဲ့နီးတဲ့ နေရာတွေမှာ နေထိုင်ကြပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ခုံတိုင်ကျေးရွာမှာရှိတဲ့ မြို့တိုင်းရင်းသားတွေအနေနဲ့လည်း ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနဲ့ အဓိက အသက်မွေးဝမ်းကျောင်းပြုကြပြီး အေးချမ်းစွာ နေထိုင်ကြသူတွေပါ။

သံတမန်အဖွဲ့တွေကို ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ လူသတ်၊ ရွာလုံးကျွတ်မီးရှို့ လူသားမဆန်တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက်လုပ်ရပ်တွေအကြောင်းကို အသက်မသေဘဲ ကျန်ခဲ့တဲ့ ခုံတိုင်ကျေးရွာ မြို့တိုင်းရင်းသားတွေက ဖြစ်ရပ်မှန်တွေကို ရှင်းပြခဲ့တယ်လို့ ဒေသခံတွေထံမှ သိရပါတယ်။

“လူနည်းစုဖြစ်တဲ့ ခုံတိုင်(မြို) ကျေးရွာသားတွေ နည်းတူ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် သေဆုံးသွားကြတဲ့ ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်နဲ့ ဟိန္ဒူဘာသာဝင်တွေရဲ့ ကျန်ရစ်သူမိသားစုဝင်တွေနဲ့ သံတမန်အဖွဲ့တွေ တွေ့ဆုံပြီး အသတ်ခံရတဲ့အကြောင်းအရင်းကို မေးမြန်းခဲ့တယ်”လို့ ကျန်ရစ်သူမိသားစုတွေက ဆိုပါတယ်။



မီးရှို့ခံရသည့် ခုံတိုင်(မြို)ရွာမှ ဒေသခံများအား နိုင်ငံခြားသံတမန်များက တွေ့ဆုံမေးမြန်းစဉ်



ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခံရသည့် ခုံတိုင်(မြို)ရွာ၏ မီးလောင်ပြင်ကို တွေ့ရစဉ်

“မောင်တောမြို့ကို ခုံတိုင်ရွာကနေ သွားမယ်ဆိုရင် ကားလမ်းမကိုရောက်ဖို့ ခြေကျင်တစ်နာရီခန့် လမ်းလျှောက်ရမယ်။ အဲ့ဒီကမှတစ်ဆင့် မော်တော်ယာဉ်နဲ့ နှစ်နာရီကျော် မောင်းနှင်ပြီးမှ ရောက်တယ်”လို့ ရွာသားတစ်ဦးက ပြောပါတယ်။

လူနည်းစု မြို့တိုင်းရင်းသားတွေနေထိုင်တဲ့ ခုံတိုင်ကျေးရွာရဲ့ ရွာနီးချုပ်စပ်ဟာ ရခိုင်တိုင်းရင်းသားကျေးရွာတွေနဲ့ အလှမ်းကွာဝေးလွန်းနေပြီး ဘင်္ဂါလီတွေရဲ့ အနီးဆုံးနေရာမှာ တည်ရှိနေတဲ့အတွက် “လုံခြုံရေးမရှိရင် လက်ရှိလူဦးရေနဲ့ ရွာမှာ ပြန်မနေရဲသေးဘူး” လို့ ကျေးရွာသားတွေက တညီတညွတ်တည်း ပြောပြကြပါတယ်။

နိုင်ငံတော်အစိုးရရဲ့ စီစဉ်ပေးမှုနဲ့ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားတွေ တိုက်ခိုက်ဖျက်ဆီးခဲ့သည့် နေရာတွေကို သွားရောက်ကြည့်ရှုဖို့ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနဲ့ သံရုံးများမှ တာဝန်ရှိသူတွေ၊ UNRC၊ UNHCR၊ WFP၊ World Bank(Myanmar)၊ UNODC မှ တာဝန်ရှိသူတွေဟာ မောင်တောဒေသကို အောက်တိုဘာ ၂ ရက် က သွားရောက်ခဲ့ကြပါတယ်။

ခုံတိုင်ကျေးရွာ မီးလောင်ပြင်နေရာကို ရောက်လာတဲ့ မိသားစုဝင်တွေနဲ့ ...

မောင်တော၊ ဘူးသီးတောင်ဒေသမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှ စက်တင်ဘာလ ၂၆ ရက်နေ့အထိ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် သတ်ဖြတ်တိုက်ခိုက်ခဲ့မှုကြောင့် ဟိန္ဒူဘာသာဝင်များ၊ ရခိုင်၊ မြို၊ ဒိုင်းနက် တိုင်းရင်းသားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ အပြစ်မဲ့ပြည်သူများ အပါအဝင် ၈၄ ဦး သေဆုံးခဲ့ပြီး အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် အပြစ်မဲ့ပြည်သူ ၅၄ ဦးဟာလည်း ပျောက်ဆုံးနေတယ်လို့ သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

မီးဒဏ်ကြောင့် တွန့်လိန်ကောက်ကွေးနေတဲ့ လယ်ယာသုံးဓားများ၊ တစ်စစီ ပြန့်ကျဲနေတဲ့ အိုးခွက်ပန်းကန်များ၊ အကောင်းအတိုင်းမရှိတော့တဲ့ အသုံးအဆောင်ပစ္စည်းများကို ပြန်သုံးလို့ ရလိမ့်နိုးနိုးဖြင့် ရွာသားတချို့လိုက်လံကောက်ယူနေတဲ့ မြင်ကွင်းကို ငေးကြည့်ရင်း ဦးမောင်လှက-

“ခုံတိုင်(မြို)ရွာ မီးရှို့ခံရပြီး ရွာသားတွေ အကြမ်းဖက်သတ်ဖြတ်ခံရတာတွေကို ကမ္ဘာက သိစေချင်တယ်” လို့ ဆို့နင့် ကြေကွဲစွာ စကားဆိုခဲ့ပါတယ်။

**အစွန်းရောက် အကြမ်းဖက်သမားများက ၎င်းတို့ရဲ့ ဘာသာစကားနဲ့ “ရွာကို မီးရှို့ အသေသတ်”ဆိုတဲ့ ကြိမ်းမောင်းအော်ဟစ်သံတွေ၊ ရွာရဲ့ နှစ်လမ်းတည်းသာရှိတဲ့ အရှေ့ဘက်သွားတဲ့လမ်း၊ အနောက်ဘက်သွားတဲ့လမ်း နှစ်လမ်းစလုံးကို အင်အားအလုံးအရင်းနဲ့ပိတ်ဆို့ကာ ရွာကိုဝိုင်းပြီး ထွက်မပြေးနိုင်တဲ့သူတွေကို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခဲ့တဲ့ပုံရိပ်တွေက ဦးမောင်လှအတွက် စိတ်ထဲမှာ တစ်သက်မမေ့နိုင်စရာ ပုံရိပ်ဆိုးတွေဖြစ်ခဲ့**

❇ *ကျောဖုံးမှ*

ရှမ်းပြည်နယ် အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ ထွန်းလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း ရတနာစံကျောင်းတော်ပေါ်သို့ အသီးသီးပင့်ဆောင်၍ ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့ကြသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဖောင်တော်ဦး မြတ်စွာဘုရား ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝေပုလ္လာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ပူဇော်ကန်တော့၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် အင်းသားရိုးရာ တစ်ဦးချင်းလှေလှော်ပြိုင်ပွဲ၊ ၂၆ တက် (အမျိုးသမီး) လှေလှော်ပြိုင်ပွဲ၊ ၄၆ တက်လှေလှော်ပြိုင်ပွဲ၊ ရာကျော်လှေလှော်ပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပရာ ဆုရရှိကြသည့်အသင်းများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ တိုင်းမှူးဗိုလ်ချုပ် ဝင်းမင်းထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**စိုင်းအယ်ဘဲ(ညောင်ရွှေ)**




**ဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော် မြတ်များအား စံကျောင်းတော်ပေါ်သို့ ပြန်လည်ပင့်ဆောင်ရန် ဖောင်တော်ဖြင့်ဆွဲယူလာသည်ကို တွေ့ရစဉ်**

# Yangon Water Bus ပြေးဆွဲမှုအပေါ် ခရီးသွားပြည်သူအများစု ကျေနပ်အားရမှုရှိဟုဆို

ရန်ကုန် အောက်တိုဘာ ၈

**ရန်ကုန်မြို့နေပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန်နှင့် လှိုင်မြစ်ပြင်၏အလှကိုကြည့်ရှု၍ အင်းစိန်ခုံးကျော်တံတားအနီးမှ ဗိုလ်တထောင်ဆိပ်ကမ်းသို့ စိတ်အေးချမ်းသာစွာဖြင့် စီးနင်းနိုင်ရန် Yangon Water Bus ခရီးစဉ်ကို ယနေ့ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းမှ စတင်ပြေးဆွဲပေးခဲ့ရာ လိုက်ပါစီးနင်းသူ ပြည်သူအများ အားရကျေနပ်မှုများရှိသည့်နည်းတူ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါက ခရီးသွားများ ပို၍အားကိုးယုံကြည်မှုရှိနိုင်မည်ဖြစ်ကြောင်း Yangon Water Bus စီးနင်း သောခရီးသည်များထံမှ သိရသည်။**



"ဗားကရာကနေ လှိုင်ဘူတာရုံဆိပ်ကမ်းကို စီးလာတာပါ။ အခုပြန်ပြီး ဗားကရာကိုစီးမယ်။ ငွေကျပ် ၃၀၀ ပေးရတယ်။ စီးရတဲ့ခရီးသည်တွေ အဆင်ပြေတယ်။ ကုမ္ပဏီပဲ တည်တံ့အောင် ဆုတောင်းပေးတယ်။ မလုပ်နိုင်ဘဲရပ်သွားမှာလည်း စိုးရိမ်တယ်။ အတက်၊ အဆင်း သက်ကြီးရွယ်အိုတွေအတွက် ဗောတံတားနဲ့ ရေယာဉ်ကို သံတံတားပုံစံ ကုန်းပေါင်ထားရင် အဆင်ပြေနိုင်တယ်။ ပြီးတော့ စီးနင်းတဲ့ခရီးသည်တွေကလည်း စည်းကမ်းပိုင်းလိုက်နာဖို့လည်း လိုတယ်။ တမင်လိုက်စီးကြည့်တာပါ။ တစ်ခုက ဒီနေရာမှာမဆင်းဘဲ ဆက်ပြီးစီးနင်းလိုရင် ရေယာဉ်ပေါ်မှာ လက်မှတ်ရောင်းပေးနိုင်ရင် သက်ကြီးရွယ်အိုတွေ အတွက် အဆင်ပြေမယ်။ အပေါ်တက်ပြီးဝယ်နေချိန်မှာ ရေယာဉ်ထွက်သွားရင် နောက်တစ်စီး ထပ်စောင့်ရနိုင်တယ်" ဟု ဗားကရာမှ လိုက်ပါစီးနင်းသည့် အသက်(၅၈နှစ်)ရှိ ဦးမျိုးလွင်က ပြောသည်။

ယခုပြေးဆွဲနေသော Water Bus မှာ စင်းရေ ၁၃ စင်းရှိပြီး ခရီးသည် ၂၃၀ တင်ဆောင်နိုင်သော ရေယာဉ် သုံးစင်း၊ ခရီးသည် ၆၀ တင်ဆောင်သော ရေယာဉ်သုံးစင်းနှင့် ခရီးသည် ၁၂၀ တင်ဆောင်သော ရေယာဉ်ခုနစ်စင်းတို့ဖြင့် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း Yangon Water Bus ဖွင့်ပွဲအခမ်းအနားတွင် တင့်တင့်မြန်မာအုပ်စုကုမ္ပဏီဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောသည်။

"အခု ကျွန်မတို့ နံနက် ၉ နာရီခွဲမှာ လက်မှတ်ဝယ်ပြီး လှိုင်ဘူတာရုံဆိပ်ကမ်းကနေ မော်တင်ကို ဈေးဝယ်သွားဖို့ စောင့်နေတာ။ အင်းစိန်ကထွက်လာတဲ့ Water Bus က လူထပ်မတင်ဘဲ ခရီးသည်ချပြီး ဗားကရာဘက်ကို ဆက်ထွက်သွားတယ်။ ဒီကလက်မှတ်ဝယ်ထားတဲ့သူတွေ ဘယ်သူမှ မလိုက်သွားရဘူး။ နောက်တစ်စင်းက ဘယ်အချိန်လာမယ်ဆိုတာ မသိဘူး။ ကြေညာထားတဲ့ အချိန်တိုင်းသာ သွားလာနိုင်မယ်ဆိုရင် ခရီးသည်တွေ သွားလာမှုအဆင်ပြေမယ်လို့ မြင်တယ်။ အချိန်နောက်ကျပြီဆိုတော့ YBS ပဲ စီးရတော့မယ်။ မစီးရလို့ လက်မှတ်ပြန်ပေးရင် ငွေပြန်မအမ်းတာထက် လက်မှတ်ဝယ်ထားတဲ့ ခရီးသည်တွေ ကြေညာထားတဲ့ ခရီးစဉ်အတိုင်း ပြေးဆွဲပေးနိုင်အောင် ဆောင်ရွက်ပေးစေချင်တယ်" ဟု လှိုင်ဘူတာရုံဆိပ်ကမ်းမှ မော်တင်သို့ စီးနင်းခွင့်မရလိုက်သော မမာလာထွန်းက ပြောသည်။

"ကြည့်မြင်တိုင်ကနေ လိုက်ပြီးစီးကြည့်တာပါ။ အရေးကြီးတာက ခရီးစဉ်အချိန်ဇယားက ကြေညာထားတဲ့အတိုင်း ပုံမှန်ဖြစ်ဖို့လိုတယ်။ အချိန်ကိုကြည့်ပြီး ရန်ကုန်မြို့ထဲနဲ့ ဗိုလ်တထောင်ကိုသွားမယ့် ဝန်ထမ်းနဲ့ခရီးသည်တွေအတွက် ပြေးဆွဲချိန်မှန်ဖို့လိုတယ်။ ပထမဆုံး ဝန်ဆောင်မှုပေးတဲ့ရက်ဆိုတော့ နားလည်ပေးပါတယ်။ နောက်ရက်တွေမှာ ဒီနေ့လို အချိန်မမှန်ဘူးဆိုရင် ခရီးသည်တွေ အခက်အခဲရှိမယ်လေ။ အချိတ်အဆက်မိဖို့လိုတယ်။ အစင်းရေ နည်းနေလို့လားတော့ မသိဘူး။ ကျန်ခဲ့တဲ့ ခရီးသည်တွေလည်း တွေ့ရတယ်။ စီးရတာ လုံးဝ အဆင်ပြေ တယ်။ အချိန်မှန်မယ်ဆိုရင် ခရီးသည်တွေ အားကိုးမှာပဲ။ ဒါအဓိကပဲ" ဟု ကြည့်မြင်တိုင်မှ လိုက်ပါစီးနင်းသူ အသက်(၅၇နှစ်) ရှိ ဦးမောင်ကိုက ပြောသည်။

ဦးစွာ Water Bus ငါးစင်းဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ခရီးသည်သာ လိုက်ပါစီးနင်းနိုင်ပြီး ကုန်ပစ္စည်း တင်ဆောင်ခွင့်မရှိကြောင်းနှင့် ရေယာဉ်ပေါ်၌ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ရေထဲသို့ အမှိုက်များပစ်ခြင်းကို ခွင့်မပြုဘဲ နိုင်ငံတကာစည်းကမ်းနှင့်အညီ စီးနင်းနိုင်ရန်ဆောင်ရွက်ထားကြောင်း သိရသည်။

ဒီနေ့က ပထမဆုံး စတင်ပြေးဆွဲပြီး ဝန်ဆောင်မှုစပေးတဲ့နေ့ဆိုတော့ ကလေးတွေလည်းစီးချင်နေကြတယ်။ ကျွန်မလည်း အတူတူပါပဲ။ ဗိုလ်တထောင်ကို တိုက်ရိုက်ရောက်တဲ့အတွက် ယာဉ်ကြောပိတ်တတ်တဲ့ ကားလမ်းထက် ဘယ်လမ်းကပိုပြီး အဆင်ပြေလဲဆိုပြီး ရုံးတက်ရင်သွားလို့ရအောင် စမ်းစီးတာလည်း ပါပါတယ်။ ကလေးတွေကတော့ Water Bus ကို ကြည့်ပြီး ပျော်နေကြတာ။ အားသာချက်၊ အားနည်းချက် ရှိနိုင်တယ်။ ဝိုင်းဝန်းပြီး ဖြည့်ဆည်းဆောင်ရွက်သွားမယ်ဆိုရင် အဆင်ပြေမှာပါ။ ခရီးသည်ကလည်း စည်းကမ်းလိုက်နာဖို့ လိုတယ်။ လှိုင်မြစ်ကြည့်ပြီးသွားရတာနဲ့ ကားတန်းကြီးပိတ်နေတာကို ကြည့်ပြီးသွားရတာတော့ အရသာမတူတာ အသေအချာပဲ" ဟု ဝန်ထမ်းတစ်ဦးဖြစ်သော မပန်းသဇင်က ပြောသည်။ အစင်းရေတိုင်းတွင် လူဦးရေသတ်မှတ်ထားပြီး အင်းစိန်မှ ခရီးသည် လှိုင်ဘူတာရုံဆိပ်ကမ်းတွင် ဆင်းမည်ဆိုပါက ထိုခရီးသည်အရေအတွက်အတိုင်း လှိုင်ဘူတာရုံဆိပ်ကမ်းမှ လက်မှတ်ရောင်း၍ စီးနင်းနိုင်ရန် ကြိုတင်အကြောင်းကြားပေးနိုင်ပါက ခရီးသည်များအချိန်ပေး၍ စောင့်ဆိုင်းရန် မလိုကြောင်းကိုလည်း ခရီးသည်တစ်ဦးက အကြံပြုပြောကြားသည်။

**သန်းထိုက်(လှိုင်သာယာ)၊ဓာတ်ပုံ-သန်းစိုး**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အကြီးဆုံးကျွန်းပင်ကြီးများ ရေရှည်တည်တံ့စေရေး သစ်တောဦးစီးဌာနက စောင့်ကြည့်ရှင်းလင်းခြင်းနှင့်အတူ ဆက်စပ်လုပ်ငန်းများဆောင်ရွက်

**စစ်ကိုင်း အောက်တိုဘာ ၈**

အကြီးဆုံးကျွန်းပင်ကြီးများ ရေရှည်တည်တံ့စေရေးနှင့် မူလအနေအထား မပျက်တည်ရှိနေသော သဘာဝသစ်တောကြီး၏ ဇီဝမျိုးစုံမျိုးကွဲများ တည်တံ့စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနက အကြီးဆုံး ကျွန်းပင်ကြီးများပေါ်ရှိ နွယ်ပင်နှင့် ညောင်ပတ်ပင်များ ထပ်မံရှင်သန်မလာအောင် စောင့်ကြည့်ရှင်းလင်းခြင်းနှင့်အတူ ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်းပင်ကြီးတွေ ပတ်လည်မှာ ပိုမိုတောင့်တင်းသပ်ရပ်တဲ့ စည်းရိုးနဲ့ ပြောင်းလဲကာရံတာတွေ ဆောင်ရွက်နေသလို ကျွန်းပင်ကြီးတွေရဲ့ အခြေအနေကို မှတ်တမ်းထားပြီး လိုအပ်တဲ့ ပြုစုစောင့်ရှောက်မှုတွေကို မျက်ခြည်မပြတ် ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ဒါ့အပြင် ကျွန်းပင်ကြီးတွေပတ်လည်မှာရှိတဲ့ အခြားကျွန်းပင်တွေမှာလည်း နွယ်နဲ့ ညောင်ပတ်ပင်ရှင်းလင်းတာတွေ လုပ်နေပါတယ်။ ကျွန်းမျိုးဆက်ပင်နည်းပါးတဲ့နေရာတွေမှာ ကျွန်းပင်တွေ ဖြည့်စွက်စိုက်ပျိုးပြီး မူလကျွန်းတောရဲ့ တန်ဖိုးပြန်မြင့်လာစေဖို့ လုပ်ဆောင်နေပါတယ်။ အဲဒါတွေနဲ့အတူ တောရိုင်းတိရစ္ဆာန်တွေရှင်သန်ဖို့ အလွန်အကျွံ အမဲလိုက်တာတွေ သမားရိုးကျမဟုတ်တဲ့ ငါးဖမ်းတာတွေမရှိဖို့ ဒေသခံတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေသလို ကျွန်းပင်ကြီးတွေအပါအဝင် သဘာဝသစ်တောကြီးတွေရဲ့ အရေးပါဂုဏ်ယူနိုင်တာကို ဒေသခံတွေပိုသိပြီး ပြုစုထိန်းသိမ်းရေးလုပ်ငန်းတွေမှာ လက်တွဲပါဝင်လာစေဖို့ တိုးမြှင့်ဆောင်ရွက်နေပါတယ်။



သစ်တောဥပဒေနဲ့ ထိရောက်တဲ့ အရေးယူမှုတွေနဲ့ လက်ရှိ သဘာဝတောကို ကာကွယ်သွားရမှာဖြစ်ကာ ဥရုကြိုးဝိုင်းကို သဘာဝနယ်မြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်တဲ့ လုပ်ငန်းတွေဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်နှင့် ဟုမ္မလင်းမြို့နယ် ဆက်စပ်ရာဒေသ တောနက်ထဲတွင် ကမ္ဘာ့အကြီးဆုံး ကျွန်းပင်ဖြစ်လာမည့် ကျွန်းပင်ကြီးကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂၀ ရက်က အတည်ပြုနိုင်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် တာဝန်ပေးသော ကွင်းဆင်းအဖွဲ့ဝင် ၃၂ ဦးသည် ဩဂုတ် ၂၈ ရက်က ကျွန်းပင်ကြီးတွေရှိကာ အတည်ပြုမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

အကြီးဆုံး ကျွန်းပင်ကြီးများ တည်ရှိရာ ဥရုကြိုးဝိုင်း အကွက်အမှတ် ၇၈ နှင့် ၇၉ တို့တွင် လုံးပတ် ၁၀ ပေ အထက် ကျွန်းပင်အများအပြားနှင့် လုံးပတ်ပေ ၂၀ ဝန်းကျင်ရှိ ကညင်ပင် အများအပြားကို တွေ့ရကြောင်း သိရသည်။ လုံးပတ် ၂၇ ပေ ၅ လက်မရှိ ကျွန်းပင်ကြီးကို ဟုမ္မလင်း(၁)၊ လုံးပတ် ၂၇ ပေရှိ ကျွန်းပင်ကြီးကို ဟုမ္မလင်း(၂)ဟု အမည်ပေးသတ်မှတ်ထားပြီး တစ်ပင်နှင့်တစ်ပင်သည် တစ်မိုင်ခန့် အကွာတွင်တည်ရှိပြီး အမြင့်ပေ ၁၉၀၀ ခန့်ရှိသော တောင်ကြောတစ်ခု၏ ထိပ်နှစ်ဖက်စွန်းတွင်ရှိနေကြောင်း တွေ့ရှိမှတ်တမ်းတင်ထားမှုအရ သိရသည်။

**သံတိုင်ထွန်း**

# ရန်ကုန်မြို့နေပြည်သူများ စိတ်ဝင်စားမှုမြင့်တက်နေသည့် Yangon Water Bus ရေလမ်းကြောင်းခရီးစဉ်သစ်

## သတင်းဆောင်းပါး...ဇော်ကြီး၊ ဓာတ်ပုံ-ဇေဇော်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်မြို့နေပြည်သူများအတွက် ထူးခြားသည့် ရေလမ်းကြောင်းပို့ဆောင်ရေးစနစ် Yangon Water Bus ကို အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၈ ရက်တွင် အခကြေးငွေယူ၍ စတင်ပြေးဆွဲခဲ့ရာ မြို့နေပြည်သူများ အနေဖြင့် စိတ်ဝင်တစား လိုက်ပါစီးနင်းခဲ့ကြသည်။

ဘတ်စ်ကားများ ယာဉ်ကြောကျပ်တည်းမှုကိုရင်ဆိုင်နေရချိန်တွင် ယခုကဲ့သို့ ရေကြောင်းလမ်းမှနေ၍ သွားလာခြင်းကြောင့် ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုအတွက် အနည်းငယ်ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက Yangon Water Bus ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

Yangon Water Bus ကို တင့်တင့်မြန်မာကုမ္ပဏီက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောကျပ်တည်းမှုကို ကူညီဖြေလျှော့သည့်အနေဖြင့် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တင့်တင့်မြန်မာကုမ္ပဏီအုပ်စု(စီအီးအို)ဒေါ်တင့်တင့်လွင်က "Yangon Water Bus ပြေးဆွဲတဲ့နေရာမှာ လူကြောင့်၊ စက်ကြောင့်၊ ရာသီဥတုကြောင့်ဖြစ်လာခဲ့ရင် အချိန်နဲ့တစ်ပြေးညီ ထိန်းချုပ်လို့ရအောင် ထိန်းချုပ်စင်တာ (Control Center) တစ်ခုထားရှိပါတယ်။ နည်းစနစ်တွေကို ဟန်ဂေရီနိုင်ငံက ကုမ္ပဏီနဲ့ ဆက်သွယ်ပြီး ရယူထားတာပါ"ဟု Yangon Water Bus ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

Yangon Water Bus ရေယာဉ်များ ပြေးဆွဲရာတွင် ကပ္ပတိန်များကို ရေယာဉ်အုပ်အတွေ့အကြုံ ၁၀ နှစ်ရှိ ပထမတန်းရေယာဉ်အုပ်လက်မှတ်ရရှိထားသူများကိုသာ ခန့်ထားသည်ဟု ဒေါ်တင့်တင့်လွင်က ပြောကြားသည်။ Yangon Water Bus စီးနင်းရာတွင် ရေယာဉ်စီးနင်းသူခရီးသည်များ အဆင်ပြေစေရန်အတွက် အနည်းဆုံးငွေကျပ် ၅၀၀ မှ စတင်ဖြည့်သွင်းစီးနင်းနိုင်သည့် ကြိုတင်ငွေပေးရေယာဉ်စီးနင်းခွင့်ကတ် (Anypay) စနစ်ကိုပါ ထည့်သွင်းထားသည်။

"အခုပြေးဆွဲနေတဲ့ Water Bus က ကမ်းစပ်နဲ့နီးတဲ့ ပြည်သူတွေအတွက် အဆင်ပြေမယ်လို့တော့ထင်တယ်။ ရေလုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေအတွက်လည်း အနှောင့် အယှက်မရှိနိုင်ပါဘူး။ YBS နဲ့သွားရင် ယာဉ်ကြောကျပ်တဲ့အချိန် ရှိနိုင်တယ်။ အဆင့်ဆင့်စီးရတာမျိုးတွေရှိတယ်။ အခု Water Bus ကတော့ ဒါမျိုးတွေမရှိတော့ ပိုအဆင်ပြေမှာပါ။ နောက်ပိုင်းဆိုရင် အစင်းရေများများနဲ့ မှတ်တိုင်များများထားပြီး ပြေးဆွဲပေးရင် အားလုံးအတွက် ပိုကောင်းပါတယ်"ဟု အင်းစိန် ဆိပ်ကမ်းမှ မြို့တွင်းသို့ Water Bus လိုက်ပါစီးသူ ကိုသီဟထွန်းက ပြောသည်။

### မှတ်တိုင်ခြောက်ခုထားရှိ

လက်ရှိပြေးဆွဲပေးနေသည့် Yangon Water Bus များကို အင်းစိန်ဆိပ်ကမ်း၊ ရွှေပိတောက်လှိုင် ဘူတာရုံလမ်းဆိပ်ကမ်း၊ ကြည့်မြင်တိုင် ညဈေးပန်းခြံ (ဈေးကြီးတံတား)ဆိပ်ကမ်း၊ လမ်းသစ် (မော်တင်မှတ်တိုင်လူကူးခုံးကျော်တံတား)ဆိပ်ကမ်း၊ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းနှင့် ဗိုလ်တထောင်ဘုရားဝင်းအတွင်းရှိ ဗိုလ်တထောင်ဆိပ်ကမ်းဂိတ်ဟူ၍ မှတ်တိုင်ခြောက်ခုထားရှိပေးထားသည်။

တင့်တင့်မြန်မာကုမ္ပဏီ Project Manager ကိုထွန်းနိုင်လင်းက "Yangon Water Bus က တင့်တင့်မြန်မာကုမ္ပဏီရဲ့ လုပ်ငန်းခွဲတစ်ခုပါ။ ခရီးသည်တွေအကုန်လုံးဟာ ပန်းဆိုးတန်းနန်းသီတာဆိပ်ကပဲလာလာ၊ ဘယ်ကပဲ လာလာ အင်းစိန်ရောက်ရင် ခရီးစဉ်က ဂိတ်ဆုံးသွားပြီ။ အဲ့ဒီတော့ ခရီးစဉ်ဆုံးပြီဖြစ်တဲ့အတွက် ခရီးသည်တွေအကုန်လုံးက ကုန်းပေါ်ကိုအကုန်တက်ပေးရပါတယ်။ တစ်ယောက်တောင် အပိုမတင်ပါဘူး။ ကုန်းပေါ်မှာမဟုတ်ဘဲ ရေထဲမှာမောင်းတာဖြစ်တဲ့အတွက် ခုံပြည့်ပဲလက်ခံတယ်။ ဝန်ပိုစေမယ့် Over Load လက်မခံပါဘူး။ တချို့ခရီးသည်တွေက အသွား၊ အပြန်ပတ်ပြီးစီးချင်တယ်။ ပြန်မဆင်းချင်ဘူး။ ဒါပေမယ့် ကျွန်တော်တို့က အများနဲ့ လုပ်တာကြောင့် အများကိုပဲဦးစားပေးပြီး ဆင်းခိုင်းပါတယ်။ လက်ရှိ ဆိပ်ကမ်းကို ခြောက်ခုလုပ်ထားပေမယ့် နောက်ပိုင်း ပန်းလှိုင်အိမ်ရာမှာလည်း ကပ်ပါမယ်။ ဆိပ်ကမ်းတွေ ဆက်လက်ပြီးတိုးချဲ့ဖို့ ရှိပါတယ်"ဟုပြောသည်။

Yangon Water Bus ကို အပိုင်းသုံးပိုင်းဖြင့် တိုးချဲ့ပြေးဆွဲသွားရန် ဆောင်ရွက်လျက်ရှိပြီး လှိုင်သာယာနှင့် ရွှေပြည်သာအထိခရီးစဉ်ကိုလည်း ထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ကိုထွန်းနိုင်လင်းက ပြောသည်။



အင်းစိန် Terminal ဆိပ်ခံဇောတံတားသို့ Yangon Water Bus ခရီးစဉ် ပြန်လည်ဆိုက်ရောက်လာစဉ်

Yangon Water Bus စတင်ပြေးဆွဲသည့် လက်ရှိ အပိုင်း(၁)ခရီးစဉ် ဗိုလ်တထောင်-အင်းစိန်မြစ်ကြောင်းခရီးစဉ်တစ်လျှောက်အတွက် ငွေကျပ် ၃၀၀ ဖြင့် ပြေးဆွဲပေးနေပြီး ဒုတိယပိုင်းအနေဖြင့် ညောင်တန်း-မြောက်ဒဂုံမြစ်ကြောင်း၊ တတိယပိုင်းအနေဖြင့် Star City သန်လျင်အတွက် ချဲ့ထွင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)အတွင်းရေးမှူး ဒေါက်တာမောင်အောင်ထံမှ သိရသည်။

ဒေါက်တာမောင်အောင်က "Yangon Water Bus က ကျွန်တော်တို့ YRTA ရဲ့ ထိန်းချုပ်မှုအောက်မှာပဲရှိပါတယ်။ အခုသူတို့စပြေးဆွဲနေတဲ့ အင်းစိန်က ပထမခရီးစဉ်ပေါ့။ ဒုတိယခရီးစဉ်အနေနဲ့ မြောက်ဒဂုံ ငမိုးရိပ်အထိ ဆက်သွားဖို့ရှိမယ်။ တတိယခရီးစဉ်က Star City အိမ်ရာ သန်လျင်ဘက်ကိုကူးမှာပေါ့။ လှိုင်သာယာ၊ ရွှေပြည်သာပါ ဆွဲပေးမယ်။ ဆိပ်ကမ်းကလုပ်နေတယ်။ ကျွန်တော်တို့ တင်ဒါခေါ်ပြီး စရွေးတုန်းက တင့်တင့်မြန်မာပဲ အောင်တာ။ ပြိုင်တဲ့ကုမ္ပဏီနှစ်ခုမှာ အခြားတစ်ခုက အတွေ့အကြုံမရှိဘူး။ တင့်တင့်မြန်မာက ရေနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိတယ်။ ဒါကြောင့် သူ့ကိုရွေးခဲ့တာ"ဟု ပြောသည်။

### စည်းကမ်းများသတ်မှတ်ပေးထား

Yangon Water Bus စီးနင်းလိုက်ပါမည့် ခရီးသည်များအတွက် စည်းကမ်းများသတ်မှတ်ပေးထားပြီး ရေလမ်းခရီးဖြစ်ခြင်းကြောင့် စည်းကမ်းကို ပိုမိုအလေးပေးထားခြင်းဖြစ်ကြောင်း တင့်တင့်မြန်မာကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုထွန်းနိုင်လင်းက "စည်းကမ်းချက်အနေနဲ့ကတော့ သင်္ဘောပေါ်မှာ ကွမ်းစားလို့မရပါဘူး။ ဆေးလိပ်သောက်လို့မရပါဘူး။ ကွမ်းစားပြီးတော့လည်း သင်္ဘောပေါ်ကို တက်ခွင့်မပေးပါဘူး။ ရေယာဉ်မောင်းနေစဉ်မှာလည်း အားလုံးက ခုံမှာပဲထိုင်ပေးရပါမယ်။ မတ်တတ်ရပ်လို့မရပါဘူး။ ကျွန်တော်တို့အနေနဲ့ စည်းကမ်းကို စတင်အကောင်အထည်ဖော်နေသလို ပြည်သူတွေအနေနဲ့လည်း စည်းကမ်းကိုလိုက်နာစေချင်ပါတယ်"ဟု ဆိုသည်။

Yangon Water Bus ကို လက်ရှိတွင် ရေယာဉ်ငါးစင်းဖြင့် စတင်ပြေးဆွဲနေသော်လည်း လိုက်ပါစီးနင်းသည့် ခရီးသည်အပေါ်မူတည်၍ရေယာဉ်များကို နေ့စဉ်တိုးမြှင့်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက " အင်းစိန် Water Bus ဆိပ်ကမ်းဆောက်တဲ့အခါမှာလည်း ဒေသခံအခြေခံလူတန်းစားတွေအလုပ်ရကြတယ်။ အခုလို စတင်ပြေးဆွဲတဲ့အခါမှာတော့ စီးနင်းတဲ့လူတော်တော်များတယ်။ အခက်အခဲအနေနဲ့ကတော့ ကျွန်တော်တို့ ရပ်ကွက်တွေမှာက လက်လုပ်လက်စားတွေများတဲ့အတွက် ဒီနေရာမှာဈေးရောင်းချင်တဲ့သူတွေရှိနေတယ်။ ဒါပေမယ့် ဒီနေရာက နိုင်ငံတကာအဆင့်မီလုပ်ထားတဲ့အတွက် သက်ဆိုင်ရာက ဒီနေရာကို ဆက်လက်ပြီးသာယာအောင် ဘယ်လိုလုပ်ဆောင်မလဲ ဆိုတာကိုတော့ မသိသေးပါဘူး။ အဲဒီတော့ ဒီနေရာကို ဈေးသည်တွေ လာရောက်ဈေးရောင်းချမှုမျိုးမရှိအောင် စောင့်ကြည့်တားမြစ်ပြီး သက်ဆိုင်ရာ အထက်အဖွဲ့အစည်းကို တင်ပြနေရပါတယ်။ ဒေသခံအခြေခံလူတန်းစားတွေအတွက် ဈေးရောင်းချဖို့ စနစ်တကျလေးဖော်ဆောင်ပေးရင် ကောင်းတာပေါ့"ဟု ပြောသည်။

အင်းစိန်ကမ်းနားတွင်နေထိုင်သူ ဒေသခံ ဒေါ်မြမြခင်က "အရင်က စက်ချုပ်လုပ်ငန်းလုပ်တာပါ။ ရတဲ့လစာနဲ့သိပ်အဆင်မပြေတော့ ဈေးရောင်းရင် အဆင်ပြေမယ်ထင်လို့ ထွက်ရောင်းတာပါ။ အခုလောလောဆယ်တော့ သက်ဆိုင်ရာက ဈေးမရောင်းခိုင်းလို့ ဟိုပြေးဒီပြေးနဲ့ရောင်းနေရတာပါ။ ကျွန်မတို့လို အခြေခံလူတန်းစားတွေအတွက်ကိုလည်း ဂိတ်ဝင်းရဲ့ အပြင်ဘက်တစ်နေရာရာမှာ နေရာလေးတစ်ခုလောက်အတည်တကျသတ်မှတ်ပေးပြီး ဈေးရောင်းချခွင့်ပြုရင်တော့ ကောင်းတာပေါ့ " ဟုပြောသည်။

Yangon Water Bus ဂိတ်များတွင် ရေယာဉ်ထွက်ခွာချိန်နှင့် ဆိုက်ရောက်ချိန်ခရီးစဉ်များကို ခရီးသည်များ အလွယ်တကူသိရှိနိုင်စေရန် ကပ်ထားပေးသည်ကို တွေ့ရသည်။

စမ်းချောင်းမှနေ၍ Water Bus လိုက်ပါစီးနင်းသူ ဦးနေဝင်းအောင်က "ဒီနေ့က အလုပ်နားတော့ မိသားစုလိုက် လာစီးဖြစ်တာပါ။ လာတာကအဆင်ပြေတယ်။ အခု မြို့ထဲကိုပြန်သွားဖို့ကျတော့ စီးတဲ့သူကများတဲ့အတွက် အခေါက်ရေစောင့်ရတာပေါ့။ အခုတောင် နှစ်စင်းစာလူပြည့်နေပြီပြောတယ်။ သင်္ဘောအစင်းရေတိုးလာရင် အဆင်ပြေတယ်။ YBS ကားက ကျပ်တယ်။ Water Bus က တော်တော်လေးချောင်ချောင်ချိချိသက်သောင့်သက်သာစီးရတယ်။ ကြည့်မြင်တိုင် ကနေအင်းစိန်ကိုစီးလာတာတစ်နာရီနီးပါးလောက် စီးရတယ်" ဟု ပြောပြသည်။

### ရေရှည်အတွက် ပြန်လည်ညှိနှိုင်းသွားမည်

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) သည် လက်ရှိတွင် တင့်တင့်မြန်မာကုမ္ပဏီထံမှ ငွေကြေးကောက်ယူခြင်းမရှိသေးသော်လည်း နောက်ပိုင်း ရေရှည်အတွက် ပြန်လည်ညှိနှိုင်းသွားမည် ဖြစ်ကြောင်း သိရသည်။

ဒေါက်တာမောင်အောင်က "ရရှိတဲ့ဝင်ငွေကို ခွဲယူဖို့အတွက်တော့ လက်ရှိမှာ ကျွန်တော်တို့ YRTA အနေနဲ့ မပြောရသေးပါဘူး။ သူတို့ရဲ့ အရင်းအနှီးကများတယ်။ အဲ့ဒီလိုအရင်းအနှီးများတဲ့အပြင် ကောက်ခံတဲ့ငွေကြေး ၃၀၀ ဆိုတာက လည်းနည်းပါတယ်။ လောလောဆယ်တော့ သူတို့ဆီက ပိုက်ဆံကောက်ဖို့ မရှိသေးပေမယ့် ရေရှည်အတွက်တော့ ပြန်ညှိရဦးမှာပါ။ သူတို့ တိုးချဲ့ဖို့ အစီအစဉ်က ခရီးသည်ပေါ်မူတည်ပြီး သူတို့ဆက်လုပ်သွားမှာပါ"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ခြောက်သန်းကျော်နေထိုင်လျက်ရှိပြီး ခရီးသွားလာရာတွင် အများစုမှာ ဘတ်စ်ကားများကိုသာ အားထားနေကြရာမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် စတင်ပြေးဆွဲလျက်ရှိသည့် ရေလမ်းသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ်သစ် Yangon Water Bus သည် ရန်ကုန်မြို့နေခရီးသွားပြည်သူများအတွက် သက်သောင့်သက်သာရှိသော ဝန်ဆောင်မှုကိုပေးနိုင်မည့် ရေလမ်းကြောင်းခရီးစဉ်သစ်တစ်ခုအဖြစ် မျှော်လင့်လျက်......။ ။

---

✢ *ကျောဖုံးမှ*

ထို့ပြင် ယခုနှစ်တွင် အဆင့်မြင့်အခန်း ၅၄၀ ပါဝင်သော ဟိုတယ် ၁၁ လုံး တည်ဆောက်ခွင့်ပြုမိန့် တင်ထားပြီး ဆောက်လုပ်နေဆဲဖြစ် ကြောင်းလည်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့သည် သံလွင်မြစ်ကို ပတ်ခွေစီးဆင်းနေခြင်းနှင့်အတူ တော၊ တောင်၊ သဘာဝထုံး ကျောက်လိုဏ်ဂူများရှိခြင်း၊ ဇွဲကပင်တောင်နှင့် သမိုင်းဝင်ဆံတော်ရှင်ဘုရားနှင့် အထင်ကရနေရာများပြားခြင်းကြောင့်လည်း ပြည်တွင်းခရီးသွားလေ့လာသူများနှင့် ဘုရားဖူးများ တစ်နေ့တခြားများပြားလာခြင်းနှင့်အတူ ပြည်ပခရီးသွား လေ့လာသူများကလည်း စိတ်ဝင်တစားလာရောက်မှု ပိုမိုများပြားလာသည်။

ဘားအံမြို့နယ်အတွင်းရှိ ဘုရင့်ညီနောင်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဖားကပ်လင်းနို့ဂူ၊ ကျောက်ကလပ်၊ ချစ်သူ့မြိုင် အပန်းဖြေဥယျာဉ်၊ ဇွဲကပင်လုမ္ဗိနီ အင်ကြင်းတစ်ထောင်နှင့် အပျော်စီး ကေဘယ်ချဲလ်၊ တောင်ဝိုင်းတောင်၊ ဖားပုတောင်၊ ကော့ကသောင်လိုဏ်ဂူ၊ လွန်းညရေပြာအိုင်နှင့် ဆဒ္ဒန်ဂူတို့အပြင် ကျုံထော် ရေတံခွန်စသည့် ကရင်ပြည်နယ်၏ ဆွဲဆောင်မှုအားကောင်းသော သဘာဝအရင်းအမြစ်များကြောင့် ရန်ကုန်မှ ဘားအံသို့ နေ့ချင်းပြန်ခရီးစဉ်များ၊ ပြည်တွင်းနေ့ချင်းပြန်ခရီးစဉ်များအဖြစ် လာရောက်မှု တစ်နေ့တခြား ပိုမိုများပြားလာကြောင်း သိရသည်။

ထို့ပြင် နိုင်ငံခြားခရီးသွားများကလည်း သဘာဝအလှများဖြင့် ပြည့်စုံမှုရှိသော ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ အထင်ကရနေရာများသို့ လာရောက်မှုရှိရာတွင် ဥရောပနိုင်ငံများဖြစ်သည့် ပြင်သစ်၊ နယ်သာလန်နှင့် ဂျာမနီနိုင်ငံသားများမှ ခရီးသွားလေ့လာဝင်ရောက်မှု အများဆုံးဖြစ်နေကြောင်း သိရသည်။

၂၀၁၆ ခုနှစ်တွင် မဟာမဲခေါင် အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးဖောက်လုပ်မည့် အစီအစဉ်စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့်လည်း တရုတ်နိုင်ငံသားများက လုပ်ငန်းကိစ္စများနှင့်ခရီးသွားဝင်ထွက်သွားလာမှု ယခင်နှစ်များထက် ပိုမိုမြင့်တက်လာကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ကျုံထော်ရေတံခွန်၏ သာယာလှပမှု၊ ဆွဲဆောင်မှုအားကောင်းခြင်းကြောင့် ပြည်တွင်းခရီးစဉ်တွင် ကျုံထော်ရေတံ ခွန်ခရီးစဉ်သည် ပြည်သူများအကြား ရေပန်းစားလာပြီး ခရီးစဉ်တွင် မပါမပြီးသလိုဖြစ်လာသည်။

ကရင်ပြည်နယ်အတွင်း ပြည်တွင်းခရီးသွားလာရေးအတွက် လွတ်လပ်စွာ သွားလာခွင့်ပြုထားသော်လည်း ပြည်ပခရီးသွားလေ့လာသူများအတွက် ဘားအံအတွင်းနှင့် မြဝတီအတွင်း၌သာ နိုင်ငံခြားခရီးသွားလုံခြုံမှုအဖြစ် အကန့်အသတ်ဖြင့် ခွင့်ပြုထားပြီး နိုင်ငံခြားခရီးသွား ဧည့်သည်များကို အခြားမြို့နယ်များသို့ ဝင်ထွက်သွားလာနိုင်ရေးအတွက် တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် ငြိမ်းချမ်းရေးရရှိလာ၍ ပြည်သူ့ဘဝတည်ငြိမ်အေးချမ်းလာခြင်းကြောင့် ပြည်ပခရီးသွားလေ့လာသူများ ယခင်ထက် ပိုမိုဝင်ရောက်ခြင်းဖြစ်သည်။

ထိုသို့ ပြည်တွင်း၊ ပြည်ပခရီးသွားလာမှု ကရင်ပြည်နယ်အတွင်း ပိုမိုတွင်ကျယ်လာခြင်းကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် လုပ်ကိုင် ဆောင်ရွက်နေကြသည့် ဟိုတယ်ဝန်ထမ်းများအား စွမ်းဆောင်ရည်မြင့်မားရေးအတွက် ၂၀၁၄ ခုနှစ်မှ စတင်၍ ၁၉ ကြိမ်ထိ ဖွင့်လှစ်နိုင်ခဲ့ကာ ဘားအံမြို့တွင် ၁၅ ကြိမ်၊ မြဝတီမြို့တွင် သုံးကြိမ်၊ သံတောင်မြို့တွင် တစ်ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၁၅၀ လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

# မိုးနဲမြို့ မြို့မဈေး မီးပုံးပျံပြုတ်ကျမှုကြောင့် အထည်ဆိုင်လေးခန်း မီးလောင်

**မိုးနဲ အောက်တိုဘာ ၈**

လင်းခေးခရိုင် မိုးနဲမြို့နယ် မြို့မဈေး အရှေ့ဘက်တိုက်တန်း အထည်ဆိုင်ခန်းနေရာ၌ အောက်တိုဘာ ၇ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က မီးပုံးပျံပြုတ်ကျရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။



ဖြစ်စဉ်မှာ ယင်းနေ့ည ၆ နာရီ ၄၅ မိနစ်ခန့်က မိုးနဲမြို့ မြို့မဈေး အရှေ့ဘက်ဆိုင်ခန်းပိုင်ရှင် ဒေါ်ရှောက်ရှန်း၏ အထည်ဆိုင်အမိုးပေါ်သို့ မီးပုံးပျံကျရာမှတစ်ဆင့် စတင်မီးကူးခဲ့ပြီး ဆိုင်ခန်းအတွင်းရှိ အထည်များသို့ ဆက်လက်မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုအား စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ၊ ပြည်သူများက မီးသတ်ယာဉ်နှစ်စီးနှင့် ရေသယ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ပိုင်ရှင်ဒေါ်ရှောက်ရှန်း၏ အထည်ဆိုင် လေးခန်းတွဲမှာ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက် )**

# အင်းတော်မြို့နယ်အတွင်း ၅၆ အစုန် လူစီးအထူးအမြန်ရထားတွဲချော်မှုဖြစ်

**အင်းတော် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ဘုံချောင်းဘူတာနှင့် နမ်းခမ်းဘူတာကြား ရထားတွဲချော်မှုဖြစ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက် ညနေ ၆ နာရီခန့်တွင် အင်းတော်မြို့နယ် ဘုံချောင်းဘူတာမှထွက်ခွာသွားသော အမှတ် ၅၆ အစုန်လူစီးအထူးအမြန်ရထားသည်ဘုံချောင်းနှင့် နမ်းခမ်း ဘူတာကြား မိုင်တိုင်အမှတ် ၅၃၆/၃ နှင့်၄ ကြားတွင် စက်ခေါင်းနောက် ၅ တွဲမြောက် တွဲအမှတ် DMUEZ -12921 တွဲ၏ ဘီးအမှတ် (၄)သည် သံလမ်းအတွင်းကျပြီး ဘီးအမှတ် (၅)သည် သံလမ်းအပြင်သို့ကျကာ လမ်းချော်သွားကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိကြောင်းလည်း သိရသည်။

မီးရထားလမ်းပိုင်း အလျင်အမြန်ကောင်းမွန်စေရန်အတွက်လမ်းချော်သောနေရာသို့ နမ်းခမ်းဘူတာမှ RBE စက်ခေါင်းဖြင့် နမ်းခမ်းရုံပိုင်ကြီးနှင့် မီးရထားလမ်း အင်ဂျင်နီယာနှင့်အဖွဲ့တို့က လာရောက်ပြုပြင်နေကြကြောင်း သိရသည်။ အခင်းဖြစ်နေရာအား ဝန်းသိုမြို့နယ် နမ်းခမ်းရဲကင်းစခန်းမှ လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။ **လူအောင်(ကသာ)**

# သန်လျင်၌ ကုန်တင်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်တိုက်၊ သုံးဦးသေဆုံး

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ခြောက်လမ်းသွားလမ်းမကြီး၌ အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ၂၂ ဘီး ကုန်တင်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်တို့တိုက်မိခဲ့ရာ သုံးဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့နယ် ခြောက်လမ်းသွားလမ်းမကြီးအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်လာသော ဘိလပ်မြေအိတ်များ တင်ဆောင်လာသည့် ယာဉ်အမှတ် 4M/------- SINO TRUCK ၂၂ ဘီးယာဉ်သည် ကြာနီကန်ကွင်း မိုင်တိုင်အမှတ် ၄/၇ ရှေ့အရောက် လမ်းဘေးတွင် ရပ်တန့်ထားသည့် အမှတ် ၁၂၆ မင်းလှ လမ်းသွယ် ၉၀ ရပ်ကွက် ဒဂုံဆိပ်ကမ်းမြို့နယ်နေသူ သုံးဘီးဆိုင်ကယ်မောင်း ကိုနေလင်းအောင် (၃၅ နှစ်)၏ ၉ဟ/----- သုံးဘီးဆိုင်ကယ်ကို နောက်မှဝင်ရောက်တိုက်မိခဲ့သည်။

ထိုသို့ဝင်ရောက်တိုက်မိသဖြင့်သုံးဘီးဆိုင်ကယ်ယာဉ်နောက်တွင်ထိုင်နေသည့် ကနောင်မင်းသားကြီးလမ်း (၈၈)ရပ်ကွက် ဒဂုံဆိပ်ကမ်းမြို့နယ်နေသူ ဒေါ်အေးမွေး (၃၂နှစ်)၊ ကွမ်းအက်မင်းသားလမ်း (၈၉) ရပ်ကွက် ဒဂုံဆိပ်ကမ်းမြို့နယ်နေသူ မောင်ဖွဲ့ထက် (၁၅နှစ်)နှင့် အမှတ် (၁၂၆) မင်းလှလမ်းသွယ် (၉၀) ရပ်ကွက် ဒဂုံဆိပ်ကမ်းမြို့နယ်နေသူ မောင်ပြည့်ဖြိုးအောင် (၁၃ နှစ်)တို့သုံးဦးသည် အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးသွားခဲ့ပြီး သုံးဘီးဆိုင်ကယ်ယာဉ်မောင်း ဦးနေလင်းအောင်တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသဖြင့် သန်လျင် အထွေထွေရောဂါကုဆေးရုံ၌ ပြင်ပလူနာအဖြစ်လည်းကောင်း၊ ကွမ်းအက်မင်းသားလမ်း (၈၉) ရပ်ကွက် ဒဂုံဆိပ်ကမ်းမြို့နယ်နေသူ မစုပုံချစ်(၁၁ နှစ်)မှာ သတိလစ်မေ့မြောနေသဖြင့် သန်လျင်အထွေထွေရောဂါကုဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာ (စိုးရိမ်ရ)ဖြင့် လွှဲပြောင်းကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါသုံးဘီးဆိုင်ကယ်ယာဉ်အား ဝင်ရောက်တိုက်မိသော ယာဉ်အမှတ် 4M/------ ၂၂ ဘီးကုန်တင်ယာဉ်မှာ အရှေ့ပိုင်းတက္ကသိုလ်အရှေ့(တာ၀)တွင် ယာဉ်ကို ရပ်တန့်ထားခဲ့ပြီး ယာဉ်မောင်း (စုံစမ်းဆဲ)မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ 4M/----- ယာဉ်မောင်း (စုံစမ်းဆဲ) အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ဘုန်းတော်ကြီးကျောင်း ကြမ်းခင်းပြိုကျ၍ ၁၉ ဦး ဒဏ်ရာရ

**မကွေး အောက်တိုဘာ ၈**

မြို့သစ်မြို့နယ် စစ်တလင်းအုပ်စု ကွင်းကျေးရွာ၌ အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းက ဘုန်းတော်ကြီးကျောင်း ကြမ်းခင်းပြိုကျ၍ လူ ၁၉ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ဝါးကြီးအိုင်နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က စိတ္တသုခရွာဦးကျောင်းတိုက်၌ မကွေးမြို့ မာန်အောင်ရပ်ကွက်နေ ကထိန်ဒါယကာ ဦးကျော်ဝင်း၊ ဒါယိကာမ ဒေါ်လှလှလေးတို့၏ ကထိန်အလှူပွဲရေစက်ချတရားနာကို ပရိသတ် ၅၀ ခန့်က တရားနာယူပြီးနောက် ကျောင်းပေါ်မှအဆင်း ဘုန်းတော်ကြီးကျောင်း၏ အကျယ် ၁၀ ပေ ပတ်လည်ခန့် အခန်းနှစ်ခန်း၏ ရက်မနှစ်ချောင်းမှာ ကျိုးကျခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်ကြောင့် လူအများမှာ ကျောင်းအောက်သို့ပြုတ်ကျခဲ့ပြီး ကွင်းကျေးရွာနေ အမျိုးသမီး ၁၉ ဦးမှာ ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် တိုင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း ဝါးကြီးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်မင်းမင်းစိုးထံမှ သိရသည်။ **ကျော်ဇေယျ**

# ဆီဘောက်ဆာယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်မောင်းသူသေဆုံး

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ကုလားလက်ဝဲတံတား တံတားတိုင်အမှတ် (Y-2)တွင် အောက်တိုဘာ ၇ ရက် ည ၈ နာရီ ၁၀ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၂၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ဒဂုံဆိပ်ကမ်း)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ သန်လျင်ဘက်မှ ဒဂုံဆိပ်ကမ်းဘက်သို့ သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက်နေ တင်မြင့်ထွန်း(၃၂ နှစ်)မောင်းနှင်လာသော 9B/---- Nissan Disel ဆီဘောက်ဆာယာဉ်နှင့် သန်လျင်မြို့နယ် ကုလားဝဲကျေးရွာနေ ရန်အောင်(၂၄ နှစ်)မောင်းနှင်လာသော FIELING-125 ဆိုင်ကယ်တို့ အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် တိုက်မိခဲ့ပြီး ရန်အောင်တွင် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ တင်မြင့်ထွန်းနှင့် ရန်အောင်တို့အား ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် သစ်များသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၇ စီး၊ သွင်းကုန် ၃၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများ အားစစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၃၃၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၁၂ သန်းခန့် စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၀၅၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၇ ရက်တွင် သတင်းအရ မူဆယ်သို့သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Dyna ခြောက်ဘီးယာဉ်တစ်စီးသည် မိုင်တိုင်အမှတ် ၁၉၄ မိုင်၊ ၃ ဖာလုံ မိုင်းလီကျေးရွာအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရင်းတိုက်သစ် ၄၈ တုံး (၀ ဒသမ ၈၉၄၀ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၇၈၈ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ရင်းတိုက်သစ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်**

# ၂၂ ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်မိ ဆိုင်ကယ်မောင်းသူသေဆုံး

**ညောင်လေးပင် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၃)ရပ်ကွက် ပင်းတလဲကျောင်းကွေ့ ရန်ကုန်-မန္တလေးကားလမ်းတွင် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီခွဲက ၂၂ ဘီးယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်မောင်းသူသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၉၁/၅ နှင့် ၉၁/၆)ကြား ရန်ကုန်ဘက်မှ မန္တလေးဘက်သို့(အမည်မသိ၊ နေရပ်လိပ်စာစုံစမ်းဆဲ) (၅၀ နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးမောင်းနှင်လာသော ၄၉ယ/----- TURBO100 အမျိုးအစား ဆိုင်ကယ်နှင့် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ သိန်းလွင်ဦး(၄၃ နှစ်)ထောက်ကြန့်မြို့နေသူ မောင်းနှင်လာသော 5F/---- (TRACTOR HEAD) ၂၂ ဘီးယာဉ်တို့ လမ်းလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သဖြင့် ပြွန်တန်ဆာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အမြန်လမ်းမကြီးတွင် စက်တင်ဘာလအတွင်း ယာဉ်မတော်တဆမှု ၃၄ ကြိမ်ဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် စက်တင်ဘာလအတွင်း ယာဉ်မတော်တဆမှုဖြစ်စဉ် ၃၄ ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ကိုးဦးနှင့် ဒဏ်ရာရရှိသူ ၂၅ ဦးရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ ဖြစ်စဉ်များတွင် ယာဉ်မောင်းများ ယာဉ်ကိုမဆင်မခြင် ပေါ့ဆစွာမောင်းနှင်မှုကြောင့် လည်းကောင်း၊ အမြန်လမ်းပေါ်သို့တက်ရောက်မောင်းနှင်ခွင့်မရှိသော အနှေးယာဉ်များဖြစ်သည့် ထော်လာဂျီ၊ သုံးဘီးယာဉ်၊ ဆိုင်ကယ်များကြောင့် လည်းကောင်း၊ အမြန်လမ်းပေါ်သို့ ကျွဲ၊ နွား၊ ဆိတ် တိရစ္ဆာန်များ တက်ရောက်၍ လည်းကောင်း၊ လမ်းဖြတ်ကူးသူများကြောင့် လည်းကောင်း၊ လမ်းကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့်လည်းကောင်း စသည့်အကြောင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်ကလည်း ဒက္ခိဏသီရိမြို့နယ် ပလွေး အမြန်လမ်းမကြီးအပိုင်း မိုင်တိုင်အမှတ် (၂၀၃/၃)နှင့် (၂၀၄/၄)ကြားတွင် ရန်ကုန်ဘက်သို့ ယာဉ်မောင်း မြင့်မြတ်အောင် မောင်းနှင်လာသော CALDINA မော်တော်ယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါခြောက်ဦးမှာ ထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ အနည်းငယ် ပျက်စီးသွားခဲ့သည်။

သို့ပါ၍ ယာဉ်မောင်းအား သက်ဆိုင်ရာက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# နိုင်ငံ၏ အချုပ်အခြာကို ကာကွယ်နိုင်မည့် စွမ်းအားအဖြစ် နျူကလီးယားအစီအစဉ်ကို ကင်ဂျုံအမ်းအမွှမ်းတင်

**ဆိုးလ် အောက်တိုဘာ ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ရန်နည်းလမ်းမှာ တစ်ခုတည်းသာရှိတော့ကြောင်း ပြောကြားခဲ့ပြီးနောက် နာရီများစွာအကြာတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းသည် ၎င်း၏ နျူကလီးယားလက်နက်များမှာ စွမ်းအားပြည့်ဝသည့် ဟန့်တားနိုင်စွမ်းရှိသော လက်နက်များဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို အာမခံပေးနိုင်မည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာက တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့သည်။

ထရန့်သည် မည်သည့်အဓိပ္ပာယ်ဖြင့် ထိုသို့ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းမသိရသော်လည်း ၎င်း၏ မှတ်ချက်အရ မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ စစ်ရေးအရသာ ဖြေရှင်းဆောင်ရွက်လိုဟန်ရှိသည်ဟု မီဒီယာများတွင် ဖော်ပြသည်။


အောက်တိုဘာ ၈ ရက်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်း ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီနှင့် တွေ့ဆုံစဉ်

လက်ရှိအာဏာရနေသည့် အလုပ်သမားပါတီ၏ ဩဇာအာဏာကြီးမားသည့် ဗဟိုကော်မတီနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ကင်သည် ရှုပ်ထွေးနက်နဲသည့် နိုင်ငံတကာအခြေအနေများနှင့်ပတ်သက်၍ မိန့်ခွန်းပြောဆိုခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်များသည် စွမ်းအားကြီးမားပြီး ကိုရီးယားကျွန်းဆွယ်နှင့် အရှေ့မြောက်အာရှဒေသအတွင်းရှိ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ဘေးကင်းစိတ်ချရစေမည့် ဟန့်တားနိုင်စွမ်းရှိသည့်လက်နက်များဖြစ်ကြောင်း ကင်က ပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ် အနည်းငယ်အတွင်းက မြောက်ကိုရီးယားသည် ဂျပန်ပင်လယ်ပြင်ကိုဖြတ်ကျော်ကာ ၎င်း၏ ခြောက်ခုမြောက် နျူကလီးယားစမ်းသပ်မှုကိုလုပ်ဆောင်ခဲ့သည်။ ထို့ပြင် အမေရိကန်ကုန်းတွင်းပိုင်းအထိ ရောက်ရှိထိမှန်စေနိုင်မည့် နျူကလီးယားထိပ်ဖူးတပ်လက်နက်များ တိုးတက်ထုတ်လုပ်နိုင်ရေးရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် မြန်မြန်ဆန်ဆန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **(ရိုက်တာ)**

# ဝန်ကြီးချုပ် မာကယ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌတို့ ကက်တလိုနီးယားအရေးဆွေးနွေး

**ဘရပ်ဆဲလ် အောက်တိုဘာ ၈**

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ ယန်းကလောဒ်ယွန်ကာတို့သည် ကက်တလိုနီးယားတွင် ဖြစ်ပွားနေသည့် ပဋိပက္ခနှင့်ပတ်သက်၍ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု ပြုလုပ်ခဲ့ကြကြောင်း ဥရောပသမဂ္ဂမှ အာဏာပိုင်တစ်ဦးက စနေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦး ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုသည် ဥရောပတစ်လွှား၌ ပြိုကွဲမှုများပိုမိုကြီးထွားလာနေသည့်လက္ခဏာကိုထင်ဟပ်စေခဲ့သည်။ ထိုသို့ဆွေးနွေးမှုသည် လာမည့်ရက်သတ္တပတ်တွင် ကက်တလန်အစိုးရက လွတ်လပ်ရေးကြေညာနိုင်ဖွယ်ရှိသည့် အခြေအနေနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လာနေမှုကို ပြသခဲ့သည်။





စပိန်အစိုးရသည် ဆယ်စုနှစ်များစွာကြာအောင် ဖြစ်ပွားခဲ့သည့် စပိန်နိုင်ငံ၏ အဆိုးရွားဆုံးပဋိပက္ခကို ပိုမိုဆိုးရွားလာအောင် တုံ့ပြန်ခဲ့သည့်အတွက် စိုးရိမ်ဖွယ်အခြေအနေများ ပေါ်ပေါက်လာစေခဲ့သည်။

ဥရောပသမဂ္ဂနှင့် အိန္ဒိယထိပ်သီးဆွေးနွေးပွဲကျင်းပသည့် သောကြာနေ့တွင် ဥရောပကော်မရှင်ဥက္ကဋ္ဌက ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ထံသို့ အိန္ဒိယမှ ဆက်သွယ်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် စပိန်တွင်ဖြစ်ပွားနေသည့်ကိစ္စနှင့် အခြားအကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်ဟု ဥရောပသမဂ္ဂအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။ သို့သော် အသေးစိတ်အကြောင်းအရာများကို ဖော်ပြခဲ့ခြင်းမရှိပေ။

ဥရောပဇုန်အတွင်း၌ စတုတ္ထမြောက်အကြီးဆုံးဖြစ်သည့် စပိန်စီးပွားရေးတွင် အကျပ်အတည်းဖြစ်ပေါ်မှု၏ မကောင်းသောအကျိုးဆက်များနှင့်ပတ်သက်၍ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ မြို့ကြီးများတွင် စိုးရိမ်ပူပန်မှုများ မြင့်တက်လာလျက်ရှိသည်။ ဥရောပကော်မရှင်အဖွဲ့သည် ကက်တလိုနီးယားနှင့် စပိန်ခေါင်းဆောင်များအား နိုင်ငံရေးအရ ဆွေးနွေးမှုဖြင့်ဖြေရှင်းရန် ကြိမ်ဖန်များစွာတိုက်တွန်းခဲ့သည်။ **(ရိုက်တာ)**

## ဂျက်ဒါ၌ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပြည်သူများကိုသတိပေးနှိုးဆော်

**ရီယာ့ဒ် အောက်တိုဘာ ၈**

ဂျက်ဒါရှိ ငြိမ်းချမ်းရေးနန်းတော်အနီးတစ်ဝိုက်၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း လူမှုကွန်ရက်မှ သတင်းများပေါ်ထွက်လာပြီးနောက်တွင် ဆော်ဒီအာရေဗျရှိ အမေရိကန်သံရုံးက အဆိုပါ ဧရိယာအနီးရှိပြည်သူများအား သတိဝီရိယဖြင့် နေထိုင်ကြရန် သတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

ဘုရင့်နန်းတော်အနီးတွင် လုံခြုံရေးအင်အားစုများက နှောင့်ယှက်တိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု ခိုင်မာမှုမရှိသည့် သတင်းအချို့ ပေါ်ထွက်လာခဲ့သည်။ တိုက်ခိုက်မှုအတွင်း တိုက်ခိုက်သူနှင့် လုံခြုံရေးအစောင့်အချို့ သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။

ဆော်ဒီအစိုးရသည် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ တရားဝင်ကြေညာချက်ထုတ်ပြန်မှုမပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ပိတ်ဆို့မှုအသစ်များ ချမှတ်ရန်ပြင်ဆင်နေသည့်အတွက် အမေရိကန်ကိုအီရန်သတိပေး

**တီဟီရန် အောက်တိုဘာ ၈**

အမေရိကန်ပြည်ထောင်စုက ၎င်း၏ တော်လှန်ရေးအစောင့်တပ်ဖွဲ့ကို အကြမ်းဖက်အုပ်စုအဖြစ် ပုံသွင်းနေသည်ဟု အီရန်က ပြောဆိုခဲ့ပြီး နောက်ထပ်ပိတ်ဆို့မှုများ လုပ်ဆောင်ပါက အမေရိကန်ဒေသဆိုင်ရာ စစ်အခြေစိုက်စခန်းများအနေဖြင့် အန္တရာယ်နှင့် ရင်ဆိုင်ရလိမ့်မည်ဟု သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

အကယ်၍ အမေရိကန်သည် ပိတ်ဆို့မှုများပြုလုပ်ရန် ဥပဒေသစ်တစ်ရပ်ကို ချမှတ်လာခဲ့လျှင် အမေရိကန်သည် ၎င်း၏ ဒေသဆိုင်ရာစစ်အခြေစိုက်စခန်းများကို အီရန်၏ ဒုံးကျည်များမှ ၂၀၀၀ ကီလိုမီတာအကွာအဝေးပြင်ပသို့ ဖယ်ရှားသွားရလိမ့်မည်ဟု အစောင့်တပ်ဖွဲ့အကြီးအကဲ မိုဟာမက် အလီဂျဖာရီက ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာတွင် ဖော်ပြချက်အရ သိရသည်။

သမ္မတဒေါ်နယ်ထရန့်သည် အီရန်၏ ဒုံးကျည်စမ်းသပ်မှုအသစ်များနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုနှင့် ဆိုက်ဘာတိုက်ခိုက်မှုများကို အားပေးထောက်ခံနေသည်ဟု တုံ့ပြန်ပြောဆိုလိုက်ကြောင်း ကြေညာခဲ့သည်ဟု အိမ်ဖြူတော်က သောကြာနေ့တွင် ပြောကြားခဲ့သည်။

အကယ်၍ အမေရိကန်အစိုးရသည် တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်များကို အကြမ်းဖက်အုပ်စုများအဖြစ် ထင်မြင်လျက်ရှိသည်ဆိုသော အချက်သာမှန်ကန်ပါက တော်လှန်ရေးအစောင့်တပ်ဖွဲ့များကလည်း အမေရိကန်တပ်မတော်ကို အိုင်အက်စ်အဖွဲ့ကဲ့သို့ပင် ထည့်သွင်းစဉ်းစားသွားရလိမ့်မည်ဖြစ်ကြောင်း ဂျဖာရီက ဖြည့်စွက်ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အီရန်ကို ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်လာစေရန် ဖိအားပေးသွားနိုင်မည်ဟု ထင်မှတ်နေပါက အမှားကြီး မှားသွားပြီဖြစ်ကြောင်း ဂျဖာရီ၏ပြောကြားချက်ကို အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားဌာန သတင်းဝက်ဘ်ဆိုက်က ထုတ်လွှင့်ပြသခဲ့သည်။
**(ရိုက်တာ)**



# နိုင်ငံတကာ သတင်းတိုထွာ

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဆိုက်ဘာလုံခြုံရေးတို့တွင် တရုတ်နှင့် အမေရိကန်ပူးပေါင်း

**ဝါရှင်တန် အောက်တိုဘာ ၈**

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါး တန်ပြန်တိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် (ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များစသည်တို့ကို) မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေး စသည့်ကဏ္ဍများတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း အစိုးရအချင်းချင်းပူးတွဲကြေညာချက်ထုတ်ပြန်ချက်အရ သိရသည်။

ယခုထုတ်ပြန်လိုက်သော ပူးတွဲကြေညာချက်သည် အောက်တိုဘာ ၅ ရက်က ပထမဆုံးအကြိမ်ဆွေးနွေးခဲ့သော တရုတ်-အမေရိကန်တရားဥပဒေစိုးမိုးရေးနှင့် ဆိုက်ဘာလုံခြုံရေး ဆွေးနွေးပွဲမှရရှိခဲ့သော အဓိကရလဒ်များကို လိုရင်းအနှစ်ချုပ်ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြေညာချက်တွင် တရုတ်နှင့် အမေရိကန်နှစ်ဖက်စလုံးမှ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ချက်ထားရှိကြောင်း ဖော်ပြခဲ့သည်။ ထိုသို့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရာတွင် မူးယစ်ဆေးဝါးမှောင်ခိုမှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုများကို တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် တစ်ဦးချင်းစီ၏ သတင်းအချက်အလက်များနှင့် လမ်းကြောင်းများဝေမျှရေး စသည့်အချက်များပါဝင်ကြောင်း သိရသည်။

(ဆင်ဟွာ)

## အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို နောင်လာမည့် သမ္မတသက်တမ်းအတွက် ရေပန်းစားလျက်ရှိ

**ဂျကာတာ အောက်တိုဘာ ၈**

သုံးနှစ်ကြာ သမ္မတတာဝန်ထမ်းဆောင်ပြီးနောက် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုအစိုးရသည် ပြည်သူ့ သဘောတူထောက်ခံမှုအတော်များများရရှိထားကြောင်း၊ လာမည့် ၂၀၁၉ ခုနှစ် သမ္မတရွေးကောက်ပြိုင်ပွဲအတွက် ထိပ်ဆုံးမှ နာမည်ကြီးနေသူဖြစ်ကြောင်း နောက်ဆုံးစစ်တမ်းများအရ သိရသည်။

ဆိုင်ဖူမူဂျာနီသုတေသနနှင့်အကြံပေးအေဂျင်စီ (အက်စ်အမ်အာရ်စီ) မှ ကောက်ယူခဲ့သော နောက်ဆုံးစစ်တမ်းအရ လက်ရှိသမ္မတဂျိုကိုဝီဒိုဒိုသည် ၎င်း၏ဆောင်ရွက်မှုအတွက် ပြည်သူ့ထောက်ခံမှုကို စက်တင်ဘာလအထိ ၆၈ ရာခိုင်နှုန်းရရှိထားပြီး ဦးဆောင်နေကြောင်း သိရသည်။ သမ္မတဂျိုကိုဝီဒိုဒိုကို ထောက်ခံသည့် ပြည်သူ့ထောက်ခံမှုမှာ တည်ငြိမ်လျက်ရှိပြီး ယခုထက်ပိုမိုပြီး အခြေအနေပိုကောင်းလာဖွယ်ရှိကြောင်း သိရသည်။

လက်ရှိတွင် သမ္မတဂျိုကိုဝီဒိုဒိုသည် ၆၈ ရာခိုင်နှုန်းအထိ ရရှိနေကြောင်း အက်စ်အမ်အာရ်စီမှ အမှုဆောင်အရာရှိ ဒီဂျေယာဒီဟာနန်က ပြောခဲ့သည်။ (ဆင်ဟွာ)

# ရုရှားနဲ့အတူ ကောင်းမွန်တဲ့ဆက်ဆံရေးသစ်ထူထောင်လိုက်တဲ့ဆော်ဒီ

**ချိုးစန္ဒီမွေး**



ကမ္ဘာ့ရေနံထုတ်လုပ်မှု အမြင့်ဆုံးနှစ်နိုင်ငံဖြစ်တဲ့ဆော်ဒီအာရေဗျနဲ့ရုရှားတို့ဟာ တစ်ချိန်တုန်းကတော့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ပြိုင်ဘက်နိုင်ငံတွေဖြစ်ခဲ့ပေမယ့်အခုချိန်မှာတော့ ရင်းနှီးတဲ့ဆက်ဆံရေး ထူထောင်ဖို့ကြိုးစားနေကြပါပြီ။ ဆော်ဒီဟာ အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ရဲ့ အဓိကမဟာမိတ်နိုင်ငံပဲ ဖြစ်တယ်။ အမေရိကန်နဲ့အချိန်တိုင်းလိုလို ပြိုင်ဘက်တွေဖြစ်နေတဲ့ ရုရှားဟာ ဆော်ဒီဘုရင်ကို ကရင်မလင်နန်းတော်မှာ မကြာသေးမီက ကြိုဆိုလက်ခံတွေ့ဆုံခဲ့ပါတယ်။ ရုရှားသမ္မတ ပူတင်ဟာဆော်ဒီဘုရင်ဆယ်မန်ကို လက်ခံတွေ့ဆုံခဲ့တာကိုကြည့်ရင် သက်တမ်းအရှည်ကြာဆုံးသော ပြိုင်ဘက်နှစ်နိုင်ငံကြားဆက်ဆံရေးပြန်လည် ကောင်းမွန်လာဖို့ အလားအလာကောင်းတွေ တွေ့နေရသလိုပါပဲ။

ဆော်ဒီနဲ့ရုရှားဟာ ကမ္ဘာ့ရေနံထုတ်လုပ်မှုအမြင့်ဆုံးနိုင်ငံတွေဖြစ်ကြတာနဲ့အညီ သမ္မတပူတင်နဲ့ ဘုရင်ဆယ်မန်တို့ကြားတွေ့ဆုံမှုမှာရေနံဈေးကွက်တည်ငြိမ်ဖို့ကို သေချာပေါက်ဆွေးနွေးမှာပဲဖြစ်တယ်။ ဒါ့အပြင် စီးပွားရေးတိုးတက်ဖို့ဆီးရီးယားစစ်ပွဲ မြန်မြန်အဆုံးသတ်စေဖို့ အစရှိတာတွေကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ဘုရင်ဆယ်မန်ဟာ ၂၀၁၅ ခုနှစ်မှာ ထီးနန်းဆက်ခံခဲ့တာဖြစ်ပြီး သူထီးနန်းရပြီးချိန်ကစပြီး ဆော်ဒီနိုင်ငံရဲ့မဟာမိတ်အဖြစ်နှစ်ပေါင်းများစွာ ကတည်းက အမေရိကန်တစ်နိုင်ငံကိုပဲ ယုံကြည်ကိုးစားခဲ့တာကို ပြောင်းလဲပစ်ဖို့ ကြိုးစားခဲ့ပါတယ်။ နိုင်ငံတကာမှာ မဟာမိတ်တွေရှာဖို့ လုပ်ဆောင်ခဲ့တယ်လို့နိုင်ငံရေးသုတေသီတွေက ပြောပါတယ်။

ဆီးရီးယားအရေးမှာလည်း ဆော်ဒီဟာ ဆီးရီးယား သမ္မတအာဆတ်ကို တစ်ချိန်လုံးဆန့်ကျင်ခဲ့ပေမယ့် ရုရှားကတော့ အာဆတ်အတွက် ကယ်တင်ရှင်ပါပဲ။ ဒီတော့ ဆီးရီးယား စစ်ပွဲအဆုံးသတ်ဖို့ဆိုရင် ရုရှားရဲ့အဓိကအရေးပါမှုကို လျစ်လျူရှုထားလို့မရပါဘူး။ အခုခရီးစဉ်ကလည်း အရှေ့အလယ်ပိုင်းဒေသမှာ ရုရှားရဲ့ အရေးပါမှုကို အသိအမှတ်ပြုလိုက်တာပါပဲ။ ဆယ်မန်ဘုရင်နန်းတက်ပြီးတဲ့နောက် ရှေးရိုးဆန်တဲ့ လူမှုအဖွဲ့အစည်းကနေရုန်းထွက်နိုင်အောင် ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ပြည်ပဆက်ဆံရေးတွေကောင်းမွန်လာအောင်လည်း ဆောင်ရွက်ခဲ့တယ်။ ဆော်ဒီဟာ အမျိုးသမီးတွေကို ကားမောင်းခွင့်မပေးတဲ့ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော တိုင်းပြည်ဖြစ်ပြီး အမျိုးသမီးတွေပေါ်မှာ ဖိနှိပ်ချုပ်ချယ်တယ်ဆိုပြီး အနောက်နိုင်ငံတွေက သတ်မှတ်ကြပါတယ်။ ဒါပေမယ့် မကြာသေးမီကတော့ ပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေနဲ့ အမျိုးသမီးတွေကို ကားမောင်းခွင့်ပေးလိုက်ပြီး အမျိုးသမီးတွေအတွက် ကားမောင်းသင်တန်းတွေလည်း ဖွင့်လှစ်ပေးမယ်လို့ သိရပါတယ်။ ရုပ်ရှင်ရုံတွေပိတ်ထားမှုကိုလည်း မကြာတော့တဲ့ကာလမှာ ပယ်ဖျက်ပေးတော့မယ်လို့ ယူဆရပါတယ်။

ရာစုနှစ်တစ်ဝက်ကျော်အထိ ဆော်ဒီဟာ အမေရိကန်ကို သူ့ရဲ့အရေးကြီးတဲ့မဟာမိတ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ အရှေ့အလယ်ပိုင်းဒေသအတွင်း စီးပွားရေး၊ နိုင်ငံရေးနဲ့ လုံခြုံရေးကိစ္စတွေမှာ အတူတကွ ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီအချိန်ကာလတွေတုန်းက ဆိုဗီယက်ပြည်ထောင်စုကြီးကို ရန်သူလို့သတ်မှတ်ခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ်တွေတုန်းက ဆိုဗီယက်ပြည်ထောင်စုဟာ အာဖဂန်နစ္စတန်ကို ကျူးကျော်ဝင်ရောက်ခဲ့ပြီး ယခုအချိန်မှာ ဆော်ဒီဘုရင်ဖြစ်လာမယ့် ဆယ်မန်ကတော့ အဲဒီအချိန်တုန်းက မင်းသားဘဝမှာပဲရှိပါသေးတယ်။ သူမင်းသား ဘဝတုန်းက ဆိုဗီယက်ကို တွန်းလှန်ဖို့အတွက် အာဖဂန်ကတိုက်ခိုက်ရေးသမားတွေကို ထောက်ပံ့ပေးဖို့ ဆော်ဒီလူချမ်းသာတွေဆီက ရန်ပုံငွေတွေ ကောက်ခံခဲ့ပါတယ်။ အခုအချိန်မှာတော့ အချိန်ကာလတွေ ရွှေ့လျားပြောင်းလဲလာခြင်းနှင့်အတူ တစ်ဖက်နှင့်တစ်ဖက်ထားရှိတဲ့ အယူအဆတွေဟာလည်း ပြောင်းလဲလို့လာပါတယ်။ ဆော်ဒီဘုရင်ရဲ့ ရုရှားခရီးစဉ်ဟာ အမေရိကန်သမ္မတ ထရန့် ဆော်ဒီကိုသွားရောက်ပြီးတဲ့နောက်မှ ဖြစ်ပေါ်လာတာဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသရဲ့ ဆက်ဆံရေးတွေဟာလည်း ပြောင်းလဲလာပြီဆိုတာ ပြသလိုက်သလိုပါပဲ။

မကြာသေးခင်နှစ်တွေတုန်းကတော့ ဆော်ဒီနဲ့ရုရှားဆက်ဆံရေးဟာဆီးရီးယားအရေးနဲ့ပတ်သက်ပြီး အနုတ်သဘောဆောင်ခဲ့ပါတယ်။ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တွေနဲ့ ဆော်ဒီနိုင်ငံတို့ဟာ ဆီးရီးယားသမ္မတအာဆတ်ကို ဖြုတ်ချပစ်ဖို့ ကြိုးစားခဲ့ကြပြီး ရုရှားကတော့သူ့ရဲ့ နှစ်ပေါင်းများစွာကတည်းကမဟာမိတ်ဖြစ်ခဲ့တဲ့ အာဆတ်အတွက် တပ်ကူတွေ စေလွှတ်ပေးခဲ့ပါတယ်။ ရုရှားရဲ့အကူအညီကြောင့်ပဲ အာဆတ်ဟာ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး အခုအချိန်မှာလည်းသူ့ရဲ့ အနာဂတ်ဟာ သေချာသလောက်တည်ငြိမ်မှုရှိနေပါပြီ။ အခုအချိန်မှာတော့ ဆော်ဒီဟာလည်း ဆီးရီးယားသမ္မတအာဆတ်ကိုဖြုတ်ချဖို့ အစီအစဉ်ကို လက်လျှော့လိုက်ပါပြီ။ ရုရှားအပေါ်သူ့ရဲ့ရပ်တည်ချက်ကလည်း ပြောင်းလဲသွားပါပြီ။

အရှေ့အလယ်ပိုင်းမှာပဋိပက္ခတွေကိုလျှော့ချပစ်ဖို့အတွက် ပဋိပက္ခမဖြစ်ပွားရေးဇုန်တည်ဆောက်ဖို့ဆိုရင် ရုရှားဟာ ဆော်ဒီရဲ့အကူအညီကို လိုအပ်တယ်လို့ လေ့လာသုံးသပ်သူတွေက ပြောကြပါတယ်။ တစ်ဖန်ဆော်ဒီကလည်း သူ့ရဲ့ဒေသတွင်းရန်သူဖြစ်တဲ့ အီရန်ကို ဆန့်ကျင်နိုင်ဖို့ရုရှားရဲ့အကူအညီလိုအပ်တယ်လို့သုံးသပ်ကြပါတယ်။ ဒါပေမယ့်လည်း ရုရှားဟာဆီးရီးယားအရေးမှာ အာဆတ်ဘက်က အကူအညီပေးနေတဲ့ အီရန်ကိုပစ်ပယ်ပြီး ဆော်ဒီဘက်ကရပ်တည်ပါ့မလားဆိုတာကတော့ သံသယဖြစ်ဖွယ်ပါပဲ။ ဆော်ဒီဘက်ကတော့ရုရှားနဲ့ဆက်ဆံရေးထူထောင်နိုင်ပြီလို့ယုံကြည်ထားပါတယ်။ ဒါပေမယ့် ရုရှားဟာ အီရန်နဲ့လည်း အခင်အမင်မပျက်ပါဘဲ။ ဒါဟာဆော်ဒီကိုစိုးရိမ်သောကရောက်စေပါတယ်။

ရုရှားနဲ့ဆော်ဒီကို နောက်ထပ်ရင်းနှီးသွားစေတဲ့အချက်ကတော့ရေနံကိစ္စပါပဲ။ ၂၀၁၄ခုနှစ်မှာ ရေနံဈေးတွေကျသွားတဲ့နောက်နှစ်နိုင်ငံစလုံးဟာ တူညီတဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဘတ်ဂျက်လိုငွေပြမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး အကြီးဆုံးသော ရေနံထုတ်လုပ်သူနှစ်နိုင်ငံဟာ ဒီအခက်အခဲတွေကိုရင်ဆိုင်ကျော်လွှားဖို့ ကြိုးစားဖြေရှင်းခဲ့ရပါတယ်။ ဒီအချက်တွေကြောင့်လည်း ဆော်ဒီနဲ့ရုရှားဟာ ပိုပြီးရင်းနှီးသွားစေတယ်လို့ သုံးသပ်သူတွေက ပြောပါတယ်။

အခုလိုမျိုး ရုရှားနဲ့ဆော်ဒီရင်းနှီးသွားတာဟာ အမေရိကန်ကိုဒေါသထွက်စေမှာလား။ ဒါကတော့မသေချာပါဘူး။ အမေရိကန်ဟာ ဆော်ဒီကရေနံကို သဘောကျနှစ်ခြိုက်တယ်။ ပြီးတော့ နှစ်နိုင်ငံ ခိုင်မာတဲ့ဆက်ဆံရေးမျိုးရှိတယ်။ ဒီတော့ အမေရိကန်နဲ့ဆော်ဒီရဲ့ဆက်ဆံရေးကို မထိခိုက်လောက်ဘူးလို့ ယူဆရပါတယ်။

ရုရှားနဲ့ဆော်ဒီနှစ်နိုင်ငံဟာ လက်နက်နဲ့ပတ်သက်တဲ့စာချုပ်၊ အခြားသောကိစ္စရပ်တွေအတွက် သဘောတူညီထားပြီး ဒေါ်လာတစ်ဘီလီယံတန်ဖိုးရှိပူးပေါင်းရင်းနှီးမြှုပ်နှံမှုစာချုပ်မှာလည်း သဘောတူလက်မှတ်ရေးထိုးထားပါတယ်။ ရုရှားရဲ့နာမည်ကြီးကလာရှနီကော့ဗ် ရိုင်ဖယ်သေနတ်စက်ရုံကိုလည်း ဆော်ဒီမှာ တည်ဆောက်ဖို့ သဘောတူထားကြောင်း ကြေညာခဲ့ပါတယ်။

ရုရှားရဲ့စီးပွားရေးဟာ အမေရိကန်နဲ့ ယှဉ်ရင်ပိတ်ဆို့မှုတွေကြောင့် အထိနာထားတာတွေ ရှိပါတယ်။ ၂၀၁၄ ခုနှစ် ခရိုင်းမီးယားအရေးနဲ့ပတ်သက်ပြီး ရုရှားကိုပိတ်ဆို့မှုတွေ ပြုလုပ်ထားတာတွေလည်း ရှိပါတယ်။ ဆော်ဒီရဲ့ရင်းနှီးမြှုပ်နှံမှုတွေဟာ ရေနံဈေးကျဆင်းမှုနဲ့ အနောက်အုပ်စုရဲ့ ပိတ်ဆို့မှုတွေကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်နေတဲ့ရုရှားအတွက် အထောက်အကူဖြစ်စေမှာပါ။

အမေရိကန်နဲ့ဆော်ဒီဟာ နှစ်ပေါင်းများစွာ မဟာမိတ်တွေဖြစ်ခဲ့တော့ သူတို့ကြားမှာရှိတဲ့ ဆက်ဆံရေးကိုအလွယ်တကူ ဖျက်ပစ်လို့တော့ရမှာမဟုတ်ပါဘူး။ ရုရှားမှာဆော်ဒီရဲ့ ရင်းနှီးမြှုပ်နှံမှုတွေက သေချာသလောက်ရှိနေပါပြီ။ ကြာသပတေးနေ့က ရုရှားနိုင်ငံကို သွားရောက်ခဲ့တဲ့ ဆော်ဒီဘုရင်ကို ကရင်မလင်နန်းတော်မှာ ကြိုဆိုခဲ့ပြီး အဲဒီအခမ်းအနားကို လူပေါင်းတစ်ထောင်လောက် တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီပွဲမှာ ရုရှားသမ္မတ ပူတင်ဟာ ဆော်ဒီဘုရင်ရဲ့ရုရှားခရီးစဉ်ကနေ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုကို ဆောင်ကြဉ်းပေးနိုင်မှာပါလို့ ပြောပါတယ်။ ဆော်ဒီကိုတစ်ဖန် အလယ်လာရောက်ဖို့ ဆော်ဒီဘုရင်ဘက်ကလည်း သမ္မတပူတင်ကို ဖိတ်ခေါ်ခဲ့ပါတယ်။

ဘယ်အရာမှ မတည်မြဲဘူးဆိုတဲ့ လောကနိယာမအတိုင်း ဆော်ဒီနဲ့ရုရှားဟာလည်း အမြဲရန်သူမဖြစ်နိုင်ပါဘူး။ တစ်ချိန်တုန်းကဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ အခုအချိန်မှာတော့ ကောင်းမွန်တဲ့ ဆက်ဆံရေးသစ်ထူထောင်နိုင်ဖို့ နှစ်နိုင်ငံလုံးကြိုးစားနေတာကတော့ အသေအချာပါပဲ။

**ကိုးကား-နယူးယောက်တိုင်းမ်**

> **ဆော်ဒီဘုရင်ရဲ့ရုရှားခရီးစဉ်ဟာ အမေရိကန်သမ္မတထရန့် ဆော်ဒီကို သွားရောက်ပြီးတဲ့နောက်မှ ဖြစ်ပေါ်လာတာဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသ ရဲ့ ဆက်ဆံရေးတွေဟာလည်း ပြောင်းလဲလာပြီဆိုတာ ပြသလိုက်သလိုပါပဲ**

# တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-သိခ်**

ပြီးခဲ့တဲ့အပတ်က ဆန်ကြမ်းဈေးတွေ တက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ အနည်းငယ်ဈေးကျဆင်းသွားပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံကတော့ တအိအိနဲ့ ဈေးက ကျဆင်းနေပါတယ်။

**ဧည့်မထဆန် ဈေးအနည်းငယ်ကျ**

ပြီးခဲ့တဲ့ အပတ်ကဈေးတွေ မြင့်တက်ခဲ့တဲ့ ဧည့်မထဆန်ကတော့ ဒီတစ်ပတ်မှာဈေးအနည်းငယ် ကျသွားပါတယ်။ တစ်အိတ်ကိုငွေကျပ်၅၀၀ လောက်ဈေးကျဆင်းသွားခဲ့တဲ့အတွက် လက်ရှိအချိန်အထိ အတက်ဈေးကိုမထိခိုက်သေးပါဘူး။

ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ငွေကျပ် ၂၁၀၀၀ ကနေ ငွေကျပ် ၂၃၃၀၀ ပေါက် ဈေးရှိပါတယ်။ ဧည့်မထဆန်က ပြီးခဲ့တဲ့ စက်တင်ဘာလနဲ့ နှိုင်းယှဉ်ရင် တစ်အိတ်ကိုငွေကျပ် ၂၅၀၀ လောက်ဈေးမြင့်တက်ခဲ့ပါတယ်။

**ပေါ်ဆန်းချောဆန်ကွဲဈေးကျ**

ပေါ်ဆန်းချောဆန်ကွဲကတော့ ဒီတစ်ပတ်မှာတစ်အိတ်ကိုငွေကျပ် ၃၀၀ လောက်ကျဆင်းသွားပါတယ်။ လက်ရှိပေါက်ဈေးကတစ်အိတ်ကို ငွေကျပ် ၁၇၅၀၀ ကနေ ငွေကျပ် ၁၈၀၀၀ ပေါက်ဈေးရှိပါတယ်။



**မတ်ပဲ(FAQ/RC) နဲ့ ပဲစင်းငုံဈေးဆက်ကျဆင်း**

**မတ်ပဲ**

မတ်ပဲကတော့ ဒီတစ်ပတ်မှာတဖြည်းဖြည်းနဲ့ ဈေးကကျဆင်းနေပါတယ်။ဈေးကွက်အတွင်းအရောင်းအဝယ် မရှိသလောက် နည်းပါးနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလပထမအပတ်မှာတော့ မတ်ပဲတစ်တန်ကို ခြောက်သိန်းနီးပါးရှိခဲ့ပေမယ့် အောက်တိုဘာလပထမအပတ်မှာတော့ တစ်တန်ကို ငွေကျပ် ငါးသိန်းသုံးသောင်းသာ ပေါက်ဈေးရှိနေပြီး တစ်လအတွင်းကို ငွေကျပ် ၇၀၀၀၀ ကျော် ဈေးကျဆင်းသွားခဲ့ပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကလည်း မတ်ပဲနည်းတူပါပဲ။ မတ်ပဲလောက် ဈေးမရသလို မတ်ပဲလောက်လည်းဈေးက အများကြီးကျဆင်းသွားတာ မရှိပါဘူး။ အရောင်းအဝယ်ကတော့ လက်ရှိမှာ အတော့်ကိုအေးတဲ့ အခြေအနေပါ။

စက်တင်ဘာလပထမအပတ်မှာ ပဲစင်းငုံတစ်တန်ကို လေးသိန်းခုနစ်သောင်းနီးပါးပေါက်ဈေးရှိခဲ့ပြီး အောက်တိုဘာလ ပထမအပတ်မှာတော့ တစ်တန်ကို လေးသိန်းနှစ်သောင်းကျော်သာ ပေါက်ဈေးရှိနေပြီး တစ်တန်ကို ငါးသောင်းကျော်လောက်ဈေးက ကျဆင်းသွားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲနဲ့ ပဲစင်းငုံတို့က ဈေးကွက်အတွင်းမှာ အရောင်းအဝယ်မရှိသလောက်ဖြစ်နေပြီး မကြာခင်အိန္ဒိယနိုင်ငံက ပြည်ပနိုင်ငံတွေကို ပဲမျိုးစုံတန်ချိန်ခုနစ်သိန်းထုတ်ရောင်းသွားဖို့ရှိနေတယ်လို့ အိန္ဒိယအစိုးရက ထုတ်ပြန်ခဲ့ပါတယ်။

**စီပီပြောင်းဈေးကျဆင်း**

တစ်ပိဿာကို ငွေကျပ် ၆၀၀ ကျော်အထိ ဈေးမြင့်တက်ခဲ့တဲ့ စီပီပြောင်းက ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၄၀၀ အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ လက်ရှိအချိန်ဟာ တောင်သူတွေအနေနဲ့ ပြောင်းတွေ ထုတ်ရောင်းနေတဲ့အတွက် ပြောင်းဈေးက ကျဆင်းနေတာပဲ ဖြစ်ပါတယ်။

တရုတ်နိုင်ငံကို အဓိကတင်ပို့နေတာဖြစ်ပြီး မြန်မာပြည်တွင်းမှာဈေးက ကျဆင်းနေပေမယ့် တရုတ်နိုင်ငံမှာတော့ ပြောင်းရဲ့လိုအပ်ချက်ဟာ ကြီးမားနိုင်တယ်လို့ သိရပါတယ်။ တရုတ်တောင်သူတွေအနေနဲ့ ပြောင်းအစား ပဲပုပ်တွေကို အစားထိုးစိုက်ပျိုးလာတဲ့အတွက် ပြောင်းစိုက်ဧရိယာဟာ နှစ်သန်းနီးပါး လျော့ကျသွားနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။



တိရစ္ဆာန်အစာနဲ့ မွေးမြူရေးတွေလည်းမှာလည်း လိုအပ်ချက်တွေ ရှိနေတဲ့အတွက် လာမယ့်သုံးနှစ်အတွင်းပြောင်းတန်ချိန် ၃၆ သန်းကျော် လိုအပ်နိုင်တယ်လို့ Agrimoneyမှာဖော်ပြထားပါတယ်။

**ကြက်သွန်နီဈေးအနည်းငယ်ကျဆင်း**

ပြီးခဲ့တဲ့အပတ်က ဈေးထိုးတက်သွားတဲ့ ကြက်သွန်နီဈေးက ဒီတစ်ပတ်မှာတော့ အနည်းငယ်ဈေးကျဆင်းသွားပါတယ်။ သီးတင်းကျွတ်ကာလဖြစ်တဲ့အတွက် အတက်အကျကတော့ မြန်ဆန်နေသလို ဈေးကွက်အတွင်း ဈေးတည်ငြိမ်မှုလည်း မရှိပါဘူး။

ပြည်တွင်း ကြက်သွန်နီကတော့ ဈေးတက်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေသလို ဈေးကျလည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။

လက်ရှိမှာတော့ ကြက်သွန်နီ တစ်ပိဿာကို ငွေကျပ် ၁၇၀၀ ကနေ ငွေကျပ် ၂၁၀၀ ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့ အပတ်ထက် တစ်ပိဿာကို ၂၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

ပြည်တွင်းမှာ ကြက်သွန်နီတွေ ဈေးမြင့်တက်နေပေမယ့် နယ်စပ်စခန်းတွေကနေတစ်ဆင့် တရုတ်နဲ့ထိုင်းနိုင်ငံကို ၁၅ ရက်နေ့အထိ တန် ၁၀၀ကျော် တင်ပို့ခဲ့ပါတယ်။

**ပြောင်းဆန်**

ပြောင်းဆန်ကလည်း လအတော်ကြာအတက်ဈေးမှာရှိနေပေမယ့် စက်တင်ဘာလ နောက်ဆုံးအပတ်ကနေစပြီးတော့ ဈေးက တဖြည်းဖြည်းကျဆင်းလာပါတယ်။

လက်ရှိမှာတစ်ပိဿာကို ငွေကျပ် ၄၈၀ ကနေ ငွေကျပ် ၅၀၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ငွေကျပ် ၈၀ လောက်ဈေး ကျဆင်းသွားခဲ့ပါတယ်။

# မင်းဘူး-စကုမြို့နယ်၌ မိုးများသဖြင့် ခရမ်းချဥ်စိုက်တောင်သူများ အခက်ကြုံ

**မင်းဘူး အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး-စကုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးများကာ ရေဝင်ရောက်မှုများသောကြောင့် ခရမ်းချဥ်စိုက် တောင်သူများ အခက်အခဲနှင့် ကြုံတွေ့နေရသည်။

ယခုနှစ်တွင် ခရမ်းချဥ်သီး ဈေးကောင်းရရှိနေသော်လည်း မင်းဘူး-စကုမြို့နယ် မန်းကျိုးကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများမှ ခရမ်းချဥ်စိုက် တောင်သူများမှာ မျိုးကြဲပတ်ချိန်ရေကြီးမှုနှင့် ကြုံတွေ့ရပြီး ဒုတိယအကြိမ် ကြဲပက်ရာတွင်လည်း အပင်ပေါက်နောက်ကျခြင်း၊ အပင်ပေါက်နည်းခြင်း၊ မိုးများသဖြင့် ပေါင်းများခြင်းများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ထို့အပြင် ယမန်နှစ်က ခရမ်းချဥ်အထွက်နှုန်းကောင်းမွန်ခဲ့ပြီး ခရမ်းချဥ်ဈေးကောင်းမရ၍ တောင်သူများ အရှုံးပေါ်ခဲ့ကြောင်း ယခုနှစ်တွင် ရေနှစ်ကြိမ်ကြီးကာ စိုက်ပျိုးစရိတ်ဆုံးရှုံးကြသည့်အတွက် တောင်သူအများစုမှာ စိုက်ပျိုးမှုမရှိကြောင်း မန်းကျိုးကျေးရွာမှ တောင်သူ



ကိုမင်းဇော်ဦးက ပြောသည်။

“ကျွန်တော်တို့ရွာမှာ ဒီနှစ် ခရမ်းချဥ်စိုက်သူတွေ တော်တော်များများ အဆင်မပြေကြဘူး။ မျိုးစေ့ဖိုးလည်း ရေပြန်ပြန်တက်လို့ ဆုံးရှုံးရတယ်။ ကုန်းကျတဲ့ စိုက်ခင်းတချို့ပဲ ကျန်တယ်။ အများစုကတော့ ပြန်စိုက်ရတာများပါတယ်” ဟု ၎င်းကဆက်လက်ပြောပြသည်။

**သိမ့်သိမ့်မိုး၊ ဓာတ်ပုံ-သိခ်**

# ချင်းတွင်းမြစ်ရေပြန်အကျ မြစ်ငါးတွေပေါ်သော်လည်း ဈေးနှုန်းကြီးမြင့်

**ရေစကြို အောက်တိုဘာ ၈**

ယခုအခါ ချင်းတွင်းမြစ်ရေမှာ သိသိသာသာ ကျဆင်းသွားပြီဖြစ်သည့်အတွက် မြစ်ငါးများပေါ်သော်လည်း၊ ငါးဈေးများ ဈေးနှုန်းကြီးလျက်ရှိနေကြောင်း သိရသည်။

“မြစ်ငါးက အခုလိုရေကျမှ ဖမ်းလို့ ရတာ။ ရေကြီးနေတဲ့အချိန်မှာ ဖမ်းလို့မရဘူး၊ ရလည်းနည်းနည်းပဲရတယ်။ ရေကျ တဲ့အခါ ငါးပတ်တွေကလည်း ကြီးလာပြီ။ ဒါကြောင့် ငါးပတ်တွေ မကြီးသေးရင်၊ ကိုင်းပင်တွေမပွင့်သေးရင် မြစ်ရေတက် နေတုန်းပဲလို့ မှတ်သားရတယ်။ အခု အချိန်ကတော့ ငါးမျိုးစုံများများစားစားဖမ်းလို့ရတဲ့ အချိန်ဖြစ်ပါတယ်” ဟု ရေလုပ်သားတစ်ဦးက ပြောပြသည်။

“ငါးမျိုးကတော့အစုံပါပဲ။ ငါးပတ် တစ်ပိဿာကို ငွေကျပ် ၁၀၀၀၀/ ၁၂၀၀၀၊ ယင်ပေါင်စာက တစ်ပိဿာကို ငွေကျပ် ၄၀၀၀/ ၄၅၀၀၊ ငါးနုသန်း ကတော့ အကောင်သေးရင် တစ်ပိဿာ ကို ငွေကျပ် ၄၈၀၀/၅၀၀၀၊ အကောင် ကြီးရင် တစ်ပိဿာကို ငွေကျပ် ၇၀၀၀/ ၈၀၀၀၊ ငါးလမ္ဘက တစ်ပိဿာ ငွေကျပ် ၇၀၀၀/၈၀၀၀၊ ငါးလူး တစ်ပိဿာကို ငွေကျပ် ၅၀၀၀/ ၆၀၀၀၊ ပုစွန်တုပ် တစ်ပိဿာကို ငွေကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ အထိ ရောင်းရပါတယ်” ဟု ပေကုန်းငါးဈေးမှ ဈေးသည်တစ်ဦးက ပြောပြသည်။

ယခုအခါ ငါးမျိုးစုံပေါနေသော်လည်း ရာသီစာငါးများကို ဝယ်ယူစားသုံးသူ ဝယ်လိုအားများခြင်း၊ စီပီကြက်စားသုံးသူနည်းခြင်းတို့ကြောင့် ငါးမျိုးစုံဈေးနှုန်းမှာ ကျဆင်းခြင်း မရှိသေးကြောင်း သိရသည်။

**ဖေထွဏ်းမော်(ရေစကြို)**



# သီးနှံများစိုက်ပျိုးရေးဆိုင်ရာ နှိုးဆော်

မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးအား နှစ်စဉ်စိုက်ဧကစုစုပေါင်း ၁၁ ဒသမ ၄၅ သန်းခန့်စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း၊ ကုလားပဲ ၈ ရာခိုင်နှုန်းစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပဲစင်းငုံသီးနှံအား စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရှမ်းပြည်နယ်တို့တွင် မိုးရာသီ၌လည်းကောင်း၊ ပဲတီစိမ်းသီးနှံအား မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးကြို (သို့မဟုတ်) ဆောင်းသီးနှံအဖြစ် လည်းကောင်း၊ မတ်ပဲသီးနှံအား ပဲခူး၊ ဧရာဝတီ၊ စစ်ကိုင်း၊ နေပြည်တော်တို့တွင် မိုး၊ ဆောင်းသီးနှံအဖြစ် လည်းကောင်း အဓိကထား စိုက်ပျိုးလျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်အနှံ့အပြားတွင် စိုက်ပျိုး နိုင်သည့် သီးနှံများ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပဲမျိုးစုံသီးနှံအများဆုံးဝယ်ယူလျက်ရှိသည့် အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများအား ကန့်သတ်ကုန်စည် အမျိုးအစားအဖြစ် သတ်မှတ်ကာ ပဲတင်သွင်းမှု မူဝါဒပြောင်းလဲလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ရေမြေဒေသရာသီဥတုနှင့်ကိုက်ညီပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ရှိသည့် ဆောင်းသီးနှံများအနေဖြင့် ကုလားပဲ၊ ပဲလွမ်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ ပဲနီလေး၊ တရုတ်ပဲဝါလေး၊ စားတော်ပဲ၊ နှမ်း၊ မြေပဲနှင့် နေကြာတို့ဖြစ်ကြောင်း တွေ့ရသည်။ ထို့အပြင်မြန်မာနိုင်ငံသည် နှစ်စဉ်ဆန်တင်ပို့လျက်ရှိရာ ယခုနှစ် ဆန်တန်ချိန် နှစ်သန်းတင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန် စပါးလုပ်ငန်းရှင်များအသင်းမှလည်း သိရသည်။ စပါးသီးနှံအနေဖြင့် ရေရရှိနိုင်သော ဒေသများတွင် နွေစပါးသီးနှံအနေဖြင့်လည်း စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် စိုက်ပျိုးမည့် သီးနှံများအား ဓာတုဆေး ဓာတ်ကြွင်းမပါဝင်စေဘဲ အစားအစာလုံခြုံစိတ်ချရမှုရှိမှသာ နိုင်ငံတကာဈေးကွက်ဝင် သီးနှံများအဖြစ် စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်နိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (GAP) စနစ်အသုံးပြု စိုက်ပျိုး ရန် လိုအပ်မည်ဖြစ်သည်။ သို့ပါ၍ မျိုးနှင့် နည်းပညာအကူအညီများရယူလိုပါက နီးစပ်ရာစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံးများ၊ ခြံစိုက်ကွင်းများတွင် လေ့လာ၊ ဆွေးနွေး၊ အကူအညီရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

သက်ရှိလောက တည်မြဲဖို့၊
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

## စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခြင်း

**ပိုးသတ်ဆေးဖျန်းသည့်အခါ**

- အဝတ်အစားကိုလုံခြုံစွာဝတ်ဆင်ပါ။
- ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ လည်ရှည်ဖိနပ်စသည့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို ဝတ်ဆင်ပြီးမှ ဆေးဖျန်းပါ။
- လေတင်အရပ်မှနေ၍ ဆေးမဖျန်းရ။
- ဆေးဖျန်းစဉ် အစားအသောက် မစားရ၊ ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ။
- ဆေးဖျန်းခေါင်းပိတ်နေပါက ပါးစပ်ဖြင့်မမှုတ်ရ။

**ပိုးသတ်ဆေးဖျန်းပြီးလျှင်**

- မျက်နှာနှင့် လက်များကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။ ရေချိုးပါ။
- တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို လျှော်ဖွပ်ပါ။
- ပိုးသတ်ဆေးများကို ကလေးများ လက်လှမ်းမမီသောနေရာတွင် သော့ခတ်သိမ်းထားပါ။
- ပိုးသတ်ဆေးဘူးခွံဟောင်းများကို အစားအသောက်မထည့်ရ။ ဆီပုံး၊ ဆန်ပုံး အဖြစ် မသုံးရ။
- အစားအစာများနှင့် ပိုးသတ်ဆေးကို အတူရောနှောမထားရ။

**ပိုးသတ်ဆေးအဆိပ်သင့်လျှင်** နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားပါ။ ပိုးသတ်ဆေးဘူးကိုပါ ဆေးရုံသို့ ယူဆောင်သွားပါ။ ရုတ်တရက် ပိုးသတ် ဆေးအဆိပ်သင့်လျှင် ချက်ချင်း အသက်သေဆုံးနိုင်ပါသည်။ ခန္ဓာကိုယ်ထဲသို့ နည်းနည်းချင်းနှင့် နှစ်ရှည်လများဝင်ပါက သားလျှောခြင်း၊ မျိုးဆက်ပွား ကျန်းမာရေး ထိခိုက်ခြင်း၊ ကင်ဆာရောဂါဖြစ်ပွားခြင်းတို့အထိ ဖြစ်နိုင်သည်။

သို့ဖြစ်ပါ၍ ပိုးသတ်ဆေးများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ အသုံးပြုကြပါရန်နှင့်ပိုးသတ်ဆေးအဆိပ်သင့်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားရောက်၍ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကဏန်းသားပေါက်ရာသီတွေမှာ ရန်ကုန်နှင့်မူဆယ်ဈေးကွက် ပိတ်ထားဖို့လို

**လပွတ္တာ အောက်တိုဘာ ၈**

ကဏန်းသားပေါက်ရာသီချိန်တွင် အဓိက ကဏန်းဝယ်လက်များဖြစ်သည့် မူဆယ်ဈေးကွက်၊ ရန်ကုန်ဈေးကွက်များနှင့် ကဏန်းပို့ဆောင်ရာ ကုန်းလမ်းများကိုပါ အစိုးရက ပိတ်ထားရန်လိုအပ်ကြောင်း ကဏန်းလုပ်ငန်းရှင်များက ပြောကြားသည်။



တစ်နှစ်ထက်တစ်နှစ် ကဏန်းများ ရှားပါးလာမှုကြောင့် ကဏန်းများကို သားပေါက်ရာသီတွင် မဖမ်းဆီးကြရန် အစိုးရက ပိတ်ပင်ထားသော်လည်း အဓိက ဝယ်လက်များက ပုံမှန်ရှိနေသည့်အတွက် ဒေသခံများက တရားမဝင် ဆက်လက်ဖမ်းဆီးနေမှုများ ရှိနေခြင်းကြောင့် ဝယ်လက်ဈေးကွက်များနှင့် ပို့ဆောင်ရာလမ်းများကိုပါ ပိတ်ထားရန် လိုအပ်ခြင်းဖြစ်ကြောင်း လပွတ္တာမြို့နယ်မှ ကဏန်းလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ကိုစနေက ပြောသည်။

လပွတ္တာမြို့နယ်မှ ကဏန်းလုပ်ငန်းရှင်တစ်ဦးဖြစ်သူ နန်းခမ်းမိုးဖြူကလည်း "အိတ်စပို့ ပို့မယ့်လမ်းတွေကို အကုန်ပိတ်ထားဖို့လိုတယ်။ ဘယ်သူမှ အရောင်းအဝယ်မလုပ်ရဘူးဆိုမှ ရမယ်။ ဒီကနေ ဒေသတွင်းပိတ်လိုက်ပေမယ့် ဝယ်လက်ရှိနေတဲ့အတွက် နည်းအမျိုးမျိုးနဲ့ သွားရောင်းနေကြတော့ သားပေါက်ရာသီမှာ အစိုးရကပိတ်ထားတာ မအောင်မြင်ဘဲရှိနေတာ"ဟု ပြောသည်။

လပွတ္တာမြို့နယ်မှ ဒေသခံအများစု အနေဖြင့် ကဏန်းများ ဖမ်းဆီးရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေး ဖြေရှင်းနေကြရသည်မှန်သော်လည်း ရေရှည်အတွက်ကြည့်ကာ သားပေါက်ချိန်တွင် ဖမ်းဆီးရောင်းချခြင်းများ မလုပ်ရန် လိုအပ်သည်ဟုလည်း ကဏန်းလုပ်ငန်းလုပ်ကိုင်သူအများစုက ပြောကြားသည်။

**မျိုးမင်းပိုင်**(AMIA)

**ဓာတ်ပုံ-ကေဗူး**(AMIA)

# ရှမ်းပြည်နယ်ထွက် ဟင်းသီးဟင်းရွက်များထားနိုင်ရန် သိုလှောင်ရုံများလိုအပ်နေ



ရှမ်းပြည်နယ်မှထွက်ရှိသော ဟင်းသီးဟင်းရွက်များကို လေလွင့်မှုမရှိဘဲ ထိန်းသိမ်းထားနိုင်ရန် လုံလောက်သည့် သိုလှောင်ရုံများမရှိခြင်းကြောင့် စိုက်ပျိုးတောင်သူများနှင့် ကုန်သည်များ နစ်နာနေရကြောင်း ဟဲဟိုးမြို့ရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများ၏ ပြောကြားချက်အရ သိရသည်။

"ရှမ်းပြည်နယ်က ဟင်းသီးဟင်းရွက်တွေ ရန်ကုန်ဈေးကွက်၊ မန္တလေးဈေးကွက်တွေကို ဝင်ပါတယ်။ ဈေးကွက်ထဲမပို့ခင် အအေးခန်းစနစ်နဲ့ မထိန်းထားနိုင်လို့ ပျက်စီးသွားတာတွေ ရှိပါတယ်။ တောင်သူတွေကတော့ ကိုယ့်စနစ်နဲ့ကိုယ် သိုလှောင်ပြီးတော့ပဲ တစ်ပိုင်တစ်နိုင်ပို့တာဖြစ်ပါတယ်။ ဒါကြောင့် ရေရှည်ထိန်းသိမ်းနိုင်မယ့်နည်းလမ်းတွေ လိုအပ်တယ်။ ဒါကို နိုင်ငံတော်အပိုင်းရဲ့ အကူအညီလိုအပ်တယ်"ဟု ဟဲဟိုးမြို့ရှိ ဟင်းရွက်စိုက်ပျိုးသည့်တောင်သူ ဦးစိုင်းကျော်အုန်းက ပြောသည်။

သိုလှောင်ရုံများ တည်ဆောက်ပေးခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုများကို ကာမိစေပြီး ကုန်သည်နှင့် တောင်သူများ အကျိုးအမြတ် ပိုမိုရရှိစေကာ သစ်သီးဝလံ အဆင့်မြင့်ဈေး တည်ဆောက်ပေးခြင်း၊ အအေးခန်းသိုလှောင်ရုံများ တည်ဆောက်ပေးခြင်းတို့ဖြင့် ပြည်ပတင်ပို့မည့် ဈေးကွက်ကိုပါ ထိုးဖောက်နိုင်မည်ဟု သိရသည်။

ဟဲဟိုးမြို့ အာလူးအစုအဖွဲ့မှ ဥက္ကဋ္ဌ ဦးအောင်သန်းကျော်က "သိုလှောင်စဉ်ကာလ တစ်လမှာ သိုလှောင်ကုန်စည်ရုံရဲ့ ၂၀ ရာခိုင်နှုန်းခန့်ဟာ ပုပ်ခြင်း၊ အလေးချိန် လျော့ကျခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးတတ်ပါတယ်။ ယခုအခါမှာတော့ အအေးခန်းသိုလှောင်ရုံများ တည်ဆောက် သိုလှောင်နိုင်ဖို့ အစုအဖွဲ့အနေနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟင်းသီးဟင်းရွက် လက်ကားဈေးကွက်အနေဖြင့် သီရိမင်္ဂလာဈေးနှင့် ဧည့်ငးကုန်းဈေးတို့ကိုသာ အဓိကထား မှီခိုနေရပြီး သီရိမင်္ဂလာဈေးကွက်သို့ နေ့စဉ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ တန်ချိန် ၂၆၀၀ ခန့် ဝင်ရောက်လျက်ရှိရာ ထိုအထဲတွင် ဟင်းသီးဟင်းရွက်မှာ တန်ချိန် ၁၉၀၀ ခန့်နှင့် သစ်သီးမှာ တန်ချိန် ၆၀၀ ခန့်ရှိကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)

**ဓာတ်ပုံ-ကေဗူး**(AMIA)

## ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်ဆွေးနွေးခြင်းနှင့် ခေါင်နှံ့မျိုးပွားစိုက်ခင်း လက်တွေ့သရုပ်ပြပွဲပြုလုပ်

**သီပေါ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ခိုမှုန်းကျေးလက်ဒေသ ဘက်စုံစံပြရွာတွင် တောင်သူလယ်သမားများ၏အကျိုးကို ရည်မျှော်လျက် ကောင်းမွန်သော စိုက်ပျိုးရေး (GAP)နည်းစနစ် နည်းပညာဆွေးနွေးခြင်းနှင့် ခေါင်နှံ့မျိုးပွားစိုက်ခင်းသို့ ကွင်းဆင်းလက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို အောက်တိုဘာ ၃ ရက် နံနက်က ခိုမှုန်းစံပြကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်(လားရှိုး) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးမြကျော်၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးတို့က ဘက်စုံနည်းပညာသုံးအဆင့်မြင့် စိုက်ပျိုးနည်းစနစ်များကို ပညာပေးဆွေးနွေးကြပြီး ခေါင်နှံ့မျိုးပွားစိုက်ခင်းတွင် လက်တွေ့ကွင်းဆင်း ပညာပေးပြသခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဖြူဖြူအေးနှင့်ဝန်ထမ်းများက နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး သရုပ်ပြပွဲသို့ တောင်သူလယ်သမား ၇၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# လယ်မြေများရေနစ်မြုပ်မှု ကာကွယ်ရန် ကျီးပင်ကန်ရေဆိုးချောင်းကို ချဲ့ထွင်



**ဝက်လက် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းရှိ လယ်မြေဧက ၇၀၀ ကျော်ကို ရေဝင်နစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် ကျီးပင်ကန်ရေဆိုးချောင်း ရေလမ်းချဲ့ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားကြီးများအသုံးပြု၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျီးပင်ကန်ရေဆိုးချောင်းသည် သုံးမိုင်ခန့်ရှည်လျားပြီး ချောင်းထဲတွင် ပေဒါ၊ ဒိုက်၊ ကနဖော့များဖြင့် ရေလမ်းပိတ်ဆို့လျက်ရှိသဖြင့် မိုးရွာသည့်အခါ ကျီးပင်ကန်ကျေးရွာ၊ ကော်တုံကျေးရွာနှင့် သခွတ္တောကျေးရွာတို့ရှိ လယ်မြေဧက ၇၀၀ ကျော်ကို ရေကြီးရေလျှံ နစ်မြုပ်စေခဲ့ကြောင်း၊ ယခုကဲ့သို့ ရေလမ်းချဲ့ထွင်ပေးခြင်းဖြင့် ယင်းလယ်မြေများကို ရေကြီးနစ်မြုပ်မှုဒဏ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ချောင်းရေလမ်းချဲ့ထွင်ခြင်းလုပ်ငန်းအတွက် တိုင်းဒေသကြီးအစိုးရက စက်သုံးဆီ ဂါလန် ၃၀၀၊ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီများက စက်သုံးဆီ ဂါလန် ၂၀၀ ထောက်ပံ့ပြီး ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချောင်းရေလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြတ်ထွန်း၊ ဝက်လက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်မောင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက အောက်တိုဘာ ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ ချောင်းရေလမ်းချဲ့ထွင်ရှင်းလင်းပေးခြင်းကြောင့် ဒေသတွင်းကျေးရွာသုံးရွာမှ လယ်မြေဧက ၇၀၀ ကျော်ကို ရေနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်တော့မည်ဖြစ်၍ ဒေသခံတောင်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# နိုင်ငံတကာအဆင့်မီ ထုပ်ပိုးပြုပြင်နိုင်ရန် ဆီထွက်သီးနှံဆိုင်ရာစီမံကိန်းက ပြည်ပအဖွဲ့အစည်းများမှ နည်းပညာအကူညီယူနေ

ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်း၏ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများအနေဖြင့် ထုတ်ကုန်များကို နိုင်ငံတကာအဆင့်မီ ထုပ်ပိုးဖြန့်ဖြူးနိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ စံချိန်စံညွှန်းနှင့်ကုန်သွယ်မှုဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ (STDF)၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းများတွင် တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ရရှိရန်အတွက် ကွင်းဆက်တစ်လျှောက်တွင်ပါဝင်သည့် ဆီထွက်သီးနှံကုန်သည်များ၊ အဝယ်တော်များ၊ ကုန်သည်နှင့် သိုလှောင်သူများအတွက် သန့်ရှင်းသော အလေ့အကျင့်ကောင်းဆိုင်ရာ သင်တန်းများ၊ ထုပ်ပိုးမှုသင်တန်းများကို ပြည်ပအကူအညီဖြင့် ဆောင်ရွက်နေကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ပြည်တွင်းကုန်သွယ်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောကြားသည်။

"ပြည်ပအကူအညီနဲ့ နည်းပညာအကူအညီ ရယူဆောင်ရွက်နေတယ်။ ထုပ်ပိုးမှုဖြစ်စဉ်တစ်လျှောက်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေလည်းရှိတယ်။ ဒါတွေကို Working Group တွေလုပ်ပြီးတော့ ဆွေးနွေးတာတွေ အကြံပြုတာတွေ ပြောင်းလဲရမှာတွေ ဆောင်ရွက်နေပါတယ်။ နောက်ဆုံးအဆင့် ပွဲရုံတစ်ခုမှာ ပဲရွေးတဲ့အခါ ပဲပုံပေါ်ထိုင်ပြီးရွေးနေတာတွေ မရှိအောင်အထိ လုပ်နေတာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။ မြန်မာပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်း ကွင်းဆက်တစ်လျှောက် ထုပ်ပိုးမှုနည်းစနစ်များကို နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာနမှ ပညာရှင်များဖြင့် ဆောင်ရွက်နေကြောင်းလည်း ၎င်းက ဆိုသည်။

ပြည်ပပို့ကုန်လုပ်ငန်းရှင် ဒေါက်တာမြတ်မင်းက "ထုပ်ပိုးမှုနည်းစနစ်က ကျွန်တော်တို့ဆီမှာ အလွန်ကိုအားနည်းနေပါတယ်။ ထုပ်ပိုးမှုမခိုင်မာလို့လည်း နိုင်ငံအချို့က မြန်မာ့ကုန်စည်တွေကို ငြင်းပယ်တာတွေရှိတယ်။ ဒါကြောင့် သေချာလုပ်နိုင်ဖို့ လိုအပ်နေတယ်"ဟု ပြောသည်။

ကုန်စည်အမျိုးမျိုးကို ထုပ်ပိုးရာတွင် အသုံးပြုသောကုန်ပစ္စည်းများနှင့် ၎င်းတို့၏ အသွင်အပြင်များ၊ ဒီဇိုင်းပြုလုပ်ရာတွင် ပါဝင်သင့်သည့်အချက်များ၊ ပါကင်အလိုက် ထုပ်ပိုးမှု ရွေးချယ်ခြင်းများ၊ ကုန်ပစ္စည်းအမည်တပ်ခြင်းနှင့် ဘားကုတ်များအသုံးပြုခြင်းများ၊ ပိုးမွှားကင်းစင်အောင် နည်းပညာမြင့် ဆောင်ရွက်ခြင်း စသည့်အဆင့်တို့ကို လုပ်ဆောင်ရသဖြင့် ထိုအဆင့်များကို ပြည်ပအဖွဲ့အစည်းတို့၏ အကူအညီများ ရယူခြင်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

**ဇာလင်းသူ**(AMIA)

**ဓာတ်ပုံ-ကေဇူး**(AMIA)



## မိုးစပါးများကို ရိတ်ခြွေစက်ငှားရမ်းရိတ်သိမ်းရာတွင် အလေအလွင့်နည်းပါးမှုကို တောင်သူများ အလေးထားရွေးချယ်လာ

**ရေတာရှည် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးများ ရိတ်သိမ်းနေကြပြီဖြစ်ရာ တောင်သူများအနေဖြင့် လယ်ယာလုပ်သားရှားပါးမှုကို အစားထိုးအသုံးပြုနိုင်သော ရိတ်ခြွေစက်များကို တွင်ကျယ်စွာ ငှားရမ်းအသုံးပြုလျက်ရှိသည်။ ထိုသို့ငှားရမ်းရာတွင် ဧကများများရရှိရေးအတွက် စီးပွားရေးဆန်ဆန်လုပ်ကိုင်သည့် စက်များထက် အလေအလွင့်နည်းပါးမှုကို ဦးစားပေးသည့် စက်များကိုသာ တောင်သူများအနေဖြင့် ပိုမိုငှားရမ်းသုံးစွဲလာကြသည်ကို တွေ့ရှိရသည်။



"မိုးစပါး နွေစပါးတွေရိတ်သိမ်းတဲ့အခါမှာ စက်တွေကိုပဲ ငှားရမ်းသုံးစွဲကြတာများပါတယ်။ လူနဲ့ငှားရိတ်ရင် ရိတ်ခအပြင် သယ်ယူစရိတ်၊ ခြွေခတွေက ပိုကုန်တယ်။ ရိတ်ခြွေစက်တွေကတော့ တစ်ဧကကို လေးသောင်းပေးလိုက်ရင်ရတယ်။ ရိတ်ပြီးသားကို ကိုယ်ပုံချင်တဲ့နေရာအရောက် ပို့ခိုင်းရင်လည်း သုံးထောင်၊ ငါးထောင် ထပ်ပေးလိုက်ရင်ပြီးတယ်။ ဒါပေမယ့် စပါးရိတ်တဲ့အခါမှာ စက်ပိုင်ရှင်နဲ့ စက်မောင်းသူအပေါ်မူတည်ပြီး ရွေးချယ်ငှားရမ်းဖို့ အရေးကြီးတယ်။ ဘာလို့လဲဆိုတော့ အချိန်ကြောင့် အချို့က ဧကများများကျရေးကို ဦးစားပေးတယ်။ အချို့ကျတော့ တောင်သူတွေအပေါ် ကိုယ်ချင်းစာတယ်။ စပါးပင်ထောင်ထောင်၊ လဲလဲ သေသေချာချာ လုပ်ပေးတော့ အလေအလွင့်နည်းတာပေါ့။ ဒါကြောင့် တောင်သူတွေက အဲလိုစက်မျိုးတွေကိုပဲ ရွေးငှားကြတာတွေ့ရတယ်"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စုရှိ တောင်သူတစ်ဦးက ပြောကြားသည်။

လက်ရှိ ကျေးလက်ဒေသများတွင်နေသူများမှာ ထိုင်းနိုင်ငံသို့ထွက်ခွာကာ အလုပ်လုပ်ကိုင်ကြသူ များပြားလျက်ရှိ၍ လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာလုပ်သားရှားပါးမှုမှာ ယခင်ကထက် ပိုမိုဆိုးရွားသည့်အဆင့် ရောက်ရှိလာကာ စက်ကိရိယာများအပေါ် ပိုမိုမှီခိုလာကြရခြင်းဖြစ်သည်။

လက်ရှိ မိုးစပါးများ ရိတ်သိမ်းရာသီတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ စက်မှုလယ်ယာဦးစီးဌာနများသို့ စက်များ ပိုမိုရောက်ရှိလာသကဲ့သို့ တောင်သူများကိုယ်တိုင် အရစ်ကျစနစ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြသည့် စက်အရေအတွက် ပိုမိုများပြားလာခြင်းကြောင့်လည်း တောင်သူများအနေဖြင့် ငှားရမ်းမည့်စက်များကို ရွေးချယ်ရန် အခွင့်အရေးများ ပိုမိုရရှိလာလျက်ရှိသည်။

**ကိုလွင်(ဆွာ)**

# လူထုကို အကျိုးကျေးဇူးများစွာ လက်တွေ့ရရှိစေသော လူထုဗဟိုပြုစီမံကိန်း

**ခိုင်ကလျာမြင့်မြင့်ဦး**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ညွန့်ပေါင်းကျေးရွာအုပ်စုကို ဒေါ့ချိတ်၊ ညွန့်ပေါင်း၊ ကြို့ပင်ဝိုင်းနှင့် မမဲကုန်းဟူ၍ ကျေးရွာ လေးရွာနှင့် ဖွဲ့တည်ထားလျက်ရှိသည်။ ထိုကျေးရွာများအထဲမှ ဒေါ့ချိတ်ဆိုသော ကျေးရွာကလေးသည် တာမကြီး (တာလမ်းမ)ပေါ်သို့သွားမည်ဆိုလျှင် ကြို့ပင်ဝိုင်းကျေးရွာကို ဖြတ်ကျော်၍ သွားရသည်။ ဒေါ့ချိတ်ကျေးရွာမှ ကြို့ပင်ဝိုင်းကျေးရွာသို့ရောက်ဖို့ဆိုလျှင် တစ်မိုင်ကျော်ဝေးသည်။ ကြို့ပင်ဝိုင်းရွာထိပ်မှ တာမကြီးပေါ်သို့တက်ကာ ထန်းတပင်မြို့သို့ သွားမည်ဆိုလျှင် ခန့်မှန်းခြေအားဖြင့် ၁၀ မိုင်နှင့် ၄ ဖာလုံဝေးမည်ထင်ရသည်။ ဒေါ့ချိတ်ကျေးရွာလေးတွင် အိမ်ခြေ ၁၀၁ အိမ်ရှိပြီး လူဦးရေ ၄၄၈ ဦး နေထိုင်လျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်း၏ ပံ့ပိုးရန်ပုံငွေ ၄၆ သိန်းရရှိ၍ ရွာတွင်း ကွန်ကရစ်လမ်းကို ၅ ပေအကျယ်၊ ၅ လက်မထုနှင့် အရှည် ၇၀၂ ပေခင်းနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ဒုတိယပံ့ပိုးရန်ပုံငွေ ၆၅ သိန်းကို ရရှိ၍ ကျန်သောလမ်းပိုင်း ပေ ၁၀၀ ကို ကွန်ကရစ်ထပ်ခင်းနိုင်ခဲ့ပြီး ပိုငွေဖြင့် ကျေးရွာချင်းဆက်လမ်းကို အကျယ်သုံးပေ၊ အရှည် ၁၃၂၂ ပေ ကွန်ကရစ်ထပ်ခင်းနိုင်ခဲ့သည်။ တတိယနှစ် ၂၀၁၇ ခုနှစ်တွင်တော့ ပံ့ပိုးရန်ပုံငွေ ကျပ် ၇၂ သိန်းကျော် ရရှိပြီး ဆက်လက်၍ ကျေးရွာချင်းဆက်လမ်းကို အကျယ်သုံးပေနှင့် အရှည် ၁၉၅၀ ပေ ထပ်ခင်းနိုင်ခဲ့သည်။

ယခင်က ချိုင့်ဝှမ်းများဖြင့် မညီမညာ၊ အကွေ့တထောင် အကောက်ပေါင်းများစွာ လမ်းကလေးများမှာ ယခုအခါ လူထုဗဟိုပြုစီမံကိန်း၏ကျေးဇူးကြောင့် သာယာဖြောင့်ဖြူးလာခဲ့ပြီဖြစ်သည်။ စက်ဘီးကလေးများကိုစီးလျက် ကျောင်းသူ ကျောင်းသားလေးများ ပျော်ရွှင်စွာကျောင်းသွားနေကြသည်ကို ကြည်နူးစွာတွေ့မြင်နေရပါပြီ။ ယခင်က ဖိနပ်ကိုလက်မှာချိတ်၊ ထမီတိုတိုဝတ်ကာ၊ ဈေးတောင်းကိုခေါင်းပေါ်မှာရွက်ရင်း ရွှံ့ဗွက်က ဒူးခေါင်းအထိတက်ပေ၍ ကိုရိုးကားရားနိုင်လှသော ဈေးသည်အဒေါ်ကြီးမှာလည်း ယခုဆိုလျှင် ဖိနပ်လေးကို ကျော့ကျော့လေးစီးကာ သပ်သပ်ရပ်ရပ် ဈေးရောင်းနေပုံကိုလည်း စိတ်ချမ်းသာစရာ မြင်တွေ့နေရပါပြီ။

ယခင်က ဆိုင်ကယ်ဘီးများ ရွှံ့ထဲကျွံဝင်၍ ဟိုလူကိုအကူအညီတောင်းရတော့မလို၊ ဒီလူကိုအကူအညီတောင်းရတော့မလို ဖြစ်နေတတ်သော ဆိုင်ကယ်ကိုကိုတို့မှာလည်း ယခုအခါ ဝေးဝေးကနေ အသံကြားကတည်းက ကြိုရောင်ထားမှ တော်ကာကျသလား ထင်မှတ်ရလောက်အောင်ပင် အရှိန်ပြင်းပြင်း မောင်းနှင်လေတော့သည်။

လယ်ကွင်းထဲတွင်လည်း ယမထာရွှေကြိမ်လုံးနှင့် ထွန်တုံးခြေတော်တင်နေသော ဦးကြီးများမှာ သီချင်းတကြော်ကြော်နှင့်။ ထန်းတပင်ရုံးမှ ဈေးနှုန်းချိုချိုသာသာနှင့် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော လယ်ထွန်စက်ကြီးများနှင့် လယ်ထွန်နေကြသူများမှာလည်း သူ့စက်သံနှင့်သူ ခေါ်မကြားအော်မကြားအောင်ပင်။ တစ်ယောက်ကို အတွေးတစ်မျိုးစီဖြင့် ထွန်ယက်နေကြသော လယ်သမားဦးကြီးများသည်လည်း ပြုံးပျော်လျက်။ စက်ကိရိယာများ၏စွမ်းအားဖြင့် အချိန်မီအခါမီ စိုက်ပျိုးနိုင်၍ ရရှိလာသော သီးနှံများကို မြို့ဈေးသို့ တင်ပို့ရောင်းချရကာ ကျေးရွာနေလယ်သမားများဝင်ငွေတိုးပွားလာခဲ့သည်မှာလည်း စီမံကိန်း၏ကျေးဇူးပင်ဖြစ်ပေသည်။

ဒေါ့ချိတ်ကျေးရွာသူ ကျေးရွာသားများမှာ ယခင်က ဗဟုသုတနည်းပါးလွန်းလှပြီး လုပ်ငန်းများလုပ်ဆောင်ရာတွင်လည်း ယောကျ်ားလေးအများစုကသာ ဦးဆောင်လုပ်ကိုင်ခဲ့ကြသည်။ အစည်းအဝေးများတက်ရောက်ရာတွင်လည်း ထိုနည်းအတူပင်။ ယခုမူ လူထုဗဟိုပြုစီမံကိန်းကို ကျား၊ မ တန်းတူညီမျှမှုဖြင့် အကောင်အထည်ဖော်နေသဖြင့် အမျိုးသမီးများအတွက်လည်း အခွင့်အရေးများ ရရှိလာသည်။ စီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရာတွင် အမျိုးသမီးများ ပါဝင်မှုများရှိလာသလို အမျိုးသမီးများကဦးဆောင်၍ လုပ်ငန်းများ လုပ်ဆောင်လာသည်ကိုလည်း တွေ့လာရသည်။ ကျားနှင့်မ ကိုယ်ခန္ဓာဖွဲ့စည်းပုံ မတူညီမှုအရ လုပ်ငန်းတာဝန်ယူပုံ ကွဲပြားနေသော်လည်း အမျိုးသမီးများသည် လောကတွင် သူ့အခန်းကဏ္ဍအလိုက် အရေးပါပုံကို စီမံကိန်းကြီးကပင် လမ်းညွှန်ပြသနိုင်ခဲ့ပြီဖြစ်သည်။

ကျေးရွာသူ ကျေးရွာသားများမှာလည်း စီမံကိန်း၏ကျေးဇူးကြောင့် စည်းလုံးမှုများ ပိုရှိလာကြသည်။ ဒေါ့ချိတ်ကျေးရွာမှ လူငယ်တချို့မှာ စာရင်းဇယားများကို နည်းစနစ်တကျ စာရင်းကိုင်တတ်လာခြင်း၊ ပစ္စည်းများဝယ်ယူရာတွင်လည်း ဈေးပြိုင်တင်ဒါစနစ်များ ခေါ်ယူတတ်လာခြင်း၊ မှန်ကန်စနစ်ကျသော နည်းလမ်းများဖြင့် ပစ္စည်းများကိုဝယ်ယူတတ်လာခြင်း၊ ပစ္စည်းများကိုဝယ်ယူရာတွင် အရည်အသွေးပိုင်းကို သေချာစွာ စစ်ဆေးတတ်လာခြင်းစသည့် နည်းလမ်းများကို ကျင့်သုံးတတ်လာကြသည်။ လုပ်ငန်းများလုပ်ဆောင်ရာတွင် လက်ထောက်နည်းပညာမှူးများ၏ တိုင်းတာတွက်ချက်ပေးချက်အရ တစ်ထပ်တည်းကျအောင် နည်းစနစ်မှန်ကန်သော လုပ်ငန်းဆောင်ရွက်ချက်များကို လုပ်ကိုင်တတ်လာခြင်းဆိုသော အကျိုးကျေးဇူးများမှာ စီမံကိန်းကြီးကပင် သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

စီမံကိန်းတွင်ဝင်ရောက်လုပ်ကိုင်သူ ဒေသခံများအနေဖြင့် ရရှိသောလုပ်အားခများထဲမှ လည်ပတ်ပြုပြင် စုဆောင်းရန်ပုံငွေ ထည့်ဝင်ခြင်းကြောင့် ကျေးရွာ လူထုဗဟိုပြုစီမံကိန်း၏ လည်ပတ်ပြုပြင်ရန်ပုံငွေမှာ ယခုဆိုလျှင် ကျပ် ၆၇၀၀၀၀ ကျော် ရရှိထားသည်။ စုဆောင်းငွေကို စေတနာ့ဝန်ထမ်းအဖွဲ့က တာဝန်ယူကာ လေးကျပ်တိုးဖြင့် ပြန်လည်ချေးပေးလျက်ရှိသည်။ စီမံကိန်း၏ကျေးဇူးကြောင့် စုဆောင်းငွေထားရှိတတ်လာသည့်အပြင် စုဆောင်းငွေကို တိုးပွားအောင် ဆောင်ရွက်တတ်လာခြင်း၊ ကျေးရွာနေပြည်သူများ၏ လတ်တလောအခက်အခဲများကိုလည်း ဖြေရှင်းပေးနိုင်ခြင်းဆိုသော အကျိုးကျေးဇူးများမှာလည်း လူထုဗဟိုပြုစီမံကိန်းကြီးကပင် သင်ကြားပေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျေးရွာနေပြည်သူများ၏ လူမှုပတ်ဝန်းကျင်နှင့် အသိပညာ၊ ဗဟုသုတများ တိုးပွားစေသော လူထုဗဟိုပြုစီမံကိန်းကို ကျေးလက်နေပြည်သူများက ကျေးဇူးကုဋေကဋာတင်နေမည်မှာ မလွဲဧကန်ဖြစ်ပေသည်။ ။

## မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားစွာ ကျင်းပ

**နမ့်စန် အောက်တိုဘာ ၈**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်၌ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ကျင်းပမြဲဖြစ်သော(၅၃)ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို အောက်တိုဘာ ၆ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် ပင့်ဖိတ်ထားသော ကျောင်းများမှ ရဟန်း၊ သာမဏေအပါး ၆၀၀ ကျော်တို့အား မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ စေတနာရှင် အလှူရှင် ပြည်သူများက ဆွမ်းဆန်စိမ်း၊ ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်း အမျိုးမျိုးတို့ကို အမှတ်(၄)ရပ်ကွက် အထက(မြို့မ)ကျောင်းရှေ့မှ စတင်ကာ အမှတ်(၂)ရပ်ကွက် အထက(နမ့်စန်)ကျောင်းရှေ့အထိ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သူရအောင်(မြန်/ဆက်)**

# တစ်ခါတစ်ရံ သူတို့ကို မှားခွင့်ပေးလိုက်ပါ

**ကိုနေ(ကျောက်ပန်းတောင်း)**

လွန်ခဲ့သောတစ်ရက်က ကျေးရွာတစ်ရွာမှ အလှူရှင်ဖြင့်ဆောက်လုပ်သော စာကြည့်တိုက် ဖွင့်ပွဲပြုလုပ်ရန်အတွက် ကျေးရွာရပ်မိရပ်ဖများ ကျွန်တော့်ထံ ရောက်ရှိလာကြပါသည်။ စာကြည့်တိုက်ကို ရန်ကုန်မြို့တွင် ရောက်ရှိ အလုပ်လုပ်ကိုင်နေသည့် ဒေသခံလူငယ်တစ်ဦးက ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ အဆောက်အအုံမှာ သွပ်မိုးနံကပ် အဆောက်အအုံဖြစ်၍ စာအုပ်၊စာစောင်အနေဖြင့်လည်း ငွေကျပ်နှစ်သိန်းဖိုးခန့် ဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။ ယခုလာရောက်ခြင်းမှာ စာကြည့်တိုက်ဖွင့်ပွဲအတွက် စာအုပ်၊ စာစောင်များ တတ်နိုင်သမျှဖြည့်ဆည်းပေးရန်နှင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ စာကြည့်တိုက်အနေအထားကို နောက်ရက်တွင် လာရောက်ကြည့်ရှုဦးမည်ဖြစ်ကြောင်းနှင့် ဖဲကြိုးဖြတ်မည့်နေရာနှင့် ယာယီမဏ္ဍပ်ဆောက်လုပ်ရမည့် နေရာများကို ထိုအချိန်ကျမှ လျာထားသတ်မှတ်ရန် ဆွေးနွေးကြပါသည်။ ၎င်းနောက် မြို့ပေါ်မှ ဖိတ်ကြားမည့်လူဦးရေစာရင်း ပြုစုကြရင်း ဖဲကြိုးဖြတ်မည့်သူများ၊ အဖွင့်အမှာစကားပြောမည့်သူများကို စီစဉ်ရွေးချယ်ခြင်း၊ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် စာကြည့်တိုက်ကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခြင်းတို့ကို အစီအစဉ်တွင် ထည့်သွင်းသွားရန် ဝိုင်းဝန်းဆွေးနွေးကြသည်။

အကြမ်းအားဖြင့် ဖွင့်ပွဲကို အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပထမပိုင်းအစီအစဉ်မှာ ဧည့်ပရိသတ်များစုံလင်ပါက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရန်နှင့် ဖဲကြိုးဖြတ်ပြီးပါက ဧည့်သည်တော်များ စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာရန်ဖြစ်သည်။ ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို ယာယီမဏ္ဍပ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အစီအစဉ်များကို ရေးဆွဲကြသည်။ အခမ်းအနားအစီအစဉ်ရေးဆွဲမှု ပြီးစီးသောအခါ ဖဲကြိုးဖြတ်မည့်နေရာတွင် ဖဲကြိုးကိုင်ရမည့်သူ၊ ကတ်ကြေးဗန်းကိုင်ရမည့်သူများ ရွေးချယ်ရေးနှင့် အခမ်းအနားအစီအစဉ်ကြေညာသူနှစ်ဦး စီစဉ်ထားရှိရေးကို ဆက်လက်ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဖဲကြိုးနှင့်ကတ်ကြေးဗန်းကိုင်ရန် ကျေးရွာမှ ကျောင်းသူလေးများကို စီစဉ်ထားကြမည်ဖြစ်သော်လည်း အခမ်းအနားအစီအစဉ်ကြေညာသူကို မြို့ပေါ်မှ ပွဲအတွေ့အကြုံရှိပြီးသူကို အကူအညီတောင်း ခေါ်ယူသွားရန် ရပ်မိ၊ရပ်ဖတစ်ဦးက ဆွေးနွေးသည်။ ၎င်းကိစ္စကိုလည်း သူတာဝန်ယူသွားမည်ဖြစ်ကြောင်းနှင့် မြို့ပေါ်တွင် မိတ်ဆွေတစ်ဦးရှိကြောင်း ပြောပါသည်။ သို့သော် ထိုကိစ္စကို မိမိက သဘောမတူပါ။ အခမ်းအနားအစီအစဉ်ကြေညာသူကိုလည်း ကျေးရွာမှ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသူလေးများကို သုံးစေချင်ပါသည်။ ဘာကြောင့် သူတို့ကို သုံးစေချင်ကြောင်းကိုလည်း ၎င်းတို့ကျေနပ်အောင် ယခုလို ရှင်းပြရပါသည်။

ယခု ကျွန်တော်တို့ စာကြည့်တိုက်များ ဖွင့်လှစ်နေခြင်းမှာ ကျေးရွာနေပြည်သူများ၊ ကျောင်းသားကျောင်းသူ လူငယ်များ စာပေဖတ်ရှုလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်သလို အဆိုပါစာကြည့်တိုက်များကို အမှန်တကယ် အသုံးပြုတတ်အောင်လည်း စည်းရုံးဆွဲဆောင်ဖို့ လိုအပ်လာပါသည်။ အသက်ကြီးပိုင်းပုဂ္ဂိုလ်များတွင် တကယ်စာဖတ်ဝါသနာပါသူမှလွဲ၍ အခြားသူများကို စည်းရုံးရန် မလွယ်ကူလှပါ။ အကြောင်းမှာ မိသားစုစီးပွားရေးကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်နေကြသူများ၊ စားဝတ်နေရေးအတွက် လုံးပမ်းနေကြရသူများ ဖြစ်နေကြခြင်းကြောင့် စာပေဖတ်ရှုလေ့လာဖို့ စိတ်ပါဝင်စားမှု နည်းပါးကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။

သို့ဖြစ်၍လည်း နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကလေးစာပေပွဲတော်များ စီစဉ်ကျင်းပနေခြင်းဖြစ်ပြီး ကလေးများ စာပေဖတ်ရှုမှု အားကောင်းလာစေရန်၊ စာကြည့်တိုက်ကို အသုံးပြုမှု အလေ့အထ စွဲမြဲလာစေရန် ဦးစားပေးဆောင်ရွက်နေကြခြင်းဖြစ်သည်။ ယခုအခါ အဆိုပါ စာပေပွဲတော်များမှတစ်ဆင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများတွင်လည်း ကလေးစာဖတ်ခန်းများကို အဆင့်မြှင့်တင်ထားရှိပေးထားသည့်အပြင် စာကြည့်တိုက်တွင် ကလေးများပျော်ရွှင်စေရန်အတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံဆွဲပြိုင်ပွဲများကို အခါအားလျော်စွာ ကျင်းပ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကလေးတွေကို ဘာကြောင့် ကျွန်တော်တို့ ဦးစားပေးနေရသလဲဆိုလျှင် သူတို့သည် ကျွန်တော်တို့၏အနာဂတ်၊ တိုင်းပြည်၏ အနာဂတ် ဖြစ်နေကြလို့ဖြစ်ပါသည်။ သူတို့ စာဖတ်မှု၊ သူတို့ အသိပညာ၊ ဗဟုသုတတွေပြည့်စုံမှု၊ သူတို့ကိုယ်တိုင်က ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုနဲ့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်မှ ကျွန်တော်တို့ အနာဂတ်တိုင်းပြည်က သူတို့ရဲ့ခေါင်းဆောင်မှုအောက်မှာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အေးချမ်းသာယာလာပါမည်။ သို့ဖြစ်ရာ သူတို့ကို ကျွန်တော်တို့ နေရာပေးရပေမည်။ အတွေ့အကြုံကောင်းများကို ဖန်တီးပေးရပါမည်။

ယခုကဲ့သို့ ကျေးလက်အခမ်းအနားလေးများဖြစ်သည့် စာကြည့်တိုက်ဖွင့်ပွဲ၊ ကျောင်းဖွင့်ပွဲစသည့် နေရာများတွင် မြို့နယ်အဆင့်၊ ကျေးရွာအဆင့်ဖြစ်ပါက သူတို့လေးတွေကိုသာ တာဝန်ပေးစေလိုပါသည်။ ကိုယ့်အရပ်၊ ကိုယ့်ဇာတ် ဖြစ်သဖြင့် အခြေခံလေးများမှအစ လုပ်တတ်ကိုင်တတ်၊ ပြောတတ်ဆိုတတ် ရှိစေရန် ကျွန်တော်တို့ သင်ကြားပေးရပေမည်။ မှားပါလိမ့်မည်။ မှားပါစေ။ အလုပ်လုပ်သောသူသည် အမှားနှင့် မကင်းနိုင်ပါ။ သို့သော် အကြိမ်ကြိမ်မှားသောသူ မရှိသလောက် ရှားပါသည်။ ထိုအမှားကို ကျွန်တော်တို့က စိတ်ရှည်လက်ရှည် ပြုပြင်ပေးနိုင်ဖို့ပဲ လိုအပ်ပါသည်။

ဒီနေ့ ဒီနေရာမှာ ဒီလိုလုပ်လို့မှားလျှင် နောက်နေ့ နောက်တစ်ကြိမ်မှာ အရင်အမှားကို သင်ခန်းစာယူပြီး အမှန်ကို ပြင်သွားနိုင်ပါလိမ့်မည်။ အမှားဆိုတာကိုသိမှ အမှန်ကို မြင်နိုင်ပါမည်။ သို့ဖြစ်၍ တစ်ခါတစ်ရံမှာ သူတို့ကို မှားခွင့်ပေးရပါမည်။ သူတို့လေးတွေဟာ ဒီရွာ၊ ဒီကျောင်းကနေ နောင်နှစ်တွေမှာ တက္ကသိုလ်ကြီးတွေကို ရွေးချယ်တက်ရောက်ကြပါလိမ့်မည်။ ကျောင်းပြီးသွားသည့်အချိန်တွင် လုပ်ငန်းခွင်ဝင်ကြရပေမည်။

ထိုအချိန်အထိ ၎င်းတို့မှာ ကျောင်းစာမှလွဲ၍ ဘာအတွေ့အကြုံ ဘာဗဟုသုတမှ မရှိခဲ့လျှင် သူတို့အတွက်လည်း ရှုံးပေမည်။ ကျွန်တော်တို့ တိုင်းပြည်အတွက်လည်း ရှုံးပါသည်။ ဤသို့ဖြင့် အရှုံးသံသရာလည်ပြီး တိုင်းပြည်ကလည်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမြဲ နောက်ကျနေမည်ပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျွန်တော်တို့အနေဖြင့် ကျောင်းသူကျောင်းသား ကလေးငယ်များကို နေရာပေးဖို့ လိုအပ်သလို သူတို့လေးတွေမှာ အတွေ့အကြုံကောင်းများ ရရှိနိုင်ရန်အတွက်လည်း ထိန်းကျောင်းပြုပြင်၊ သင်ကြားပေးခြင်းဖြင့် တစ်ခါတစ်ရံ သူတို့ကို မှားခွင့်ပေးလိုက်ပါဟူ၍ အကြံပြုလိုက်ရပါသည်။ ။

**ဒီနေ့ ဒီနေရာမှာ ဒီလိုလုပ်လို့မှားလျှင် နောက်နေ့ နောက်တစ်ကြိမ်မှာ အရင်အမှားကို သင်ခန်းစာယူပြီး အမှန်ကို ပြင်သွားနိုင်ပါလိမ့်မည်။ အမှားဆိုတာကိုသိမှ အမှန်ကို မြင်နိုင်ပါမည်။ သို့ဖြစ်၍ တစ်ခါတစ်ရံမှာ သူတို့ကို မှားခွင့်ပေးရပါမည်။ သူတို့လေးတွေဟာ ဒီရွာ၊ ဒီကျောင်းကနေ နောင်နှစ်တွေမှာ တက္ကသိုလ်ကြီးတွေကို ရွေးချယ်တက်ရောက်ကြပါလိမ့်မည်။ ကျောင်းပြီးသွားသည့်အချိန်တွင် လုပ်ငန်းခွင် ဝင်ကြရပေမည်။ ထိုအချိန်အထိ ၎င်းတို့မှာ ကျောင်းစာမှလွဲ၍ ဘာအတွေ့အကြုံ၊ ဘာဗဟုသုတမှ မရှိခဲ့လျှင် သူတို့အတွက်လည်း ရှုံးပေမည်။ ကျွန်တော်တို့ တိုင်းပြည်အတွက်လည်း ရှုံးပါသည်**

## ရှေးဦးပြုစုခြင်း(အခြေခံ)နှင့် စစ်ရေးပြသင်တန်း ဟိုင်းကြီးကျွန်း၌ဖွင့်လှစ်

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၈**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အမှတ်(၁)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဟိုင်းကြီးကျွန်းမြို့ ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)နှင့် စစ်ရေးပြသင်တန်းကို အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။



ကျောင်းသားလူငယ်များကိုအခြေပြု၍ ရှေးဦးပြုစုခြင်းပညာရပ်များ စနစ်တကျပြန့်ပွားစေရန်၊ အရေးပေါ်အခြေအနေကြုံလာပါက ကျောင်းသားလူငယ်များအနေဖြင့် မိမိနှင့်ပတ်ဝန်းကျင်ရှိလူများကို ရှေးဦးပြုစုနည်းဖြင့်အသက်ကယ်တင်နိုင်စေရန်၊ သဘာဝဘေးကျရောက်ရာဒေသများတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်စေရန်၊ ပြည်သူလူထုအတွင်း ရိုင်းပင်းကူညီတတ်သည့် အခြေခံလူမှုရေးစိတ်ဓာတ်များ ကိန်းအောင်းလာစေရန်၊ ဟိုင်းကြီးကျွန်းမြို့ ကြက်ခြေနီအသင်း၏ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့ကြက်ခြေနီသူနာပြုတပ်ဖွဲ့တပ်ခွဲမှူး ဦးမြင့်ဒွေးကပြောသည်။

သင်တန်းကို အထက(ဟိုင်းကြီး) ကျောင်းအုပ်ဆရာကြီး၏ လမ်းညွှန်မှုဖြင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့က ဦးဆောင်ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်း(နည်းပြ)(ရန်ကုန်)မှ အတွင်းရေးမှူး ဒေါက်တာကိုကိုဦး၏ ကူညီပံ့ပိုးမှုဖြင့် စီစဉ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် ပမ္မဝတီရေတပ်စခန်း ဌာနချုပ်မှ တပ်ကြပ်ကြီးတစ်ဦးက စစ်ရေးပြပညာရပ်များကို လည်းကောင်း၊ တပ်မတော်(၂၅)ကုတင်ဆန့်ဆေးရုံမှ ဗိုလ်ကြီး တစ်ဦးနှင့် ဟိုင်းကြီးကျွန်း တိုက်နယ်ဆေးရုံမှ သူနာပြုဆရာမ တစ်ဦးတို့က ကြက်ခြေနီပညာများကိုလည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီအထိ တစ်ချိန်နှင့် မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ တစ်ချိန်ဖြင့် နှစ်ချိန်ခွဲ၍ သင်ကြားပေးကာ သင်တန်းတက်ရောက်သည့်ကျောင်းသားကျောင်းသူ ၅၀ ရှိကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်သင်ကြားရာတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်အင်အားနည်းမှုကြောင့် သင်ကြားရေးပိုင်းတွင် အခက်အခဲများရှိနေသော်လည်း မြို့ကြက်ခြေနီအသင်းကို ဖွဲ့စည်းပြီးပါက အဆင်ပြေသွားနိုင်ကြောင်း၊ မြို့ကြက်ခြေနီအသင်း ဖွဲ့စည်းနိုင်ရန်အတွက် မြို့အုပ်ချုပ်ရေးမှူးရုံးသို့လည်း တင်ပြထားပြီးဖြစ်ကြောင်း၊ မကြာမီ စတင်ဖွဲ့စည်းနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီတပ်ခွဲမှူးက ဆက်ပြောသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း(နည်းပြ) (ရန်ကုန်)မှ အတွင်းရေးမှူး ဒေါက်တာကိုကိုဦးက သင်တန်းအတွက် သင်ထောက်ကူပစ္စည်း ထောက်ပံ့မှုအပိုင်းတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် အနည်းငယ်သာ ထောက်ပံ့ပေးနိုင်ခဲ့ပြီး သင်တန်းဖွင့်လှစ်နိုင်ရန်အတွက် အခြားသော သင်ထောက်ကူပစ္စည်းများကို အလှူရှင်များထံမှ အကူအညီတောင်းခံထားရကာ ထိုပစ္စည်းများ၏ ခန့်မှန်းတန်ဖိုးမှာ ကျပ်တစ်သိန်းခွဲခန့်ရှိကြောင်း၊ ကျောင်းသားကျောင်းသူများအား ကြက်ခြေနီပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရာ၌ အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများကို ဟိုင်းကြီးကျွန်းမြို့ကြက်ခြေနီအသင်းသို့ ဒေသခံအလှူရှင်များက ဝယ်ယူလှူဒါန်းပေးမည်ဆိုပါက သင်တန်းပို့ချရာတွင် ပို၍ အဆင်ပြေနိုင်ကြောင်း ပြောကြားခဲ့သည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ပရဟိတအဖွဲ့များ သတ်မှတ်ချက်များနှင့်ညီညွတ်မှသာ အလှူငွေကောက်ခံနိုင်

**ရန်ကုန်  အောက်တိုဘာ ၈**

သဘာဝဘေးအန္တရာယ်နှင့် အခြားသော လူမှုရေးလုပ်ငန်းများအတွက် ပရဟိတလုပ်ငန်းအဖြစ် ရပ်ကွက်၊ ကျေးရွာနှင့် ကုန်းလမ်း၊ ရေလမ်းတို့တွင် အလှူငွေများကောက်ခံရာ၌ အမှန်တကယ် အမျိုးသားရေးစိတ်ဓာတ်ဖြင့် လူမှုရေးပရဟိတလုပ်ငန်းလုပ်ကိုင်ကြသူများရှိသည့်နည်းတူ ပရဟိတအမည်ဖြင့် အသင်း၊အဖွဲ့အမည်ခံ၍ လုပ်ဆောင်မှုများလည်းရှိသဖြင့် ထိုသို့အမည်ခံလုပ်ဆောင်မှုများ မရှိစေရန် ပရဟိတအဖွဲ့များအနေဖြင့် အလှူငွေကောက်ခံရာ၌ သတ်မှတ်ထားသောအချက်(၁၂)ချက်နှင့်အညီ သက်ဆိုင်ရာမြို့နယ်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်နိုင်ကြောင်းသိရသည်။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားထားပြီးသားပါ။ မြို့နယ် တစ်မြို့နယ်မှာ ပရဟိတအဖွဲ့က အလှူငွေကောက်ခံမယ်ဆိုရင် ရေဘေးသင့်ဒေသဖြစ်စေ၊ အခြားတစ်နေရာဖြစ်စေ သွားရောက်ထောက်ပံ့မယ်ဆိုရင် ထုတ်ပြန်ထားတဲ့ အချက်(၁၂)ချက် သိထားရမယ်။ အသင်းအဖွဲ့ ဖွဲ့စည်းထားလား။ သက်ဆိုင်ရာမြို့နယ်ကို သတင်းပို့ပြီး အသင်းအဖွဲ့ဖွဲ့စည်းထားတဲ့မှတ်ပုံတင်ရှိလား။ မရှိရင် ဘယ်ရေဘေးသင့်ကို ကောက်ခံမယ်ဆိုတာ သက်ဆိုင်ရာမြို့နယ်ကို တင်ပြရမယ်။ သက်ဆိုင်ရာမြို့နယ်ကတစ်ဆင့် သက်ဆိုင်ရာဌာနကို ပို့ပါလိမ့်မယ်။ အဲဒီကနေ ခွင့်ပြုချက်ယူပြီးတော့ ပထမရက်မှာ အလှူငွေဘယ်လောက်ရလဲ၊ တစ်လလုံးမှာ ဘယ်လောက်ရလဲ၊ သိန်း ၂၀ ထောက်ပံ့ပြီးတော့ ၁၀ သိန်း ခရီးသွားလာမှုအတွက်ကုန်တာလား။ လက်ခံရရှိတဲ့မြို့ကလည်း ဘယ်အဖွဲ့က ဘယ်လိုပစ္စည်းတွေ လှူဒါန်းသွားတယ်။ တန်ဖိုးဘယ်လောက်ရှိတယ်ဆိုတာ မှတ်တမ်းဓာတ်ပုံတွေနဲ့ အဲ့ဒီမြို့နယ်မှာ တင်ပြရမှာပါ။ အသင်းအဖွဲ့ဟာ အမှန်တကယ်အလှူခံပြီး ပရဟိတအလုပ်ကို မှန်ကန်စွာလုပ်တယ်ပေါ့။ လိမ်လည်ပြီး ကောက်ခံတယ်၊ ဘယ်လိုအရေးယူရမလဲဆိုရင် သက်ဆိုင်ရာအုပ်ချုပ်ရေးရဲ့တာဝန်ပါ။ သက်ဆိုင်ရာမြို့နယ်မှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် မမှန်မကန်လုပ်ဆောင်တယ်လို့ တင်ပြမယ်ဆိုရင် သက်ဆိုင်ရာမြို့နယ်က စိစစ်လို့ရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ချရေးနေ့ အကြိုအခမ်းအနားတွင် ပြောကြားသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တို့တွင် သဘာဝဘေးအန္တရာယ်နှင့် အခြားလူမှုထောက်ပံ့မှုများအတွက် အလှူငွေကောက်ခံမှုကို ပုံစံအမျိုးမျိုးဖြင့် ကောက်ခံမှုများရှိတတ်၍ အမှန်တကယ် ထောက်ပံ့အကူအညီပေးနိုင်ရန်အတွက် ပရဟိတအလှူငွေကောက်ခံသူများ အသင်း၊ အဖွဲ့မှတ်ပုံတင်များ စိစစ်ထားရှိရန် လိုအပ်နေခြင်းဖြစ်သည်။

"အသင်း၊ အဖွဲ့မဟုတ်ဘဲ အလှူငွေကောက်ခံလို့မရပါဘူး။ အုပ်ချုပ်ရေးပိုင်းက တာဝန်ပါ။ မြို့နယ်တစ်မြို့နယ်မှာ ကောက်ခံမယ်ဆိုရင် အချက်(၁၂)ချက်အတိုင်း လုပ်ဆောင်ရမှာပါ။ ရရှိတဲ့နေရာမှာလည်း နောက်ဆုံးလက်ခံတဲ့ပစ္စည်းစာရင်းကို မှတ်တမ်းဓာတ်ပုံနဲ့ တင်ပြရမယ်။ ဒါဆိုရင် ဒီအဖွဲ့ဟာ ခိုင်မာတယ်ပေါ့။ ပရဟိတစိတ်ဓာတ်နဲ့ ပရဟိတလုပ်ငန်းလုပ်တယ်လို့ သုံးသပ်လို့ရပါတယ်"ဟု ညွှန်ကြားရေးမှူးက ဖြည့်စွက်ပြောကြားသည်။

**(၁၆၄)**

# ဆောမြို့တွင် ယောဒေသ၏ဓလေ့ရိုးရာ သနပ်ခါးပါးတို့ပွဲကျင်းပ

**ဆော  အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ယောအရပ်ဒေသ ဆောမြို့၌ ယောဓလေ့ပွဲတော်တစ်ခု ဖြစ်သော သနပ်ခါးပါးတို့ပွဲကို ဘုရားကွင်းပြင်ရှိ ရတနာလူငယ်ဝင်းပါ၌ အောက်တိုဘာ ၅ ရက်(သီတင်းကျွတ်လပြည့်နေ့ည)က ကျင်းပခဲ့ကာ ရတနာလူငယ် မောင်မယ်များ၊ ဇေယျာရပ်ကွက် လူငယ်မောင်မယ်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ လူငယ်မောင်မယ်များ ပါဝင်ဆင်နွှဲခဲ့ကြသည်။



ယောဒေသ၏ သနပ်ခါးပါးတို့ပွဲမှာ ဆီမီးပူဇော်ရန် မီးကြာခွက်များကိုင်ဆောင်ကာ စီတန်းရောက်ရှိလာကြသည့် အမျိုးသမီးငယ်များအား ဒေသခံအမျိုးသမီးများက ရင်းရင်းနှီးနှီး ဆီးကြိုနှုတ်ဆက်၍ ဆီမီးပူဇော်ရန် ရောက်ရှိလာကြသူ လုံမပျို အမျိုးသမီးငယ်များ၏ ပါးပြင်သို့ သနပ်ခါးဖြင့် ထိတို့ပေးခြင်းဖြစ်သည်။ ထိုသို့ တို့ထားသည့် သနပ်ခါးများကို လုပစွာ မျက်နှာချေညှိနိုင်ရန် ယောကျ်ားလေးနှစ်ဦးတို့က မှန်ကို ထောင်၍ ကိုင်ထားပေးသည်။ မျက်နှာချေညှိပြီးသည့်အခါ မှန်ကိုင်အမျိုးသားများက မှန်ကိုမြောက်ပေးလိုက်ပြီး လုံမပျိုက ရှေ့ဆက်သွားနိုင်သည်။ မှန်တန်းတစ်ခုကို ကျော်ဖြတ်ပြီးသည့်အခါ နောက်ထပ်တွေ့ရှိသည့် ဒေသခံအမျိုးသမီးနှစ်ဦးက သနပ်ခါးဖြင့် ပါးကို ထပ်မံ ထိတို့လိုက်ပြီး နောက်ထပ် မျက်နှာချေညှိရသည်။ ယခုနှစ် သနပ်ခါးပါးတို့ပွဲတွင် ထိုသို့ မှန်တန်းပေါင်း ၅၀ ခန့်ရှိကြောင်း သိရသည်။ ဤနည်းဖြင့် လူငယ်အမျိုးသား၊ အမျိုးသမီးများမှာ တစ်ဦး၏ ဝတ်စားဆင်ယင်မှု၊ အလှအပတို့ကို အနီးကပ် အကဲခတ်၍ရပြီး နှစ်ဦးနှစ်ဖက်ပီတိဖုံး၍ ပျော်မဆုံးနိုင်သော ပွဲတစ်ပွဲဖြစ်သည်ဟု စာရေးဆရာတစ်ဦးက ရေးသားဖော်ပြဖူးသည်။

အဆိုပါ ယောဒေသရိုးရာ သနပ်ခါးပါးတို့ပွဲတော်ကို မီးကြာလှည့်ပွဲနှင့် တွဲဖက်၍ ကျင်းပလေ့ရှိပြီး ယခုနှစ် ဆောမြို့တွင် အောက်တိုဘာ ၄ ရက် ည၌ မီးကြာလှည့်ပွဲနှင့် ဆီမီးပူဇော်ပွဲကိုလည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲဖြင့် ဆီမီးပူဇော်ပွဲကိုလည်းကောင်း ကျင်းပကာ အိုးစည်ဒိုးပတ် အဆိုအကများဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့ရိုးရာဂီတ အခြေခံအဆိုပညာသင်တန်း ကျိုက်ထိုမြို့နယ်၌ ဖွင့်လှစ်

**ကျိုက်ထို အောက်တိုဘာ ၈**

ကျိုက်ထိုမြို့နယ် ဗမာတိုင်းရင်းသားလူမျိုး စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ကြီးမှူး၍ အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကထိကများက နည်းပြအဖြစ် လာရောက်သင်ကြားပို့ချသည့် မြန်မာ့ရိုးရာဂီတ အခြေခံအဆိုသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၆ ရက်က ကျိုက်ထိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် မော်လမြိုင်တက္ကသိုလ်နှင့် အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်တို့မှ ကျောင်းသူများက သီချင်းများသီဆို၍ ဖွင့်လှစ်ပြီး ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးက မိမိတို့တိုင်းရင်းသားများ၏ ဂီတအနုပညာသည် သိမ်မွေ့နူးညံ့ပြီး မာန်မာန ဒေါသတရားများကို ဖြေဖျောက်နိုင်သလို အမျိုးသားရေးဂုဏ်ကို မြင့်မားစေ၍ တန်ဖိုးထားလေးစားဖွယ်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းသည် မြန်မာ့ဂုဏ်ကိုဖော်ဆောင်သည့်အတွက် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသား ယဉ်ကျေးမှု အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကထိက ဒေါ်ခိုင်ဇင်ရွှေက မိတ်ဆက်စကားပြောကြားပြီး ဗမာတိုင်းရင်းသားလူမျိုး စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးထိန်လင်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာတိုင်းရင်းသားလူမျိုး စာပေနှင့်ယဉ်ကျေးမှုအဖွဲ့နာယက ဦးဉာဏ်တင်က သင်တန်းဖြစ်မြောက်ရန် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကထိက ဒေါ်ခိုင်ဇင်ရွှေနှင့် ကထိက ဦးသန်းမြတ်စိုးတို့က ရက်သတ္တသုံးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ဆရာ ဆရာမများနှင့် ရပ်ကွက်ကျေးရွာများမှ ဝါသနာရှင် စုစုပေါင်း ၃၀ တက်ရောက်သင်ကြားခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# (၆၄)နှစ်မြောက် သံဃာပဝါရဏာလောင်းလှူပွဲကျင်းပ

**ဖြူး အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျဝတီမြို့၌ မြို့ပေါ်နှင့် ဇေယျဝတီဒေသလုံးကျွတ် (၆၄) နှစ်မြောက် သံဃာပဝါရဏာလောင်းလှူပွဲကို အောက်တိုဘာ ၅ ရက်(သီတင်းကျွတ်လပြည့်နေ့)က ကျင်းပခဲ့သည်။ အခမ်းအနားကို ဇေယျဝတီမြို့ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ ဇေယျဝတီမြို့ပေါ်နှင့် ပတ်ဝန်းကျင်ရွာများရှိ ဘုန်းတော်ကြီးကျောင်း ၂၈ကျောင်းတို့မှ သံဃာတော် ၁၃၇ ပါးက ပဝါရဏာပြုအပြီး သိမ်တော်ကြီးမှအထွက်တွင် စေတနာရှင်ပြည်သူများက ဝတ္ထုပစ္စည်းများနှင့် ငွေပဒေသာပင်များကို ကျောင်းတိုက်များသို့ မဲဖောက်လှူဒါန်းကြသည်။

အဆိုပါ ပဝါရဏာလောင်းလှူပွဲတွင် ဇေယျဝတီမြို့ပေါ်ရပ်ကွက်များနှင့် ဇေယျဝတီဒေသပတ်ဝန်းကျင်ကျေးရွာများရှိ စေတနာရှင်အဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများက ကျပ်သိန်း ၃၀၀ ခန့်တန်ဖိုးရှိ ငွေသားပဒေသာပင်များကို မဲဖောက်လှူဒါန်းကြပြီး ဝတ္ထုပစ္စည်းများပါ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ကနန်ဘေလီတံတား ပြန်လည်ပြုပြင်ပြီးစီး၍ နယ်စပ်ကုန်စည်ပို့ဆောင်ရေးယာဉ်များ ပြန်လည်ပြေးဆွဲနေ

**ကလေး  အောက်တိုဘာ ၈**

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်တွင် မိုးရွာသွန်းမှု များပြားခဲ့သောကြောင့် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီး၏ ကလေးဝ-ကျီကုန်း-တမူး လမ်းပိုင်းပေါ်ရှိ ကနန်ဘေလီတံတား၏ တမူးဘက်ခြမ်း ချဉ်းကပ်လမ်း အရှည် ပေ ၁၆၀ တာပေါင်နှင့် တံတားအခန်းများ ချောင်းရေတိုက်စားမျောပါပျက်စီးခဲ့ကာ စက်တင်ဘာ ၁၉ ရက်မှစ၍ ယာဉ်သွားလာမှု ပြတ်တောက်ခဲ့သည်။

တံတားပျက်စီးမှုကို ခမ်းပတ်မြို့အခြေစိုက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် တံတားဦးစီးအဖွဲ့များပူးပေါင်း၍ ပြန်လည်ပြင်ဆင်ခဲ့သဖြင့် စက်တင်ဘာ ၂၅ ရက်မှာပင် ယာယီပြုပြင်ပြီးစီးခဲ့၍ ယခုအချိန်အထိ နယ်စပ်ကုန်စည်တင်ပို့သည့် ယာဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနေကြောင်း သိရသည်။

ရေတိုက်စားပျက်စီးသွားသော တံတားချဉ်းကပ်လမ်းကို ပြုပြင်စဉ်က ယာယီဖြတ်သန်းသွားလာနိုင်ရေးအတွက် လူအားဖြင့် တာဖို့ကာကွယ်ဆောင်ရွက်ခဲ့သော်လည်း ဖြတ်သန်းသွားလာရန် အဆင်မပြေသဖြင့် သက်ဆိုင်ရာ လမ်းဦးစီးဌာနနှင့် တံတားဦးစီးအဖွဲ့မှ တာဝန်ရှိသူများက စက်တင်ဘာ ၂၀ ရက်မှစ၍ ရေလမ်းကြောင်းလွှဲခြင်းများ ဆောင်ရွက်ကာ စက်တင်ဘာ ၂၃ ရက်မှစ၍ ချဉ်းကပ်လမ်း တာပေါင်ပြန်ဖို့ခြင်းလုပ်ငန်းနှင့် ဘေလီတံတား အရှည် ပေ ၈၀ ဆက်ခြင်းလုပ်ငန်းတို့ကို နေ့ညမပြတ် ပြုပြင်ဆောင်ရွက်ခဲ့၍ စက်တင်ဘာ ၂၅ ရက် ညနေပိုင်းမှစပြီး ကုန်တင်ယာဉ်ကြီးများ ပြန်လည်ဖြတ်သန်းသွားလာနိုင်ခြင်းဖြစ်ကာ ယနေ့အထိ တမူးအခြေပြု တမူး-ကလေး-မုံရွာ-မန္တလေး မော်တော်ယာဉ်များ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ကလေး- တမူးလမ်းတွင် ကနန်တံတားကဲ့သို့ ပေ ၁၈၀ ဝန်းကျင်ရှိ တံတားကြီး ၁၀ စင်းရှိပြီး ၂၀၁၅ ခုနှစ်က သဘာဝရေဘေးအန္တရာယ်ကြောင့် ကနန်၊ ခမ်းပတ်နှင့် ကမ္ဘကြီး တံတားသုံးစင်း ပျက်စီးပြိုကျခဲ့သည်။ အဆိုပါ ကနန်တံတားမှာ ထိုစဉ်က ပျက်စီးပြိုကျမှုကို ပြန်လည်ပြုပြင်ထားသော တံတားတစ်စင်းဖြစ်ကာ ယခုနှစ် စက်တင်ဘာလ ရေကြီးချိန်တွင် ထပ်မံပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကရင်ပြည်နယ်အတွင်း မိုင်းထိဒဏ်ရာရရှိသောလူနာများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေ ထုတ်ပေးသွားမည်

**ဘားအံ အောက်တိုဘာ ၈**

ကရင်ပြည်နယ်အတွင်းရှိ မိုင်းထိဒဏ်ရာရရှိသော လူနာများအား ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ထောက်ပံ့ငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနကို ခွဲဝေချထားပေးတဲ့ ရန်ပုံငွေကနေ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ မည်သည့်နေရာဒေသကမဆို မိုင်းထိတဲ့လူနာတွေကို ထောက်ပံ့ငွေများ ထုတ်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းကပြောသည်။

မိုင်းထိလူနာများအား ထောက်ပံ့ရာတွင် ၂၀၁၇ ခုနှစ် ဧပြီလမှစ၍ မိုင်းထိလူနာများကိုသာ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယင်းရှေ့ပိုင်း မိုင်းထိလူနာများပါဝင်မှုမရှိကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မိုင်းထိလူနာတစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ်နှစ်သိန်းကိုထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အမှန်တကယ်မိုင်းထိသည့်လူနာဖြစ်ပါက မည်သည့်ထောက်ခံစာများမှ မလိုဘဲ ရပ်ဝေးမှဖြစ်ပါက မိုင်းထိလူနာ၏ဓာတ်ပုံကိုသာပြသပြီး ထောက်ပံ့ငွေများ လာရောက်ထုတ်ယူနိုင်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ထောက်ပံ့မည့်လူနာများသည် အမှန်တကယ်မိုင်းထိခြင်းဖြစ်ရန်သာလိုအပ်ပြီး ဒဏ်ရာအကြီးအသေးခွဲခြားထားမှုမရှိပါကြောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာနအနေဖြင့် ပြည်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်နေသူများ၊ အတိဒုက္ခရောက်နေသူများကို ပြန်လည်ပြုစုစောင့်ရှောက်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် ရည်ရွယ်ပြီး ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းလည်း ဒုတိယညွှန်ကြားရေးမှူးက ဆိုသည်။

အဆိုပါထောက်ပံ့ငွေများကို မြန်မာနိုင်ငံတစ်ခုလုံးအတိုင်းအတာအနေဖြင့်လည်း ထုတ်ယူနိုင်မည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လူမှုဝန်ထမ်းဦးစီးဌာနများသို့ ၂၀၁၇ ခုနှစ် ဧပြီလမှစပြီး မိုင်းထိသည့် မည်သည့်လူနာများမဆို ထောက်ပံ့ငွေများ သွားရောက်ထုတ်ယူနိုင်ကြောင်း၊ ကရင်ပြည်နယ်တွင် ဘားအံမြို့ရှိ ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် မြဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံးသို့ ဆက်သွယ်၍ သွားရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## မျက်မြှေးရောင်ရောဂါ/ မျက်စိနာရောဂါ

မျက်မြှေးရောင်ရောဂါ (သို့) မျက်စိနာရောဂါသည် များသောအားဖြင့် ဗိုင်းရပ်စ်ပိုး များကြောင့်ဖြစ်ပွားပြီး အဖြစ်များသော မျက်စိရောဂါတစ်မျိုးဖြစ်သည်။ ရောဂါ ဖြစ်ပွားလျှင် ၇ ရက်မှ ၁၀ ရက်ခန့်အထိ ကြာမြင့်တတ်ပြီး ရာသီမရွေး ဖြစ်ပွား နိုင်ပါသည်။

**ရောဂါလက္ခဏာများ**

- မျက်စိယားယံခြင်း
- မျက်ရည်ယိုခြင်း
- မျက်စိနီရဲခြင်း
- မျက်ဝတ်များထွက်ခြင်း
- မျက်စိနာကျင်ရောင်ရမ်းခြင်း
- အလင်းရောင် မကြည့်နိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

**ရောဂါကူးစက်ပုံ**

- ကူးစက်မြန်သောရောဂါဖြစ်သဖြင့် တစ်ဦးတစ်ယောက်ရောဂါစဖြစ်လျှင် အခြားသူများသို့ လျင်မြန်စွာကူးစက်ပြန့်ပွားသွားနိုင်ပါသည်။ ဥပမာအားဖြင့် ကျောင်းသားတစ်ဦးမှ စာသင်ခန်းတစ်ခန်းလုံး၊ တစ်ကျောင်းလုံးသို့ ကူးစက်နိုင်ပါသည်။
- မျက်စိနာသူနှင့် နီးကပ်စွာအတူနေထိုင်သူတို့တွင် ရောဂါကူးစက်လွယ်သဖြင့် အထူးသတိပြုရပါမည်။ မိခင်နှင့်ကလေးတို့မှာ အလွန်နီးစပ်သဖြင့် ကူးစက်နှုန်းမြန်ဆန်ပါသည်။

**ရောဂါကာကွယ်ကုသခြင်း**

- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းသော ဂွမ်းအစိုဖြင့် တစ်နေ့ နှစ်ကြိမ်မှ သုံးကြိမ်ခန့် သန့်စင်ပေးရပါမည်။ သန့်စင်ပေးပြီးပါက သန့်စင်ပေးပြီးသူသည် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရပါမည်။
- မျက်စိဆရာဝန်မှ ညွှန်ကြားသည့်အတိုင်း ပဋိဇီဝဆေးပါဝင်သော မျက်စဉ်းခတ်ရပါမည်။
- မျက်စဉ်းမခတ်မီနှင့် ခတ်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောရပါမည်။
- ရောဂါဖြစ်သူ၏ အဝတ်အစား၊ အသုံးအဆောင် (အထူးသဖြင့် အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းများ) အား စုပေါင်းအသုံးပြုခြင်းတို့မှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသဖြင့် အတူသုံးစွဲခြင်း လုံးဝ မပြုလုပ်ရပါ။ သီးသန့်လျှော်ဖွတ်သန့်စင်ရပါမည်။

**မျက်စိနာရောဂါကာကွယ်ရန် ပြည်သူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းနှင့် ရောဂါဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများတွင် စနစ်တကျဆေးကုသမှု ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရမည်းသင်းမြို့တွင် သပိတ်ဆွမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မင်္ဂလာကျုံးမြောက်ဘက်ရှိ ကံတော်ဦး စိန္တိတမဟာရွှေမင်းဝံစေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းသပိတ် လောင်းလှူပွဲကို အောက်တိုဘာ ၅ ရက်က အဆိုပါစေတီတော်ကြီးနှင့် စတုစက္ကရွှေပြည်ရန်အောင် စေတီတော် ပရဝဏ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ဆွမ်းသပိတ်လောင်းလှူပွဲသို့ ကျောင်းပေါင်း ၆၅ ကျောင်း၊ ပင့်သံဃာ အပါး ၁၀၅၀ ကြွရောက်ကြပြီး နံနက်ပိုင်း၌ သံဃာတော်များအား ဆွမ်း၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကာ ဆွမ်းသပိတ် လောင်းလှူပွဲသို့ လာရောက်ကြသူများအား အာဟာရဒါန စားသောက်ဖွယ်ရာ အဖြာဖြာတို့ဖြင့် အလှူရှင်များက နိဗ္ဗာန်ဈေးပွဲတော်အဖြစ် တည်ခင်းဧည့်ခံ ကျွေးမွေးကုသိုလ်ပြုကြသည်။

ယခုကဲ့သို့ ဆွမ်းသပိတ်လောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ရန်အောင်မင်းကျောင်းဆရာတော် အမှူးထား၍ သရက်ပင်ကျောင်းဆရာတော် တပည့်၊ ရဟန်း၊ သံဃာ၊ အကျိုးဆောင်များ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရပြီး ယခုနှစ်တွင် (၁၄) ကြိမ်မြောက်ဖြစ်သည်ဟု သိရသည်။

**အတ်ကလေး (ရမည်းသင်း)**

## ကချင်ပြည်နယ်တွင် နှစ်လုံး၊ သုံးလုံး(ချဲထီ)များ ပျောက်ကွယ်လုနီးပါးဖြစ်

**မြစ်ကြီးနား အောက်တိုဘာ ၈**

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားမြို့အပါအဝင် အခြားသောမြို့များ၌ နှစ်လုံး၊ သုံးလုံး (ချဲထီ) လောင်းကစားများ ယခင်ကလောက် လူထုစိတ်ဝင်စားမှုမရှိတော့ဘဲ ကစားသမား (ထိုးသူ) မရှိသလောက် နည်းပါးသွားပြီဖြစ်ကြောင်း သိရသည်။

"နှစ်လုံးကော သုံးလုံး (ချဲ) ကော ထိုးသားတွေကအရင်ကလောက် မရှိတော့ဘူး။ လူတွေက သိပ်စိတ်မဝင်စားကြတော့ ထိုးတဲ့သူ အလွန်ကိုနည်းသွားပြီ။ ဒီနှစ်လုံး၊ သုံးလုံးတွေကို ရဲကဖမ်းပြီး နှိမ်နင်းစရာတောင် မလိုတော့ပါဘူး။ သူ့ဟာသူ လူတွေက စိတ်မဝင်စားတော့လို့ မထိုးကြတော့တာနဲ့ဘဲ ပျောက်သွားမယ်လို့ ထင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာနယ်မြေရဲကင်း၊ ရဲစခန်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများအလိုက် နှစ်လုံး၊ သုံးလုံးချဲထီရောင်းသူ ရောကစားသူ (ထိုးသား) နှစ်ဦးစလုံးကိုပါ စဉ်ဆက်မပြတ် ဖမ်းဆီးအရေးယူလျက်ရှိရာ အဆိုပါ နှစ်လုံး၊ သုံးလုံးချဲတို့ကို ပြည်သူလူထု၏ စိတ်ဝင်စားမှု လျော့နည်းလာခြင်းကြောင့် ၂၀၁၇ ခုနှစ်အတွင်း ဖမ်းဆီးရမိသော လောင်းကစားမှုများထဲ၌ နှစ်လုံး၊ သုံးလုံး ဖမ်းဆီးရမိသော အမှုများစွာ ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

"အဓိကတော့ ပြည်သူတွေအနေနဲ့ ဒီနှစ်လုံး၊ သုံးလုံးလောင်းကစားကို စိတ်ဝင်စားမှု အားနည်းသွားလို့ပဲဖြစ်မှာပါ။ လောင်းကစားမှု မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဥပဒေနဲ့ မလွတ်ကင်းရင် ဖမ်းမှာပါပဲ။ ဖမ်းရမှာပဲ။ ဒီနှစ်လုံး၊ သုံးလုံးပပျောက်ခြင်း၊ မပပျောက်ခြင်းကတော့ ပြည်သူရဲ့စိတ်ဝင်စားမှုအပေါ်မှာပဲ မူတည်ပြီး စိတ်ဝင်စားမှုလျော့နည်းလာတဲ့အတွက် သူ့အလိုလိုပပျောက်လာတယ်လို့ မြင်ပါတယ်"ဟု မြစ်ကြီးနားမြို့မစခန်းမှ စခန်းမှူး ဒုရဲမှူး ကျော်နက ပြောသည်။

ကချင်ပြည်နယ်အတွင်း ဖမ်းဆီးရမိသော လောင်းကစားမှုအနေနှင့် ၂၀၁၆ ခုနှစ်၌ ၃၄ မှုရှိခဲ့ပြီး ယခုနှစ်အတွင်း စက်တင်ဘာလအထိ ၂၂ မှုရှိကြောင်း သိရသည်။

**မင်းမင်းဦး**

## လွိုင်ကော်မြို့၌ပထမအကြိမ် ဂေဘားတိုင်းရင်းသားလူငယ်များတွေ့ဆုံနှီးနှောဖလှယ်ပွဲပြုလုပ်

**လွိုင်ကော် အောက်တိုဘာ ၈**

လွိုင်ကော်မြို့ နာနတ်တောရပ်ကွက် ကက်သလစ်ဓမ္မာရုံ ခန်းမဆောင်၌ အောက်တိုဘာလ ၇ ရက်က ပထမအကြိမ် ဂေဘားတိုင်းရင်းသားလူငယ်များ နှီးနှောဖလှယ်ပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုန်းတော်ကြီး ဂျွန်ဂေါဒီက အမှာစကားပြောကြားပြီး ဂေဘားတိုင်းရင်းသား မျိုးနွယ်စုသမိုင်းအကြောင်းအရာများနှင့် ပတ်သက်၍ ဂေဘားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးရိမားနိုက ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဂေဘားလူငယ်ဥက္ကဋ္ဌ ခိုးပက်ထရစ်ရန်နိုင်စိုးက နှီးနှောဖလှယ်ပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်ပြီး လူငယ်များအနေဖြင့် မိမိတို့ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များကို တန်ဖိုးထားတတ်လာစေရန်နှင့် လူငယ်များအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိလာစေရန်အတွက်ရည်ရွယ်ကာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များက သဝဏ်လွှာများဖတ်ကြားပြီး ၂၀၁၆-၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ခဲ့ကြသော ဂေဘားတိုင်းရင်းသားလူငယ်/မောင်မယ်များအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဂေဘားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက ဝေထီးဝေဂေ (ဝါးညှပ်) အက၊ ဟူးဒေဖားကလဲဖို (တောင်ယာလုပ်ငန်း) အကနှင့် လူငယ်ဘဝပျိုးထောင်ရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက လှပသည့် ပြည်မြန်မာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေးမြို့နယ်၌ (၁၆) ကြိမ်မြောက် ကျွတ်လွတ်ပွဲကျင်းပ

**ရေး အောက်တိုဘာ ၈**

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာနှင့် မြို့နယ်အတွင်းရှိ နာရေးကူညီမှုအသင်းအဖွဲ့အသီးသီးမှ (၁၆) ကြိမ်မြောက်ကျွတ်လွတ်ပွဲကို သာသနာ့ဇောတိက အရှင်အာစာရ ဆရာတော်က ဦးဆောင်၍ အောက်တိုဘာ ၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

နာရေးကူညီမှုအသင်းအဖွဲ့ဝင်အသီးသီးမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကွယ်လွန်သွားခဲ့သည့် ရဟန်းရှင်လူများမှ ရုပ်အကြွင်းအကျန် အရိုးပြာအိုးများကို အစင်စံပြကျေးရွာမှ ဆိပ်ကလေးပင်လယ်ဝကမ်းခြေသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကွယ်လွန်သူများ၏ ရုပ်အကြွင်းအကျန်များကို ရည်စူး၍ နာရေးကူညီမှုအသင်းအဖွဲ့ဝင်များနှင့် ဦးဆောင်ဆရာတော်များက စုပေါင်း၍ အမျှအတန်းပေးဝေကာ ဆုတောင်းမေတ္တာပို့သခဲ့ကြောင်း သိရသည်။

အဆိုပါကျွတ်လွတ်ပွဲကို ရေးမြို့နယ် အစင်စံပြ၊ ဇီးဖြူသောင်၊ ဓမင်းဆိပ်၊ ဆိပ်ကလေး၊ ကျောက်မီချောင်း၊ ပိုင်ဝမ်းနှင့် သက်န်းကျွန်းကျေးရွာများမှ နာရေးကူညီမှုအသင်းအဖွဲ့ဝင်များက သေဆုံးသူ ရုပ်အကြွင်းအကျန် ၄၀၀ ခန့်၏ အရိုးပြာအိုးကို ဖောင်တော်ဖြင့် ပင်လယ်ထဲသို့ ပို့ဆောင်ရေမျှောခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

## ဆွမ်းဆန်စိမ်း လောင်းလှူပွဲပြုလုပ်

**နတ်တလင်း အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ရပ်ကွက်များရှိ ပြည်သူများက အောက်တိုဘာ ၇ ရက်က ရွာမရပ်ကွက် မဟာစည်သာသနာ့ရိပ်သာကျောင်းဝင်းအတွင်း၌ သီတင်းသုံးနေထိုင်တော်မူကြသော ဦးဆောင်သီလရှင်ဆရာကြီး ဒေါ်စန္ဒာသီရိနှင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးနေထိုင်ကြသည့် သီလရှင်ဆရာကြီး ဆရာလေးများ ဆွမ်းဆန်စိမ်းအလှူခံထွက်ရာ ရွာမရပ်ကွက်နေ ပြည်သူများက ဆန်၊ ဆီစသည့် လှူဖွယ်ပစ္စည်းမျိုးစုံတို့ဖြင့် လောင်းလှူခဲ့ကြကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# ကျွန်တော်နဲ့ ပညာရေးစနစ်



● ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက် ●

ဒီဆောင်းပါးရေးသင့်၊ မရေးသင့်ကို ကျွန်တော်အချိန်ယူပြီးစဉ်းစားခဲ့တယ်။ ကျွန်တော် ဆောင်းပါးရေးတိုင်း၊ စာဖတ်သူတွေအတွက် အကျိုးရှိရမယ်။ မရှိရင်မရေးဘူးလို့ ဆုံးဖြတ်ထားတယ်။ စာဖတ်သူကိုလေးစားရမှာ။ အမှန်တော့ ရေးချင်တာကြာခဲ့ပြီး ဇနီးကတားတယ်။ အမုန်းမပွားနဲ့လို့ သတိပေးတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့တစ်ပတ်က ကျွန်တော်အခမ်းအနား နှစ်ခုတက်ရတယ်။ ဟောပြောခဲ့တယ်။ ဒီအတွေ့အကြုံတွေကို သုံးသပ်ရင်း ရေးသင့်တယ်ထင်လို့ ရေးလိုက်တာဖြစ်တယ်။ ဘယ်သူ့ကိုမှ ဝေဖန်ပြစ်တင်ချင်တဲ့စိတ်မရှိပါဘူး။ ကျွန်တော်က ဝေဖန်ခွင့်ရှိတဲ့သူမဟုတ်ပါဘူး။

မနက်မှာ နိုဗိုတယ်ဟိုတယ်မှာ ပြုလုပ်တဲ့ပွဲ။ ကျွန်တော့်ကို ဖိတ်ကြားတာက စီးပွား/ကူးသန်းဝန်ကြီးဌာန။ ရန်ကုန်မြို့မှာဖွင့်ထားတဲ့ ကုန်သွယ်ရေးသင်တန်းကျောင်းရဲ့ ကျောင်းအုပ်။ သူ့ရဲ့မိတ်ဆွေတစ်ဦးဖွင့်လှစ်ထားတဲ့ ကျောင်းရဲ့ ဘွဲ့နှင်းသဘင် အခမ်းအနားမှာတက်ရောက်ပြီး မိန့်ခွန်းပြောစေတာ။ ကျွန်တော်ကလည်း ကျောင်းဖွင့်တာကို စိတ်ဝင်စားတယ်။ အခြေအနေသိချင်လို့ လက်ခံလိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီပွဲအပြီးမှာ မြေနီကုန်းက (Strategy First Institute) မှာလည်း ဘွဲ့လွန်သင်တန်းတွေနဲ့ပတ်သက်ပြီး ဟောပြောပွဲတစ်ခုလုပ်ပေးပါလို့ ကျွန်တော့်ကိုဖိတ်ကြားခဲ့တာ။

ပထမပွဲမှာ ပိုလန်နိုင်ငံက ပုဂ္ဂလိကတက္ကသိုလ်တစ်ခုက ဖွင့်လှစ်ထားတဲ့ကျောင်း။ ဖွင့်လှစ်တဲ့သူက ပိုလန်မှာပညာသင်ကြားပြီး ဒီမှာကျောင်းလာဖွင့်တာ။ အခမ်းအနားမှာ ပိုလန်ကပါမောက္ခနှစ်ဦးနဲ့လည်း စကားပြောဖြစ်တယ်။ ကျွန်တော်က ပိုလန်ဆိုလို့ စိတ်ဝင်စားခဲ့တယ်။ ကျွန်တော်တို့ခေတ်က နိုင်ငံခြားပညာတော်သင်ကို ဆိုရှယ်လစ်နိုင်ငံတွေကို လွှတ်ခဲ့တာ။ ကျွန်တော်ပထမအကြိမ်ဝင်ဖြေတုန်းက အကယ်၍ အဆင်ပြေခဲ့ရင် ကျွန်တော်ကပိုလန်သွားရမှာ။ ကျွန်တော်က အရွေးမခံခဲ့ရဘူး။ အရွေးခံခဲ့ရတဲ့သူက ပိုလန်သွားခဲ့တယ်။ နောက်တစ်နှစ် ကျွန်တော်ဝင်ဖြေတော့ အင်္ဂလန်ကိုလွှတ်လိုက်တာ။ ပိုလန်က ပါမောက္ခတွေနဲ့ဆွေးနွေးရင်း သူတို့ရဲ့ အဆင့်အတန်းကို ခန့်မှန်းနိုင်ခွင့်ရခဲ့တယ်။ ပိုလန်ရဲ့မြို့တော် ဝါဆောမြို့မှာ တည်ထောင်ထားတဲ့ တက္ကသိုလ်ဖြစ်တယ်။ (Strategy First Institute) ကို ကျွန်တော်က အခွင့်အရေးရတိုင်း အားပေးခဲ့တယ်။ ဦးစီးတဲ့ ကိုအောင်ချစ်ခင်နဲ့ မိသားစုဟာ စေတနာသန့်သန့်နဲ့လှုပ်ရှားနေတာ။ အထူးခြားဆုံးကတော့ ဘွဲ့လွန်အမ်ဘီအေကို နိုင်ငံခြားတက္ကသိုလ်တွေနဲ့ချိတ်ဆက်ပြီး မြန်မာပြည်မှာ ဘွဲ့ပေးနေတာ။ တက္ကသိုလ်တစ်ခုကတော့ အီဒင်ဘာရာမြို့က စီးပွားရေးတက္ကသိုလ်။ ကမ္ဘာကျော်တယ်။ အသိအမှတ်ပြုခံရတဲ့ တက္ကသိုလ်။ နောက်တစ်ကျောင်းကတော့ ထိုင်းနိုင်ငံက တက္ကသိုလ်တစ်ခုနဲ့ ဒီတက္ကသိုလ်နှစ်ခုစလုံးဟာ အဆင့်တန်းရှိတယ်၊ အဆင့်အတန်းမီတယ်။

ပထမပွဲမှာတော့ ဘွဲ့ရကျောင်းသားတွေရယ်၊ မိဘတွေလည်းပါဝင်တယ်။ ကျွန်တော်က တာဝန်ကျေပွန်တဲ့ စီးပွားရေးပညာခေါင်းစဉ်နဲ့ မိနစ်သုံးဆယ်လောက် ဟောခဲ့တာ။ ဒုတိယပွဲမှာတော့ အချိန်ပိုယူခဲ့ရတယ်။ အမ်ဘီအေဘွဲ့အကြောင်း၊ ဘာကြောင့် တက်သင့်တယ်။ တက်ရင်ရမယ့် အကျိုးကျေးဇူး။ တက်ရင် ရင်ဆိုင်ရမယ့် အခက်အခဲ စိန်ခေါ်မှုတွေ။ ဒုတိယပွဲက ဟောပြောတဲ့ပုံစံဖြစ်တော့ မေးခွန်းတွေမေးကြတယ်။ ကျွန်တော်ကလည်း အတတ်နိုင်ဆုံးဖြေကြားခဲ့တာ။

ဒီအတွေ့အကြုံနှစ်ခုကိုသုံးသပ်ရင် ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်ကို သုံးသပ်ဆင်ခြင်မိတယ်။ အခုချိန်မှာ ပညာရေးဟာ စီးပွားရေးတစ်ရပ်ဖြစ်နေပြီ။ မူလတန်းကစပြီး ဘွဲ့လွန်အထိ ပုဂ္ဂလိကကဏ္ဍကစိမ့်ဝင်နေတာ။ ပညာရေးဝန်ဆောင်မှုဟာ စီးပွားရေးတွက်ခြေကိုက်တာကို သဘောပေါက်တာမို့ မူကြိုကတစ်ဆင့် ပါရဂူဘွဲ့အထိ ပုဂ္ဂလိကလုပ်ငန်းတွေအနေနဲ့ ဆောင်ရွက်လာခဲ့တယ်။

အခုလိုပညာရေးလုပ်ငန်းဟာ စီးပွားရေးတစ်ရပ်ဖြစ်လာခဲ့ရတဲ့ အကြောင်းရင်းကို သုံးသပ်တဲ့အခါ ဝယ်လိုအားနဲ့ ရောင်းလိုအားတို့ရဲ့ လွန်ဆွဲမှုတို့ကြောင့်ဖြစ်တယ်။ ပညာရေးဝန်ကြီးဌာနက ပေးနေတဲ့ဝန်ဆောင်မှုတွေကို အားမရတာမို့ ပုဂ္ဂလိကကဏ္ဍအတွက် အခွင့်ရေးဖြစ်လာတယ်။ အခုဆိုရင် ရန်ကုန်အပါအဝင် မြို့ကြီးတွေမှာ ပုဂ္ဂလိကသင်တန်းကျောင်းတွေ အများကြီးတည်ထောင်လာခဲ့တယ်။ မူကြိုအဆင့်က တက္ကသိုလ်ဝင်တန်းအဆင့်အထိ ပုဂ္ဂလိကကျောင်းတွေမှာ ထားတဲ့မိဘတွေဟာ ကလေးတွေ အထက်တန်းပညာပြီးဆုံးတဲ့အခါ ပြည်တွင်းမှာရှိတဲ့ တက္ကသိုလ်တွေ တက်လို့ အဆင်မပြေတာကို သိဖို့လိုအပ်တယ်။ ကလေးတွေကို နိုင်ငံခြား ပညာသင်နိုင်စွမ်း ရှိ မရှိ သုံးသပ်ဖို့လိုအပ်တယ်။ အထက်တန်းပညာပြီးရုံနဲ့ မဖြစ်သေးဘူး။ ဖွင့်လှစ်လာတဲ့ကျောင်းတွေ၊ ပေးနေတဲ့ဘွဲ့ဒီဂရီတွေဟာ အစစ်ဟုတ် မဟုတ်ဆိုတာ အလွန်အရေးကြီးတယ်။ နိုင်ငံခြားတက္ကသိုလ်ဆိုရုံနဲ့ မလုံလောက်ဘူး။ အခုတော့ ကြော်ငြာနေတာကိုကြည့်ရင် မရိုးသားတာတွေ့ရတယ်။ သိသိနဲ့လိမ်နေကြတာ။ ခက်တာကမိဘတွေနဲ့ ကျောင်းသား ကျောင်းသူတွေမှာ သတင်းအချက်အလက်တွေ မပြည့်စုံတော့ အဆုံးအဖြတ်တွေ၊ ရွေးချယ်မှုတွေ မှားနိုင်တာ။ အခုခေတ်မှာတော့ အချိန်ပြည့် ၂ နှစ်ကနေ ၃ နှစ်အထိလုပ်ရမှာ။ နောက်ဆုံးအပိုင်းကတော့ လုပ်တဲ့ သုတေသနတွေ့ရှိချက်တွေကို ကျမ်းကြီးပြုစုရတာ။ ဒါပေမယ့် ဒီကျမ်းကြီးပြုစုပြီး တင်ရုံနဲ့မဖြစ်သေးဘဲ။ ဒီကျမ်းကြီးကို နှုတ်ဖြေစာမေးပွဲနဲ့ အစစ်ခံရတယ်။ ဒီအပိုင်းသုံးပိုင်းမဖြတ်ကျော်တဲ့ ပါရဂူဘွဲ့ဟာတန်ဖိုးမရှိလှဘူး။

တစ်ခုတော့ရှိပါတယ်။ ဂုဏ်ထူးဆောင်ပါရဂူကတော့ တစ်မျိုး။ ဒီဘွဲ့က ပုဂ္ဂိုလ်တစ်ဦးရဲ့ ဆောင်ရွက်ချက်တွေအပေါ် အသိအမှတ်ပြုတာ။ ဒါကြောင့် ဒီပါရဂူဘွဲ့ကို (Granted) ပေးတဲ့ဘွဲ့လို့ သတ်မှတ်တယ်။ စောစောကပြောခဲ့တဲ့ ပါရဂူဘွဲ့ကတော့ (earned) ထိုက်ထိုက်တန်တန်ရခဲ့တာ။ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ရထားတဲ့သူဟာ ဒေါက်တာဘွဲ့တက်ခွင့် ရှိ မရှိ ဆိုတာကလည်း စဉ်းစားစရာ။ ထုံးစံအရ တက်လေ့မရှိကြဘူး။ ကျွန်တော် မြန်မာပြည်ပြန်ရောက်တော့ ထူးခြားတဲ့ ပါရဂူဘွဲ့တစ်မျိုးကို သိရတယ်။ ဒါကတော့ ဆရာ ဆရာမလုပ်သူဟာ ပါရဂူဘွဲ့ယူတဲ့သူ သုံးဦးကို ကြီးကြပ်ရင် အလိုလိုပါရဂူဘွဲ့ရတယ်။ အတော်လေးစဉ်းစားရခက်တဲ့ မူဝါဒတစ်ခု။ ဒါပေမယ့် တစ်ချိန်က ဒီလိုဘွဲ့ရတဲ့သူတွေ၊ ဘွဲ့ယူတဲ့သူတွေ ပညာရေးလောကမှာ အတော်များများ ရှိခဲ့တာ။ ဘယ်လိုစိတ်ကူးနဲ့လုပ်တဲ့အစီအစဉ်လည်း မသိဘူး။ လုပ်တဲ့သူတွေက ဘွဲ့လိုချင်လို့ ဖန်တီးလိုက်တာပဲဖြစ်တယ်။ ဒါပေမယ့် အခုလိုရထားတဲ့ ဒေါက်တာဘွဲ့တွေကိုလည်း ပြောင်းတပ်ထားကြတယ်။ အခုထိရှိနေတာ အံ့သြစရာပဲ။ ဒီမူဝါဒကို ရုပ်သိမ်းလိုက်တယ်လို့ ကြားရတယ်။ ဒါကြောင့် ရယ်စရာပြောဖြစ်သေးတယ်။ ကျွန်တော်က ပါရဂူဘွဲ့ခြောက်ခုကျော်ကြီးကြပ်ခဲ့တာမို့ ဒေါက်တာဘွဲ့နှစ်ခုရသင့်တယ်လို့ပြောမိတယ်။

ဒေါက်တာဘွဲ့ကို သိပ်ခုံမင်ကြတယ်။ ကျွန်တော်လည်း သိပ်ကြိုက်တယ်။ ချစ်တယ်။ ငယ်ငယ်တုန်းက ကျွန်တော်ဖြစ်ချင်တာ တစ်ခုတည်းရှိတယ်။ ဒါက ဒေါက်တာဘွဲ့ရဖို့ပဲ။ ဒါပေမယ့် စစ်မှန်တဲ့ ဘွဲ့ကိုသာ လိုချင်ခဲ့တယ်။ တစ်ခါတလေ စဉ်းစားလိုက်ရင် သိပ်မိုက်မဲတာလို့ ထင်မိတယ်။ ဒေါက်တာဘွဲ့ရဖို့ ဘွဲ့လွန်ဒီပလိုမာ ယူရတယ်။ မဟာသိပ္ပံဘွဲ့ယူရတယ်ဆိုပြီးမှ လေးနှစ်လောက် သုတေသနလုပ်ပြီး ကျမ်းကြီးတင်ခဲ့တာ။ အခုတော့ ငွေပေးလိုက်ရုံနဲ့ရနိုင်တာ။ ခက်တာက လိမ်တဲ့သူတွေက လိမ်မှာပဲ။ ဘွဲ့အတုတွေ ပေးမှာပဲ။ ခက်တာက အတုမှန်းသိရက်နဲ့ အစစ်လိုဟန်ဆောင်နေကြတာ။ ခက်တာက ယိုသူမရှက် မြင်သူရှက်နေရတဲ့အဖြစ်မျိုး။ အမှန်တော့ ဒေါက်တာဘွဲ့ဟာ ဂုဏ်မဟုတ်ဘူး။ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုခြင်းဖြစ်တယ်။

**ဒေါက်တာဘွဲ့ရဖို့ ဘွဲ့လွန်ဒီပလိုမာ ယူရတယ်။ မဟာသိပ္ပံဘွဲ့ယူရတယ်ဆိုပြီးမှ လေးနှစ်လောက် သုတေသနလုပ်ပြီး ကျမ်းကြီးတင်ခဲ့တာ။ အခုတော့ ငွေပေးလိုက်ရုံနဲ့ရနိုင်တာ။ ခက်တာက လိမ်တဲ့သူတွေက လိမ်မှာပဲ။ ဘွဲ့အတုတွေ ပေးမှာပဲ။ ခက်တာက အတုမှန်းသိရက်နဲ့ အစစ်လိုဟန်ဆောင်နေကြတာ။ ခက်တာက ယိုသူမရှက် မြင်သူရှက်နေရတဲ့အဖြစ်မျိုး။ အမှန်တော့ ဒေါက်တာဘွဲ့ဟာ ဂုဏ်မဟုတ်ဘူး။ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုခြင်းဖြစ်တယ်**

လူတိုင်းကိုင်တဲ့တယ်လီဖုန်းနဲ့တစ်ဆင့် ကျောင်းရဲ့အဆင့်အတန်း၊ ဘွဲ့ရဲ့အဆင့်အတန်းကို ချက်ချင်းသိနိုင်တယ်။ လိမ်လို့ရမှာ မဟုတ်ဘူး။ အင်တာနက်ကို ခေါက်လိုက်တာနဲ့ သိမှာ။ အတုလား၊ အစစ်လားဆိုတာကို သိနိုင်တယ်။

ကျောင်းအတုတွေရှိသလို ဘွဲ့အတုတွေကလည်း အများကြီးပဲ။ ပညာရေးအဆင့်အခြေခံမလိုဘဲ ဘဝအတွေ့အကြုံနဲ့ ပါရဂူဘွဲ့ရနိုင်တယ်ဆိုပြီး ဒေါက်တာဘွဲ့တွေကို ယူနေကြတယ်။ စာတမ်းတင်ပြီးမှရတယ်လို့ပြောပြီး စာတမ်းမပြနိုင်ကြဘူး။ အမှန်တော့ ပါရဂူဘွဲ့ရဖို့ဆိုရင် အပိုင်းသုံးပိုင်းလိုအပ်တာ။ တစ်ပိုင်းက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှု။ ကျွမ်းကျင်မှုကို မဟာဘွဲ့နဲ့တိုင်းလေ့ရှိတယ်။ ဒုတိယအပိုင်းက ပါရဂူဘွဲ့အတွက် သုတေသနလုပ်ငန်းဟာ မဖြစ်မနေလုပ်ရတဲ့ကိစ္စ။ အနည်းဆုံး

တော့ ဒေါက်တာဘွဲ့ဟာ ဂုဏ်မဟုတ်ဘူး။ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုခြင်းဖြစ်တယ်။

ဒါပေမယ့် ဒေါက်တာဘွဲ့ဟာ အစ၊ အဆုံးမဟုတ်ဘူး။ ဒေါက်တာဘွဲ့ရပြီးရင် သုတေသနတွေ ဆက်လုပ်ရမယ်၊ စာတွေရေးရမယ်၊ စာတွေသင်ရမယ်။ ဒါတွေမလုပ်ဘဲ ဘွဲ့ကိုလည်ပင်းမှာ ချိတ်ဆွဲရုံကတော့တန်ဖိုးမရှိလှဘူး။ ဒါကြောင့် ကျွန်တော်က မိဘတွေရော၊ လူငယ်တွေကိုပါ သတိပေးချင်တယ်။ အမှန်တရားကို ချစ်ကြပါ။ အတုအပကို ရှောင်ပါ။ ပညာရေးမှာ ဖြတ်လမ်းမရှိဘူး။ ဓာတ်လှေကား မရှိဘူး။ တစ်လှမ်းချင်းတက်ရမှာ။ တက်တဲ့အခါမှာလည်း ရောက်တာမရှိဘူး။ လျှောက်တာပဲရှိတာ။ ။

# မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးမှ ပြင်ဦးလွင်လမ်းပိုင်းအား လေးလမ်းသွား(ဒွေးလမ်း)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေ

**ပြင်ဦးလွင် အောက်တိုဘာ ၈**

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးသည် မန္တလေးမှ မူဆယ်-နမ့်ခမ်းအထိ ၂၉၈ မိုင် ၃ ဖာလုံရှိသည်။ ထိုလမ်း၏ လမ်းပိုင်းတစ်ခုဖြစ်သော မန္တလေး-ပြင်ဦးလွင်ကားလမ်း ၃၉ မိုင်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ယခု) လမ်းဦးစီးဌာန အိုရီရင်တယ်ဟိုင်းဝေးကုမ္ပဏီလီမိတက်သို့ B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်လွှဲပေးပြီး လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိသော ကားလမ်းဖြစ်သည်။

အဆိုပါကားလမ်းအား ကုမ္ပဏီအနေဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင်လမှစ၍ နိုင်လွန်ကတ္တရာလေးလမ်းသွားလမ်းမကြီးအဖြစ် ဆောင်ရွက်လျက်ရှိရာ အပြိုင်လမ်းများရှိသည့် လမ်းပိုင်းတွင် အတက်အဆင်းအတွက် တစ်ဖက်လျှင် ၁၈ ပေစီနှင့် တစ်ဖက်လျှင် လေးပေစီရှိသော ကျောက်အမာခံလမ်းပခုံးပါသည့် အကျယ် ၂၆ ပေကိုလည်းကောင်း၊ အသွားလမ်းပိုင်းအတွက် အကျယ် ၂၄ ပေနှင့် လေးပေစီပါရှိသော ကျောက်အမာခံလမ်းပခုံးပါရှိသည့် လမ်းအကျယ် ၃၂ ပေကိုလည်းကောင်း ဖောက်လုပ်လျက်ရှိသည်။

တံတားလုပ်ငန်းတွင် ပြင်ဆင်ချဲ့ရမည့် တံတားအစင်းပေါင်း ၁၃၉ စင်းရှိသည့်အနက် ယခုအခါ တံတားအစင်းပေါင်း ၃၄ စင်းကို ပေ ၄၀ အထိချဲ့၍ ပြန်လည်တည်ဆောက်ထားရှိပြီးဖြစ်သည်။ လမ်းပိုင်းတစ်ခုလုံးအား နိုင်လွန်ကတ္တရာလေးလမ်းသွား ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။ **ခရမ်း- စိုးမြင့်**



# လျှော်ဘေးအန္တရာယ် အသိပညာပေး

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံလျှော်ကော်မတီနာယက ဒေါ်လှလှအောင်က လျှော်ဘေးအန္တရာယ် အသိပညာပေးဟောပြောမှုကို အောက်တိုဘာ ၆ ရက်က ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ သရုပ်ပြသခြင်းများကို ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံး ရွှေဂုံတိုင်ဝန်ထမ်းအိမ်ရာမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများအား အဆိုပါရုံးခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက်က ရွှေကြာပင်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်မီးသတ်ဦးစီးဌာန တိုင်းဒုတိယမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်၊ ဒက္ခိဏခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းကို စက်တင်ဘာ ၁၁ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ (နေပြည်တော်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ။**

# ကုန်ဈေးနှုန်းတည်ငြိမ်မှုဖြင့် ငွေကြေးဝယ်နိုင်စွမ်းအား မြင့်မားရေးသို့

မောင်သန်းဝင်းရွှေ

**ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးနှုန်းများကို ဝယ်လိုအား (Demand) နှင့် ရောင်းလိုအား (Supply) တို့က ပြဋ္ဌာန်းပါသည်။ ထို့အတူ ငွေကြေးဟူသည် မည်သည့်စီးပွားရေးစနစ်တွင်မဆို စီးပွားရေးလုပ်ဆောင်ချက်အား ပြဋ္ဌာန်းနိုင်သည့် အခြင်းအရာတစ်ခုဖြစ်ပေသည်။ ထို့အတူ ငွေကြေးဆိုသည်မှာ ဖလှယ်ရေးကိရိယာ၊ ငွေစာရင်းယူနစ်၊ တန်ဖိုးသိုလှောင်ပေးသော အရာအဖြစ် ဆောင်ရွက်ပေးသော အရာဖြစ်သည်ကို လူတိုင်းသိရှိထားရှိသည်။ ငွေကြေးသည် အနာဂတ်ပေးချေမှုစံအဖြစ် ဆောင်ရွက်ခြင်းပြုသော လုပ်ဆောင်ချက်ရှိသည်ကိုမူ စူးစူးစိုက်စိုက်လေ့လာသူများသာ သိရှိကြပေသည်။**

ငွေကြေးကို ကိုင်ဆောင်ထားလိုသည့် အကြောင်းရင်းသုံးရပ်မှာ အပေးအယူကိစ္စများ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ အရေးပေါ်ကိစ္စများ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ဈေးကစားရန် ရည်ရွယ်၍လည်းကောင်း ကိုင်ဆောင်ထားတတ်ကြခြင်းဖြစ်ပေသည်။

အထွေထွေကုန်ဈေးနှုန်းများအဆင့်သည် အချိန်ကာလတစ်ခုအထိ ကျဆင်းလာခြင်းမရှိဘဲ စဉ်ဆက်မပြတ် တစ်သမတ်တည်း မြင့်တက်တည်တံ့နေသောအခြေအနေကို ငွေဖောင်းပွသည် (Inflation) ဟု ခေါ်ပါသည်။ တစ်နည်းဆိုသော အထွေထွေကုန်ဈေးနှုန်းတက်ခြင်းကို ငွေကြေးဖောင်းပွမှုဟု ခေါ်ဝေါ်နေကြခြင်းပင်ဖြစ်သည်။ ငွေစက္ကူများ ပေါ်များလာခြင်းသက်သက်ကို ငွေကြေးဖောင်းပွမှုဟူ၍ မယူဆသင့်ပေ။ ငွေစက္ကူပမာဏနှင့် စားသုံးကုန်ပစ္စည်းများ တန်ဖိုးဆက်စပ်မှုကို ချိန်ထိုးကြည့်မှသာလျှင် သိသာနိုင်ပေသည်။ ငွေဖောင်းပွမှုနှင့်အတူ ငွေကြေးကျုံ့မှု (deflation) လည်း ရှိပေသေးသည်။ အထွေထွေကုန်ဈေးနှုန်း ကျဆင်းနေခြင်းကို ငွေကြေးကျုံ့မှုဟု ခေါ်ဝေါ်ကြပေသည်။

ငွေကြေးဖောင်းပွမှုနှင့် ငွေကြေးကျုံ့မှုတို့သည် အထွေထွေကုန်ဈေးနှုန်းနှင့် ကာလရှည်တွင် စီးပွားရေးသီအိုရီသဘောအရ ဆက်စပ်နေပါသည်။ အခြေခံစီးပွားရေးပညာ သဘောတရားအရ ငွေကြေးပမာဏတိုးလျှင် စားသုံးသူတို့၏ ဝယ်လိုအားတိုးသောကြောင့် အထွေထွေကုန်ဈေးနှုန်းတက်သည်။ ငွေကြေးပမာဏကျဆင်းလျှင် စားသုံးသူတို့၏ ဝယ်လိုအား လျော့နည်းသောကြောင့် အထွေထွေကုန်ဈေးနှုန်း ကျဆင်းလာမည်ဖြစ်ပေသည်။ ငွေကြေးဖောင်းပွမှုရှိနေခြင်းကြောင့် အထွေထွေဈေးနှုန်းကို တက်စေသော်လည်း ငွေကြေးကျုံ့မှုရှိနေခြင်းသည် အထွေထွေဈေးနှုန်းထက် အမှန်ဝင်ငွေကို ကျဆင်းစေပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အထွေထွေလုပ်ခနှင့် အထွေထွေဈေးနှုန်းတို့သည် တက်ရန်လွယ်ကူသလောက် ကျဆင်းရန် ခဲယဉ်းခြင်းကြောင့်ဖြစ်သည်။ အကယ်၍ အထွေထွေလုပ်ခနှင့် အထွေထွေဈေးနှုန်းတို့ ကျဆင်းမည်ဆိုလျှင် စုစုပေါင်းဝယ်လိုအား တိုးတက်ကာ ငွေကြေးကျုံ့မှုကို လျော့နည်းပပျောက်နိုင်ပေသည်။

လုပ်ခနှင့် ဈေးနှုန်းသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်မှုကြောင့် ငွေကြေးဖောင်းပွမှုကို တိုးပွားကာ ဆိုးရွားလာမည်ဖြစ်ပေသည်။ အလုပ်လက်မဲ့များရှိခြင်းနှင့် မရှိခြင်းတို့မှာလည်း ငွေကြေးဖောင်းပွမှုတွင် ပါဝင်ပါသည်။ ငွေကြေးဖောင်းပွမှုသည် ပုံမှန်ဝင်ငွေ (Fixed Income) ရရှိသူများအဖို့ အမှန်ဝင်ငွေကျဆင်းကာ လူနေမှုအဆင့်ကို ကျဆင်းစေနိုင်ပါသည်။ ထို့ကြောင့် စားသုံးကုန်များ၏ တန်ဖိုးကို ဝင်ငွေနှင့်တူညီစေရန် ကြိုးပမ်းကြရာမှာ တစ်ဖက်တွင်လည်း လုပ်ခလစာတိုးပေးပြီး အခြားတစ်ဖက်တွင်လည်း ကုန်ဈေးနှုန်းကျဆင်းရေးကို ဦးတည်ကြိုးပမ်းခြင်းသာ အကျိုးရှိစေမည့် နည်းလမ်းဖြစ်သည်ဟု ကောက်ယူသုံးသပ်ရမည်သာဖြစ်သည်။

**လုပ်ခနှင့် ဈေးနှုန်းသည် တစ်ခုနှင့် တစ်ခု အပြန်အလှန်ဆက်စပ်မှုကြောင့် ငွေကြေးဖောင်းပွမှုကို တိုးပွားကာ ဆိုးရွားလာမည်ဖြစ်ပေသည်။ အလုပ်လက်မဲ့များရှိခြင်းနှင့် မရှိခြင်းတို့မှာလည်း ငွေကြေးဖောင်းပွမှုတွင် ပါဝင်ပါသည်။ ငွေကြေးဖောင်းပွမှုသည် ပုံမှန်ဝင်ငွေ (Fixed Income) ရရှိသူများအဖို့ အမှန်ဝင်ငွေကျဆင်းကာ လူနေမှုအဆင့်ကို ကျဆင်းစေနိုင်**

ငွေကြေး၏ ဝယ်နိုင်စွမ်းအား (Purchasing Power of Money) ကျဆင်းနေမှုရလဒ်အဖြစ် ကုန်ဈေးနှုန်းများ တရွေ့ရွေ့တရိပ်ရိပ်တိုးတက်လာသောဖြစ်စဉ်ကို ငွေကြေးဖောင်းပွမှုဖြစ်စဉ်ဟု သတ်မှတ်ကြပေသည်။ ကုန်ဈေးနှုန်းများ ခဏတိုးမြင့်ပြီး မကြာမီ ပြန်လည်ကျဆင်းသွားလျှင်သော်လည်းကောင်း၊ ကုန်စည်အမျိုးအစားတချို့၏ ဈေးနှုန်းမြင့်တက်



နေချိန်တွင် အခြားကုန်စည်အမျိုးအစားအုပ်စုအချို့၏ ဈေးနှုန်းကျဆင်းနေလျှင် ငွေဖောင်းပွမှုဟု မဆိုနိုင်ပေ။ ငွေဖောင်းပွမှုသည် ဝယ်လိုအား၊ ရောင်းလိုအားတို့ အားမမျှမှုကြောင့်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ၊ စီးပွားရေးတည်ငြိမ်မှုမရှိခြင်း၊ စီးပွားရေးစီမံခန့်ခွဲမှု မှားယွင်းနေခြင်းဖြစ်စေ၊ စီးပွားရေးစီမံခန့်ခွဲမှုတွင် စွမ်းဆောင်ရည်မရှိခြင်းနှင့် စီးပွားရေးပေါ်လစီ (Economic Policy) လက်တွေ့မကျခြင်းများကြောင့်လည်း ဖြစ်ပေါ်လေ့ရှိပေသည်။ အထက်ပါ ငွေဖောင်းပွမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းသုံးရပ်သည် နက်နဲကျယ်ဝန်းလှပြီး ကြောင်းကျိုးယှက်နွယ် ဆက်စပ်မှုများစွာ ပါနေတတ်ပေသည်။ မည်သည့်အကြောင်းရင်းကြောင့် ငွေဖောင်းပွသည်ဖြစ်စေ၊ ငွေဖောင်းပွမှုသည် စင်စစ်အားဖြင့် မတည်ငြိမ်သော ငွေကြေးဖြစ်ရပ် တစ်ခုဖြစ်သည်။ Inflation is a unstability monetary phenomenon) ဟု မျက်မှောက်ခေတ် ဘောဂဗေဒပညာရှင်များက ယူဆကြပေသည်။ တစ်နည်းဆိုရသော် ငွေကြေးအမြောက်အမြားက ကုန်စည်အနည်းငယ်နောက်သို့ လိုက်နေခြင်း (Too much money chasing too few goods) ဖြစ်သည်ဟုလည်း ဘောဂဗေဒပညာရှင် Milton Freidman က အနက်ဖွင့်ဆိုခြင်းပြုရခြင်း ဖြစ်သည်။ ဤတွင် ငွေကြေးပမာဏနှင့် ငွေလည်ပတ်မှုတို့ကို စနစ်တကျစီမံခန့်ခွဲ၍ သော်လည်းကောင်း၊ ငွေကြေးပြုပြင်ပြောင်းလဲမှုများ စနစ်တကျ ပြုလုပ်၍သော်လည်းကောင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားတို့ကို အားမျှအောင် ဆောင်ရွက်ပေးခြင်းဖြင့်သော်လည်းကောင်း ကုစားရမည့်အခြေအနေကို ဆိုက်ရောက်စေရန် ကုစားပေးရပေတော့သည်။

အထက်တွင်တင်ပြသော ကုစားချက်များတွင် အနာနှင့်ဆေး တွေ့ဖို့အထူးလိုသည်။ တစ်နည်းဆိုသော် ဖြစ်ရပ် (event)၊ အခြေအနေ (condition) တို့သည် ကုစားမည့် ပေါ်လစီ (Policy) နှင့် ကိုက်ညီရန်မှာ အထူးအရေးပါသော အကြောင်းရင်းဖြစ်ပေသည်။ ငွေကြေးဖောင်းပွခြင်းတွင် အဓိကဖြစ်ပေါ်ရခြင်းမှာ ဝယ်လိုအားဆွဲအားကြောင့်ဖြစ်သော ငွေကြေးဖောင်းပွမှု (Demand Pull inflation) ဟူသော အမျိုးအစားကို ကွက်ကွက်ကွင်းကွင်း ခွဲခြားစိတ်ဖြာတတ်မှသာ ငွေဖောင်းပွမှုပေါ်ပေါက်သော အရင်းအမြစ်ကို စနစ်တကျ ဖြေရှင်းခြင်းပြုနိုင်မည်ဖြစ်သည်။ စနစ်တကျ ဖြေရှင်းကြရာဝယ် ချမှတ်ထားသော ဘဏ္ဍာရေးစီမံကိန်း၏ ဘတ်ဂျက်ပေါ်လစီ (Budget Policy of Financial Plan) နှင့် နိုင်ငံရေးဘောဂဗေဒ (Political Economy) အမြင်များအား အခြေခံကျကျ သုံးသပ်မှသာ အားမျှခြေရှိသော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည်။ ယင်းအားမျှခြေရှိသော အဆုံးအဖြတ်သည် စီးပွားရေးတည်ငြိမ်မှုကို ဦးတည်သော ဖွံ့ဖြိုးမှုပေါ်လစီဖြစ်ပြီး နိုင်ငံရေးအခြေခံအရ ဆုံးဖြတ်သုံးသပ်ချက်တွင်မူ ညီညွတ်မှုနှင့် ငြိမ်းချမ်းရေးသည် မူလဘူတ အခြေအမြစ်ပင်ဖြစ်ပေသည်။ ဤတွင် မျက်မှောက်မြန်မာ့စီးပွားရေးစနစ်ဖွံ့ဖြိုးမှုကို တွန်းအားပေးနိုင်သည်မှာ "အမျိုးသားရင်ကြားစေ့ရေး" ဟူသော ပင်မမူဝါဒသည် အဓိကဖြစ်သည်။ ယင်းပင်မမူဝါဒ (Major Policy) ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ ပြည်ထောင်စုစီးပွားရေးသည် ပြည်ထောင်စုသားတိုင်းအတွက် မလွဲမသွေဖြစ်စေပြီး ကုန်ဈေးနှုန်းလှုပ်ရှားမှုကို လက်တွေ့ထိန်းချုပ်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပေမည်။ ထို့ကြောင့် မျက်မှောက်ကာလအတွက် ပင်မကြွေးကြော်သံဖြစ်သော "ပြည်သူနှင့်အတူ" ဟူသော ရည်မှန်းချက်အခြေခံမှုသည် လက်တွေ့ကျသော မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကသော့ချက်အဖြစ် သမိုင်းမော်ကွန်း ထိုးနိုင်မည်ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၏ အရေးပါသော အသုံးချစီးပွားရေးစာရင်းအင်းများကို အခြေခံကျကျသုံးသပ်ရပါက ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ငွေကြေးဖောင်းပွမှုနှုန်းအရ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၂ ဒသမ ၁၂ ရာခိုင်နှုန်းနှင့် နှစ်အလိုက်ငွေကြေးဖောင်းပွနှုန်းမှာ ၉ ဒသမ ၉၄ ရာခိုင်နှုန်းဖြစ်သည်။ ယင်းကိန်းဂဏန်းကို အခြေခံကျကျသုံးသပ်ရာဝယ် လက်ငင်းပေါ်ပေါက်နေသော ငွေကြေးဖောင်းပွမှုသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနည်းလမ်း (Public Administration Method) ဖြင့် တက်ညီလက်ညီကုစားပါက အချိန်တိုအတွင်း ဖြေရှင်းနိုင်မည့် အလားအလာကို ဆောင်နေပါသည်။

နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Frame Work-MTFF) ၏ မေခရို (Macro)၊ စီးပွားရေးညွှန်းကိန်း (Economic Indicators) များဖြစ်သည့် Real GDP Growth Rate (အမှန် GDP တိုးတက်နှုန်း)၊ Exchange Rate (နိုင်ငံခြားငွေလဲလှယ်မှုနှုန်း)၊ သွင်းကုန်တိုးတက်မှုနှုန်းများ Import Growth Rate ဖြင့် အားမျှခြေရှိသော စီးပွားရေးစီမံခန့်ခွဲမှုကို ဦးတည်သော အများကောင်းကျိုးပြုစီးပွားရေးအမြင် (Welfare Economic View) ဖြင့် ထိန်းချုပ်ဆောင်ရွက်မှုပြုပါလျှင် စီးပွားရေးတည်ငြိမ်ရေးသာမက ဆင်းရဲမှုလျှော့ချရေးကိုပါ အလိုအလျောက် အထောက်အပံ့ပြု၍ တက်ရိပ်ဆင်နေသော ကုန်ဈေးနှုန်းများ တည်ငြိမ်မှုမှသည် အများစိတ်ချမ်းသာမှုရှိသော ဈေးနှုန်းအဆင့်ကို မလွဲမသွေ ပြန်လည်ရောက်နိုင်မည်ဖြစ်သည်။

အထက်တွင် တင်ပြထားသော မေခရိုစီးပွားရေးတည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာခံနိုင်ရည်ရှိမှုကို အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်က ၂၀၁၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးယူရန် အတည်ပြုချက်သည် ကုန်ဈေးနှုန်းမြင့်တက်နေမှုအား လက်တွေ့ဖြေရှင်းပေးနိုင်သော ဆေးတစ်ခွက်အဖြစ် ပေါ်ထွန်းလာပြီဖြစ်သည်။ ထိရောက်မှုရှိသော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုတည်ဆောက်ရန် အဓိကရည်မှန်းချက်လည်းဖြစ်သည်။ ကမ္ဘာ့ဘဏ်က အတည်ပြုလိုက်သည့် အမေရိကန်ဒေါ်လာ သန်းနှစ်ရာချေးယူခွင့်ပြုမှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးတည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာခံနိုင်ရည်ရှိမှု ဖွံ့ဖြိုးရေးမူဝါဒ လမ်းစဉ်ချေးငွေ (Development Policy Operation) ဖြစ်၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် လိုအပ်သော စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် အရည်အသွေးမြင့်မားသော ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီနိုင်ရန်အတွက် ဘတ်ဂျက်အရင်းအမြစ်များ တိုးတက်လာစေရန် ရည်ရွယ်ထားခြင်းပင်ဖြစ်သည်။ ဤအခြေအနေတွင် ငွေကြေးဖောင်းပွမှုကို နည်းပါးပြီး ကုန်ဈေးနှုန်းကို တည်ငြိမ်အောင် ထိန်းထားနိုင်ပါမူ အရည်အသွေးမြင့်မားသော ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်မှာဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု တိုးတက်မှုဖြင့် အားလုံးပါဝင်နိုင်သည့် ဖွံ့ဖြိုးမှုကို တည်ဆောက်နိုင်မည် ဖြစ်ပေသည်။ စားသောက်ကုန်ဈေးနှုန်းနှင့် အခြေခံအသုံးစရိတ်မြင့်တက်လာပါမူ ဝင်ငွေနည်းမိသားစုများ ထိခိုက်ခံစားရဆုံးဖြစ်စေမည်ဖြစ်ပြီး ဈေးနှုန်းဖိအားသက်ရောက်မှုကို ထိန်းသိမ်းနိုင်ခြင်း၏ တုံ့ပြန်မှုဖြင့် ဝင်ငွေနိမ့်ကျသူများ အကျိုးကျေးဇူးရရှိစေရေးကို ဦးတည်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ယခုချေးငွေသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရည်ရွယ်သည့် ကမ္ဘာ့ဘဏ် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ (International Development Association) က ပေးအပ်သည့် ချေးငွေဖြစ်ပြီး ချေးငွေသက်တမ်းမှာ (၃၈) နှစ်ဖြစ်ကာ ခြောက်နှစ်ဆိုင်းငံ့ကာလ ရရှိမည်ဖြစ်ကာ အတိုးမဲ့ချေးငွေအမျိုးအစားဖြစ်သည်။ လက်ရှိစိန်ခေါ်မှုများဖြစ်သည့် ငွေကြေးဖောင်းပွမှု၊ ပြည်သူ့ကြွေးမြီခံနိုင်ရည်ရှိမှုနှင့် အစိုးရ၏ အသုံးစရိတ်နှင့် အခွန်ကောက်ခံမှုများ ထိရောက်မှုစသည်တို့ကို ဖြေရှင်းဆောင်ရွက်မည်ဖြစ်သည်။ ထို့အတူ အရည်အသွေးမြင့်မားသော ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီနိုင်ရန်အတွက် ဘတ်ဂျက်အရင်းအမြစ်များ တိုးတက်လာစေရန်လည်း ရည်မှန်းထားသည်။ စားသောက်ကုန်ဈေးနှုန်းနှင့် အခြေခံအသုံးစရိတ် မြင့်တက်လာပါက ဆင်းရဲသည့်မိသားစုများ ထိခိုက်ခံစားရဆုံးဖြစ်သည်နှင့်အမျှ ဈေးနှုန်းဖိအား သက်ရောက်မှုအား ထိန်းသိမ်းနိုင်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေရန် ရည်ရွယ်ချက်ဖြင့် ထုတ်ချေးသော ချေးငွေတစ်ရပ်ဖြစ်၍ ပြည်သူတစ်ရပ်လုံးအတွက် အားထားဖွယ်ရာဟု မှတ်ယူရပေမည်။ တစ်နည်းဆိုသော် နိုင်ငံတကာအလယ်၌ အံ့မခန်းတိုးတက်လာသော မြန်မာ့နိုင်ငံခြားဆက်ဆံရေး၏ အားသာမှုအကျိုးဆက်နှင့် ပြည်သူ့ရေးရာကို ပြည်သူက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရရှိလာခြင်း၏ အောင်မြင်မှုပင်ဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တွင် စီးပွားရေးစီမံခန့်ခွဲမှုများ ခေတ်မီတိုးတက်ရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အဓိကကျသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများပါဝင်သည်မှာ အထူးဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်။ ထို့ကြောင့် "တည်ငြိမ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်အထိရရှိအောင် အုပ်ချုပ်မှုယန္တရားနဲ့ မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေအတွက် မြန်မာနိုင်ငံရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေအပေါ် ကမ္ဘာ့ဘဏ်အနေနဲ့ ပါဝင်ကူညီခွင့်ရတဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်" ဟူ၍ ကမ္ဘာ့ဘဏ်၏ အရှေ့တောင်အာရှဒေသ ညွှန်ကြားရေးမှူး Ulrich Zachau ၏ ပြောကြားချက်သည် ခေတ်သစ်မြန်မာ့စီးပွားရေးသမိုင်းအတွက် အားတက်ဖွယ်ရာအဖြစ် မော်ကွန်းတင်ထားရမည်သာဖြစ်သည်။ ။



telenor
အသက်သာဆုံး
၁ မိနစ်
၁၀/-နဲ့
တယ်လီနောအချင်းချင်း
သာသာယာယာ
အမြဲအတူရှိသော တယ်လီနော
*979*10#

MAEX
MYANMAR AGRO EXCHANGE PUBLIC LTD.
မြန်မာ အက်ဂရိုအိတ်(စ်) ချိန်း ပတ်ဘလစ် လီမိတက်



တညင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်
အဆင့်မြင့် လက်ကားဈေးသစ်ကြီး

Developed by
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နှင့်
မြန်မာ အက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် တို့မှ
ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ပါသည်။

## တညင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်အဆင့်မြင့် လက်ကားဈေးကြီးတွင် ဆိုင်ခန်းများ စတင်ငှားရမ်းနိုင်ကြောင်း အသိပေးကြေညာခြင်း

မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက် (MAEX)နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့ အကျိုးတူပူးပေါင်း တည်ဆောက် အကောင်အထည် ဖော်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာတံတား နှင့် ပုလဲလမ်းထောင့်ရှိ တညင်းကုန်းလက်ကားဈေးကြီးတွင် သစ်သီးလက်ကားဈေးရုံ၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သုံး ဂေါ်ပစ္စည်းလက်ကားဈေးရုံနှင့် တောင်သူလက်လီရောင်း (Ground Market) ဈေးရုံကြီး (၃)ရုံရှိ ဆိုင်ခန်းပေါင်း (၅၆၀၀) တည်ဆောက်ပြီးစီးပြီး၊ မကြာမီဈေးစတင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ဈေးသစ်ကြီးတွင် ဆိုင်ခန်းများ ငှားရမ်း၍ လက်ကား ရောင်းချလိုသူများ (၉ - ၁၀ - ၂၀၁၇) ရက်နေ့မှ စတင်၍ မည်သူမဆိုလာရောက် လျှောက်ထား နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

အောက်တိုဘာလအတွင်း ဆိုင်ခန်းငှားရမ်းခွင့် လာရောက် လျှောက်ထားသူများအား ဈေးစတင်ဖွင့်လှစ်သည်မှ (၈) လ အထိ ဆိုင်ခန်းငှားရမ်းခ တစ်ဝက်နှုန်းဖြင့် လည်းကောင်း၊ အောက်တိုဘာလကုန်နောက်ပိုင်း ဆိုင်ခန်း ငှားရမ်းခွင့် လာရောက် လျှောက်ထား သူများအတွက် ဈေးစတင်ဖွင့်လှစ်သည်မှ (၆) လ အထိ ဆိုင်ခန်းငှားရမ်းခ တစ်ဝက်နှုန်းဖြင့် လည်းကောင်း အထူးလျှော့ဈေးဖြင့် ငှားရမ်းပေးသွားမည် ဖြစ်ပါသည်။

ဆိုင်ခန်းငှားရမ်းခြင်း အဆိုပြုလွှာလျှောက်လွှာများအား အောက်ဖော်ပြပါ နေရာများတွင် ဆက်သွယ်စုံစမ်းမေးမြန်း၍ လာရောက်ထုတ်ယူနိုင်ပါသည်။

(၁) မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ်လီမိတက်(MAEX)၊ ရုံးခန်းလိပ်စာ-အမှတ် ၂၆၂/၂၆၄၊ပြည်လမ်း၊ အခန်း (၀၄-၀၃)၊ ၄လွှာ၊ ဘလောက်(အေ)၊ ဒဂုန်စင်တာ(၁)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
တယ်လီဖုန်း -၀၁-၅၀၃၉၂၈၊ ၅၀၃၉၂၉

(၂) တညင်းကုန်းသစ်သီးဝလံ၊ဟင်းသီးဟင်းရွက်နှင့်ပန်းမန်အဆင့်မြင့်လက်ကားဈေးကြီး တည်ဆောက်ရေး လုပ်ငန်းစီမံကိန်းရုံး၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်း ထောင့်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်။ ။အရင်ဦးစွာ ဆိုင်ခန်း လာရောက်လျှောက်ထားသည့် အစီအစဉ်ပေါ် မူတည်၍ ဆိုင်ခန်းနေရာများ ဦးစားပေး ချထားပေးပါမည်။

ဒါရိုက်တာအဖွဲ့
မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် (MAEX)

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?
Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?
ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?
ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြပါစို့ !







IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည် " Only One School in Myanmar "

## IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်

Japan Style Education
System Creator Course ( 2 years Course )
2017 ခုနှစ်
December Intake တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ

METRO
IT & Japanese Language Centre

IT Course Seminar ( ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ )

Date : 15th - October - 2017 ( Sunday )
Time : 1:00 pm to 3:00 pm
Place : Metro IT & Japanese Language Centre

Seminar လာရောက်ကြသော ကျောင်းသား၊ကျောင်းသူများအတွက် IT နည်းပညာနှင့်ပတ်သက်သော Free Trial Lecture များကိုလည်း တက်ရောက်သင်ယူနိုင်ရန် စီစဉ်ထားရှိပါသည်။
စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင် စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

01-372691, 01-372610, 09-976334160
Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
www.facebook.com/metrogroupmyanmar

## ဖြည့်စွက်ဖတ်ရှုပါရန်

၈-၁၀-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)တွင် ဦးလှမြင့်(၇၉)နှစ် နာရေးကြော်ငြာတွင် ဦးရဲထွဋ်မြင့်-ဒေါ်ဝင်းဝင်းခိုင်၊ ဦးဆန်းထွဋ်မြင့်-ဒေါ်အုန်းရင်တို့၏ဖခင်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမြင့်မွန် ၂/လကန(နိုင်)၀၆၃၁၇၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၃၃၇၇၇၈

## ပျောက်ဆုံးကြောင်း

ကျွန်မ ထီးခူဖော ၂/ဒမဆ(နိုင်)၀၄၂၈၈၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် ပီတယ် ၂/ဖရဆ(နိုင်)၀၁၉၂၈၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၁၃၀၃၃၃၀

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/7166 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## သားအဖြစ်မှ စွန့်လွှတ်ခြင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရွှေဘိုမြို့၊ (၃)ရပ်ကွက်၊ ဈေးတန်းရပ်နေ(ဦးသိန်းဇော်)-ဒေါ်တင်မာတိုး ၅/ရဘန(နိုင်)၀၀၉၄၈၆ တို့၏သား မောင်သီဟ ၅/ရဘန(နိုင်)၁၆၆၈၅၉သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်ဖြစ်သူကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူသဖြင့် ယနေ့မှစ၍ ၎င်းအား သားအဖြစ်မှ အသိအမှတ် မပြုပါကြောင်းနှင့် အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့် ပတ်သက်သည့် အကြောင်းကိစ္စအဝဝကို လုံးဝတာဝန်ယူမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်မာတိုး

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်
စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်စိန်

အသက်(၈၈)နှစ်

တောင်ငူတက္ကသိုလ် ဥပဒေပညာဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဒေါ်ခင်ခင်ရီ၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်စိန် အသက်(၈၈)နှစ်သည် ၇-၁၀-၂၀၁၇ရက် (စနေနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်
ဒုတိယပါမောက္ခချုပ်
ပါမောက္ခ(ဌာနမှူးများ၊ ပါမောက္ခများ၊
ဆရာ/ဆရာမများနှင့် သင်ကြားစီမံ
အရာထမ်း၊ အမှုထမ်းများအားလုံး
တောင်ငူတက္ကသိုလ်

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရှုကြည်(ခ)ဒေါ်ခင်ရှုပ

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မာဃလုလင်လမ်း၊ အမှတ် ၇၅၅ နေ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းမောင်(ငြိမ်း) DSA အမှတ်စဉ်(၁၅)၏ ချစ်လှစွာသောဇနီး၊ ရှမ်းတဲ လေတပ်စခန်းဌာနချုပ်နေ ဒုတိယဗိုလ်မှူးကြီးဝင်းမော်-ဒေါ်သီရိမေစိုး၊ ရန်ကုန်မြို့နေ ဗိုလ်မှူးပိုင်စိုး(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး၊ အခွန်ဦးစီးဌာနမှူးရုံး)-ဒေါ်သန္တာဝင်း၊ ရန်ကုန်မြို့နေ ဗိုလ်မှူးအောင်ဇော်မြင့်(ငြိမ်း)-ဒေါ်အိအိမောင်တို့၏မိခင်၊ မရွှေရတီဝင်း၊ မောင်စွမ်းထက်ပိုင်စိုးတို့၏ အဘွားသည် ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၄း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရှုကြည်(ခ)ဒေါ်ခင်ရှုပ

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မာဃလုလင်လမ်း၊ အမှတ် ၇၅၅နေ ဗိုလ်မှူးပိုင်စိုး(ငြိမ်း) [ဒုတိယညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး၊ အခွန်ဦးစီးဌာနမှူးရုံး]-ဒေါ်သန္တာဝင်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်ရှုကြည်(ခ)ဒေါ်ခင်ရှုပ အသက်(၆၆)နှစ်သည် ၈-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးနှင့်
ဝန်ထမ်းများ

---

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်၅၊ နည်းဥပဒေ ၁ နှင့် ၅)

မန္တလေးခရိုင်တရားရုံးတော်

၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇၀

| | | |
|---|---|---|
| ဒေါ်ကျင်မြင့် | နှင့် | ၁။ ဦးကျော်ကျော်ဦး(ခ)ဦးကျော်ဦး |
| | | ၂။ ဒေါ်သန့်သန့်လှိုင် |
| တရားလို | | တရားပြိုင်များ |

ယခင်မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော် အနောက်ရပ်ကွက်၊ အကွက် ၃၆၇၊ ဇော်မင်းရပ်နေ (၁) ဦးကျော်ကျော်ဦး(ခ)ဦးကျော်ဦး (၂) ဒေါ်သန့်သန့်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ကာလတန်ဖိုးငွေကျပ် သိန်း ၄၀၀နှင့် နစ်နာကြေး ကုန်ကျစရိတ်ငွေ ကျပ်သိန်း (၁၀၀)တိတိ စုစုပေါင်း ကျပ်သိန်း(၅၀၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ်၊ အောက်တိုဘာ ၂၅ရက်(၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ စက်တင်ဘာ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဒေါ်လှမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊သာသနာ့ရိပ်သာရပ်ကွက်၊စမ်းရေတွင်းလမ်း၊အမှတ်(၃၄ဒီ-၁)တည်ရှိရာဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၅အီး၁)၊မြေကွက်အမှတ်(၅၉ပီ၂)၊ဧရိယာ(၀.၁၂၇)ဧက၊ဒေါ်တင်တင်အမည်ပေါက်၊မြေအမျိုးအစားဂရန်ရှိမြေပိုင်မြေ၏တရားဝင်မခွဲစိတ်ရသေးသော(၂၇/၁၆×၇၉/၈၄)ပေ=၀.၀၄၀ ဧကအစိတ်အပိုင်းကိုရန်ကုန်တိုင်းတရားရုံးတရားမကြီးမှုအမှတ်-၁၄၅၂/၂၀၀၀၏(၂၂-၁-၂၀၀၅)နေ့စွဲပါစီရင်ချက်နှင့်ဒီကရီ၊တိုင်းတရားရုံး၏တရားမကြီးမှုအမှတ်-၁၄/၂၀၀၈၏(၂-၁-၂၀၀၉)နေ့စွဲပါစီရင်ချက်နှင့်ဒီကရီ၊တရားမဇာရီမှုအမှတ်-၁၀၂/၂၀၁၁၏(၂၅-၅-၂၀၁၆)နေ့စွဲပါတရားရုံးနေ့စဉ်မှတ်တမ်းနှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၁၇၆၁/၂၀၁၇အရဝယ်ယူရရှိသူဒေါ်ဖြူဖြူဝင်း(၁၂/ကမရ(နိုင်)၀၁၀၀၄၄)မှတစ်ဖက်သတ်မြေကွက်ခွဲရန်မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ဒေါ်ခင်နု (ကနီ)

အသက်(၉၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နေ (ဦးဘတိုး-ဒေါ်ခင်မိုး)တို့၏ သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ(ရှေ့နေဦးလင်း-ဒေါ်စိမ်းရင်) တို့၏သမီးချွေးမ၊ (ဦးကိုကိုကြီး၊ ထောင်မှူး)၏ ချစ်လှစွာသောဇနီး၊ (ဦးဘလှ-ဒေါ်ခင်ထွေးကြည်)၊ [ဦးသန်းဟန်(ယာဉ်စက်)-ဒေါ်သိန်းသိန်း]၊ ဦးသန်းစိန်(လ၀ကမှူး၊ ငြိမ်း)-ဒေါ်ခင်ဥ၊ (ဗိုလ်ကြီးခင်မောင်ဦး)-ဒေါ်ခင်ရှု၊ ဦးမြင့်သိန်း-ဒေါ်ခင်စုစုတို့၏အစ်မသည် ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်နု (ကနီ)

အသက်(၉၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နေ (ဦးဘတိုး-ဒေါ်ခင်မိုး)တို့၏ သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ(ရှေ့နေဦးလင်း-ဒေါ်စိမ်းရင်) တို့၏သမီးချွေးမ၊ (ဦးကိုကိုကြီး၊ ထောင်မှူး)၏ ချစ်လှစွာသောဇနီး၊ ဦးသိန်းထွဋ်-ဒေါ်မြတ်မြတ်သင်း(မမော်လီ)၊ ဦးအောင်မျိုးဦး-ဒေါ်ခင်သစ်လွင်(ပုသိမ်တိုင်းစိုက်ပျိုးရေး)၊ ဦးဘုန်းလွင်(တပ်မတော်-ရေ၊ငြိမ်း)-ဒေါ်ခိုင်မာဦး၊ ဗိုလ်မှူးချုပ်အေးလွင်-ဒေါ်သီတာဆက်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်နု(ခ)လင်ဂျင်ရီ

အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ နံယောကျေးရွာနေ (ဦးငတီ-ဒေါ်သန်းညွန့်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကညွတ်ကွင်းမြို့နေ (ဦးစိန်ထွန်း-ဒေါ်ကျင်မှီ)တို့၏သားသမက်၊ ဒေါ်ကျင်ရင်၊ ဒေါ်မူကင်းတို့၏မောင်၊ (ဦးလင်းဝေ)၏ညီ၊ ဒေါ်ကြွေရင်၊ ဦးထွန်းအောင်၊ ဒေါ်ခင်ခင်၊ ဦးအောင်မင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တိုက် ၅၊ အခန်း ၂၈၊ တော်ဝင်အိမ်ရာနေ ဒေါ်လှလှ၏ခင်ပွန်း၊ ဦးမန်ဖတ်-ဒေါ်ဖြူသဲနု၊ ဦးဟိန်းချင်း-ဒေါ်ဆွေဇင်နု၊ ဦးကျော်သူရအောင်-ဒေါ်အောင်ကြူကြူ၊ ဦးအောင်ချစ်မင်း-ဒေါ်နွေးနွေးချစ်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၆-၁၀-၂၀၁၇ရက် (သောကြာနေ့)နံနက် ၈း၃၀နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

## အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပြင်ဦးလွင်မြို့နယ်တရားရုံးတော်၌

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၄ နှင့် ဆက်သွယ်သည့်

၂၀၁၇ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၈

| | | |
|---|---|---|
| ဦးဝင်းဆွေ | နှင့် | ၁။ ဒေါ်ကြူကြူ |
| | | ၂။ ဦးစိုင်းလီ |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ အမှတ် (ခ-၁၃၂)နေ တရားရှုံး (၁)ဒေါ်ကြူကြူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဝင်းဆွေက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် အောက်တိုဘာ ၂၄ရက်(၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ်အောက်တိုဘာ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းသီရိရွှေ)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြင်ဦးလွင်မြို့နယ်တရားရုံး

---

## အမွေစားအမွေခံ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၂၄လမ်း၊ အမှတ်(၈၂၇/ခ)နေ ဒေါ်ဆာရာဆူး ၁၂/ဥကတ(နိုင်) ၁၁၄၉၂၉၏သား မောင်ကျော်ဇေယျ(ခ)မောင်စိန်ဝင်း ၁၂/ဥကတ(နိုင်) ၁၆၄၇၇၄သည် ဆွေမျိုးနှင့် မိဘများ၊ ညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ၁၅-၆-၂၀၁၇ရက်တွင် အမွေစားအမွေခံသားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ထားခြင်းဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်ပြီးဖြစ်ပေါ်လာသော မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင် ဒေါ်ဆာရာဆူး

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစောရှိန်

အသက်(၈၂)နှစ်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ရတီလမ်းမကြီး၊ ရွှေနှင်းဆီလမ်းသွယ်(၆)၊ အမှတ် ၃၁၅၈၇နေ (ဦးမောင်တင်-ဒေါ်လှကင်း)တို့၏သား၊ (ဦးရွှေလှိုင်-ဒေါ်ငွေယုံ)တို့၏သားသမက်၊ ဒေါ်တင်နု၏ခင်ပွန်း၊ ဦးအေးခင်-ဒေါ်စန်းစန်းကြည်၊ ဦးလှိုင်စိုး-ဒေါ်စန်းစန်းငွေး၊ (ဦးတင့်လွင်)-ဒေါ်ရီရီဝင်း၊ (မောင်သိန်းဇော်)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၇-၁၀-၂၀၁၇ရက် (စနေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၃၀နာရီတွင် (ခုတင်-၁၀၀၀)ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁၀-၂၀၁၇ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝေလွင် (ပေါင်/ကျွဲခြံ)

အသက်(၇၈)နှစ်

(ဦးစံဖေ - ဒေါ်လှကြည်)တို့၏သား၊ (ဦးတင့် - ဒေါ်သင်းကြွေ)၊ (ဦးစိုးဟန်-ဒေါ်သောင်းရင်)တို့၏သားသမက်၊ ဦးမြင့်ခိုင်(Uniteam)-ဒေါ်စောစောထွန်း၊ ဦးတင်မောင်သွင်(SANTI ENGINEERING Co.,Ltd)-ဒေါ်ရည်မွန်သန့်တို့၏ဖခင်၊ မောင်သီဟန်သွင်( X သဇင်) အထက(၂)ဗဟန်း၊ မောင်စောရဲထက်( VII သဇင်) အထက(၂)ဗဟန်းတို့၏အဘိုး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၅လမ်း၊ အမှတ် ၇၂ (A)၊ သုံးလွှာနေ ဒေါ်မြရီ(ငြိမ်း၊ အထက-၃၊ လှိုင်)၏ခင်ပွန်းသည် ၈-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁၀-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ကျင်(ခ)တန်ကုတ်ကျင် (မအူပင်မြို့)

အသက်(၇၇)နှစ်

မအူပင်မြို့နေ (ဦးပို့စွမ် - ဒေါ်ဖြတ်ဟာ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသောင်း)-ဒေါ်ကြည်လှိုင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ် ၁၁၅နေ ဒေါ်အေးအေးမြိုင်၏ခင်ပွန်း၊ ကိုကျော်မျိုးထွန်း(ခ)ကိုအောင်သန်းဦး၊ မတင်ဇာဖြိုးတို့၏ဖခင်သည် ၇-၁၀-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၅၂လမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၇ရက် (သောကြာနေ့) နံနက်တွင် အထက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးရန်နိုင် (ငြိမ်း)

ကြည်း-၁၀၃၁၁/ OTS - ၃၁

မထသ ကော်မတီဝင်(ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၃)လမ်း၊ အမှတ် ၂၅၂နေ ဒေါ်နွဲ့နွဲ့၏ချစ်လှစွာသောခင်ပွန်း၊ (သီရိပျံချီ ဦးအောင်သန်း-ဒေါ်ခင်သန်းမြင့်)တို့၏သား၊ (ဦးသိမ်းမောင်-ဒေါ်ကျင်)တို့၏သားသမက်၊ (ဦးဇော်နိုင်)-ဒေါ်ခင်ထွေး၊ ဦးကိုကိုခိုင်၊ Judith Khaing၊ ဦးသက်နိုင်၊ ဦးဝင်းမိုး-ဒေါ်ဝါဝါဝင်းလှိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၈-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၇ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအေးမောင် (ပြည်မြို့)

(ကားဘော်ဒီလုပ်ငန်း၊ ပြည်မြို့)

အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ ဦးဆန်းတင့်အောင်-ဒေါ်မြင့်မြင့်ရီ၊ မန္တလေးမြို့နေ ဦးနေမျိုးအောင်-ဒေါ်ဇင်အေးခက်၊ (ဦးမျိုးသက်ထွန်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ရွှေလီရတနာလမ်း၊အမှတ် ၂၁၂နေ ဒေါက်တာရန်နိုင်အောင်(လက်ထောက်ဆရာဝန်-ကလေး၊ လားရှိုးပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်၊ မအိမ်လင်းသူ၊ မောင်ဘုန်းမြင့်မြတ်တို့၏အဘိုး၊ ဒေါ်တင်တင်ဦး၏ချစ်လှစွာသောခင်ပွန်းသည် ၇-၁၀-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁း၃၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ကြာကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၀-၂၀၁၇ရက် နံနက် ၈နာရီတွင် လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ ရွှေလီရတနာလမ်း၊ အမှတ် ၂၁၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဦးသန်း

အထက်တန်းပြ(ငြိမ်း)၊ B.Ed(၁၉၇၉)

အသက်(၆၃)နှစ်

ပညာရေးတက္ကသိုလ်(၁၉၇၄-၁၉၇၉)ပညာသင်နှစ်တွင် ပညာအတူသင်ယူခဲ့သည့် သူငယ်ချင်း ဒေါ်ခင်ဦးသန်းသည် ၇-၁၀-၂၀၁၇ရက် (စနေနေ့)၌ ကွယ်လွန်ကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

B.Ed (၁၉၇၉)-သူငယ်ချင်းများ

## အနောက်တောင် မုတ်သုံလေ ဆုတ်ခွာ

**နေပြည်တော် အောက်တိုဘာ ၈**
လွန်ခဲ့သော ၂၄ နာရီ အတွင်းက အနောက်တောင် မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီး ဖြစ်သည်။
(မိုး/ဇလ)

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ထောက်ခံပွဲ မကွေးမြို့၌ ကျင်းပ** စာ ➢ ၅

**မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်း အောက်တိုဘာ ၁၀ ရက်တွင် ယှဉ်ပြိုင်မည်** စာ ➢ ၁၃

**ဝန်ကြီးချုပ် မာကယ်နှင့် ဥရောပကော်မရှင် ဥက္ကဋ္ဌတို့ ကက်တလိုနီးယားအရေး ဆွေးနွေး** စာ ➢ ၁၄



ကရင်ပြည်နယ် ဘားအံမြို့ သံလွင်မြစ်ကမ်း၏ အလှ

# ကရင်ပြည်နယ် ငြိမ်းချမ်းရေးဖွံ့ဖြိုးလာခြင်းနှင့်အတူ ခရီးသွားလာမှုပိုမိုမြင့်တက်လာ

**သတင်း-မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)၊ ဓာတ်ပုံ-ဖြိုးဝေဆက်**

**ဘားအံ အောက်တိုဘာ ၈**
ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်နှင့်အတူ ကုန်းလမ်းခရီးဖွံ့ဖြိုးလာကာ ဒေသတွင်း လူမှုစီးပွား၊ ကျန်းမာရေး၊ ပညာရေး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ဖြင့် မြင့်တက်လာသည်။ ရေမြေသဘာဝပတ်ဝန်းကျင် အခြေခံကောင်းများဖြင့် ပြည့်စုံသော ကရင်ပြည်နယ်အတွင်း ပြည်တွင်း ပြည်ပခရီးသွားလာမှုမှာလည်း သိသိသာသာမြင့်တက်လာခဲ့သည်။

ကရင်ပြည်နယ်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွားလာမှုမြင့်လာခြင်းကြောင့် ယခင်ကာလများထက် ဟိုတယ်နှင့်တည်းခိုခန်းများ ပိုမို၍ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာခဲ့ကြသည်။

၂၀၁၆ ခုနှစ်အတွင်း ကရင်ပြည်နယ်သို့ ပြည်ပခရီးသွားဝင်ရောက်မှု ၁၅၉၀၀၀ ရှိခဲ့ပြီး ပြည်တွင်း ခရီးသွားလာမှု ၅၇၄၀၀၀ ကျော်အထိရှိခဲ့ကြောင်း၊ ယခု ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ ပြည်ပခရီးသွား ၁၅၆၀၀၀ နှင့် ပြည်တွင်းခရီးသွားလေ့လာသူ ၃၇၄၀၀၀ ကျော်အထိရှိလာကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးရုံး ဘားအံရုံးခွဲမှ သိရသည်။

ထို့ကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားလာမှုမြင့်တက်လာခြင်းကြောင့် ၂၀၁၆ ခုနှစ်တွင် ဘားအံမြို့နယ်အတွင်း ဟိုတယ် အလုံး ၂၀ ဖွင့်လှစ်လုပ်ကိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၂၃ လုံးအထိ တိုးချဲ့ဖွင့်လှစ် လုပ်ကိုင်လာသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✢



# အင်းလေးဖောင်တော်ဦး စံကျောင်းတော်ဝင်ပွဲမင်္ဂလာနှင့် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ကျင်းပ

**စိုင်းအယ်ဘဲ(ညောင်ရွှေ)**

**ညောင်ရွှေ အောက်တိုဘာ ၈**
ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ် လေးဆူသည် သီတင်းကျွတ်လဆန်း(၁)ရက်နေ့မှစတင်၍ အင်းလေးဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ယနေ့ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့တွင် ရေသာကျေးရွာမှ မူလစံမြန်းတော်မူရာ နမ့်ဟူးရတနာစံကျောင်းတော်သို့ ပြန်လည်ကြွချီ၍ ကျောင်းတော်ဝင်ပွဲမင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက နမ့်ဟူးရတနာစံကျောင်းတော် မုခ်ဦး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ် ပထမအဆူကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် ဒုတိယအဆူကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့် တပ်မတော်အရာရှိကြီးများက လည်းကောင်း၊ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် တတိယအဆူကို ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှလည်းကောင်း၊ ဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ် စတုတ္ထအဆူကို

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻




CRYSTAL DIAMOND LIVESTOCK CO., LTD.
ရန်ကုန်- အမှတ် (စ/၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ဖုန်း) ၀၁-၃၆၈၃၁၆၆၊ ၃၆၈၂၀၈၇၊ ၃၆၈၂၉၆၅၊ ၃၆၈၂၉၈၅၊ ၀၉-၇၇၇၄၀၄၁၂၃၊ ၀၉-၇၇၇၄၀၄၁၃၂
မန္တလေး - အမှတ်(၁၂၃)၊ ၂၆ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး ။ ဖုန်း-၀၂ ၃၆၃၀၉၊ ၆၉၆၈၄၊ ၀၉-၂၅၉၂၈၁၇၄၇